မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၂၀)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

အဘိဓမ္မာအခါတော်နေ့ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် စည်ကားများပြား

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့သည် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဖြစ်သည့်အားလျော်စွာ နေပြည်တော်တစ်ခွင်ရှိ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများ၌ ကုသလပုညဆည်းပူးကြသူများဖြင့် စည်ကားသက်ဝင်လှုပ်ရှားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပရိဝုဏ်နှင့် လိုဏ်တော်အတွင်း၌ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မုဒြာစုံဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ပဉ္စမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၄၅) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသူ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပရိသတ်အပေါင်းတို့ကို စေတနာရှင်၊ ကုသိုလ်ရှင်များက စတုဒိသာကုသိုလ်အဖြစ် ရေသန့်ဘူးများ၊ အချိုရည်ဘူးများကို လာရောက်လှူဒါန်းပေးလှူကြသည်။

ထို့အတူ နေပြည်တော်ပျဉ်းမနားရှိ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရားများနှင့် နေပြည်တော်လယ်ဝေးရှိ ရန်အောင်မြင်ရွှေလက်လှဘုရား၊ နေပြည်တော်ရှိ ဓာတုစယစေတီတော်နှင့် မဟာမြတ်မုနိရုပ်ပွားတော်မြတ်၊ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် စသည့် စေတီပုထိုးများတွင်လည်း ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်သည့်ပရိသတ်များနှင့် စည်ကားများပြားလျက်ရှိနေသည်ကို တွေ့မြင်ရသည်။

သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား ဟောကြားတော်မူကာ လူ့ပြည်လူ့လောကသို့ ပြန်လည်ကြွချီတော်မူလာသည့်အဖြစ်ကို ရည်မှန်းကော်ရော်ဖူးမြော်ကြည်ညိုသောအားဖြင့် ဆီမီးများထွန်းညှိပူဇော်ကြခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ပူဇော်ကြခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းများကိုလည်း ပြုလုပ်ကြသည်။

ညပိုင်းတွင်လည်း နေပြည်တော်တစ်ခွင်ရှိ ဈေးများ၊ လူနေအိမ်ရာများ၊ ရုံးများနှင့်လမ်းများထက်တွင် ရောင်စုံမီးအလှများ ထွန်းညှိတပ်ဆင်ထားရှိကာ ဖြာဝေနေသည့် အလင်းရောင်များဖြင့် လွန်စွာပဏာရ တင့်တယ်လှပလျက်ရှိသည်ကို တွေ့မြင်ရသည်။

အလားတူ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၅ ခုနှစ် သီတင်းကျွတ်မီးထွန်းပွဲတော် ဆီမီးစေတီတော်များလှည့်လည်ပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ယမန်နေ့နှင့် ယနေ့လပြည့်နေ့တို့တွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

ယမန်နေ့ ညနေ ၅ နာရီက သီတင်းကျွတ်ဆီမီးစေတီများနှင့် ရောင်စုံမီးပုံးများ *စာမျက်နှာ ၇ ကော်လံ ၁* ❐

ရွှေတိဂုံစေတီတော်သို့ သီတင်းကျွတ်လပြည့်နေ့တွင် နံနက်အရုဏ်တက်ချိန်မှစ၍ ညပိုင်းအထိ ဘုရားဖူးလာပြည်သူများ အထူးစည်ကားများပြားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ပဉ္စမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၄၅) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

သ တင်း မာ တိ ကာ

ဒမတ်စကတ် သူပုန်ထိန်းချုပ်စခန်းများ စစ်တပ်ကပိတ်ဆို့ထား၍ အရပ်သားများ အငတ်ဘေးကြုံ *စာမျက်နှာ - ၄*

မြန်မာအလုပ်သမားများ၏ ယာယီနိုင်ငံကူး လက်မှတ်များပေးအပ် *စာမျက်နှာ - ၁၂*

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဥပဒေစကားဝိုင်း *စာမျက်နှာ - ၈ မှ ၉ အထိ*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စက်မှုကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်

ကျွန်ုပ်တို့နိုင်ငံတွင် ယခုအချိန်ကာလသည် နိုင်ငံနှင့်အဝန်းအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာရန် အားပေးဆောင်ရွက်နေချိန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာရန် အားပေးမြှင့်တင်ဆောင်ရွက်နေချိန် ဖြစ်ပါသည်။ ထိုအသေးစား၊ အလတ်စားနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာရန်ကား အဓိကလိုအပ်ချက်တစ်ရပ်မှာ စက်မှုကျွမ်းကျင်လုပ်သားများ အမြောက်အမြားမွေးထုတ်ပေးရန် လိုအပ်လာပါသည်။

စက်ရုံအလုပ်ရုံတစ်ခုတွင် အခြေခံလိုအပ်ချက်တစ်ခုမှာ အတတ်ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများပင်ဖြစ်ပါသည်။ အတတ်ပညာရှင်သည် သီအိုရီပိုင်းအရ စီမံကွပ်ကဲသူများဖြစ်ပြီး ကျွမ်းကျင်လုပ်သားများမှာမူ လုပ်ငန်း၏ အခြေခံအကျဆုံး အလုပ်များကို လုပ်ကိုင်ကြရသူများ ဖြစ်ပါသည်။ အရည်အသွေးမြင့်မားသော ထုတ်ကုန်များထုတ်လုပ်နိုင်ရန် ကျွမ်းကျင်လုပ်သားများ မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။ ယင်းစက်မှုကျွမ်းကျင်လုပ်သား အများစုကို ယခင်က အစိုးရစက်မှုလက်မှု အထက်တန်းကျောင်းများမှ မွေးထုတ်ပေးလျက် ရှိပါသည်။ ယင်းကျောင်းများမှာ မြို့နယ်အချို့တွင် ဆက်လက်တည်ရှိနေသော်လည်း ရန်ကုန်မြို့၌ ပိတ်ထားခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။ နတ်မောက်နှင့် ဘောင်ဒရီကျောင်းများသည် ယခင်က နိုင်ငံ့အတွက် အားထားရသော စက်မှုကျွမ်းကျင်လုပ်သားများ အများဆုံးမွေးထုတ်ပေးရာ ကျောင်းများဖြစ်ပါသည်။

သို့သော်လည်း နယ်မြို့ကြီးများတွင် ပြည်ပအကူအညီဖြင့် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် စက်မှုကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို အထိုက်အလျောက်ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ စက်မှုသင်တန်းကျောင်း (မြင်းခြံ)ကိုလည်း အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ပြည်ပအကူအညီဖြင့် ဖွင့်လှစ်ခဲ့သည့် စက်မှုသင်တန်းကျောင်း ခြောက်ခုရှိသွားပြီဖြစ်ပါသည်။ ၁၉၇၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ အကူအညီဖြင့် စက်မှုသင်တန်းကျောင်း(ဆင်တဲ)ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် တရုတ်နိုင်ငံ၏အကူအညီဖြင့် စက်မှု သင်တန်းကျောင်း(မန္တလေး)ကိုလည်းကောင်း၊ တတိယသင်တန်းကျောင်းအဖြစ် ကိုရီးယားသမ္မတနိုင်ငံ၏အကူအညီဖြင့် ၂၀၀၈ ခုနှစ်တွင် စက်မှုသင်တန်းကျောင်း (သာဂရ) ကိုလည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

အလားတူ ၂၀၀၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် စက်မှုသင်တန်းကျောင်း ပခုက္ကူကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် မော်တော်ယာဉ် စက်မှုအတတ်သင်ကျောင်း(မကွေး)ကို လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ အဆိုပါ ကျောင်းများ ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါ စက်မှုကျွမ်းကျင်လုပ်သားများစွာကို မွေးထုတ်ပေးနေပြီဖြစ်ပါသည်။ အစိုးရ စက်မှုလက်မှုအထက်တန်းကျောင်းများနှင့် စက်မှုသင်တန်းကျောင်းများမှ လိုအပ်သည့် အရည်အသွေးမြင့်မားသော စက်မှုကျွမ်းကျင်လုပ်သား အမြောက်အမြားကို မွေးထုတ်ပေးလာနိုင်သည်နှင့်အမျှ စက်မှုဇုန်များ၊ ပုဂ္ဂလိက အသေးစား၊ အလတ်စား လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာရေး အထောက်အကူဖြစ်မည့်အပြင် ပြည်ပသို့ကျွမ်းကျင်လုပ်သားများ စေလွှတ်ပြီး နိုင်ငံခြားငွေတိုးတက်ရှာဖွေရေးကိုလည်း တိုးမြှင့်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်များအောက်မှ (ဆောက်လုပ်ရေးအပိုင်း)၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု၊ ရန်ပုံငွေ (ပထမဦးစားပေး) အဆိုပြုထားသော ဆောက်လုပ်ရေးလုပ်ငန်းများကို စိစစ်ညှိနှိုင်းရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို ဖိတ်ကြား၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရာမှာ အသုံးစရိတ်များ ခြိုးခြံချွေတာရေး၊ ဖြစ်နိုင်သည့် ပိုလျှံငွေများ ပေါ်ထွန်းလာရေး၊ လေလွင့်ပြုန်းတီးမှုများ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးတို့ကို အထောက်အကူပြုစေရန် စိစစ်ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း၊ အမျိုးသားစီးပွားရေးမူဝါဒအရ စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်ဖြစ်ထွန်းစေမည့် စီးပွားရေး အဆောက်အအုံများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရေးအတွက် အထောက်အကူပြုမည့် လုပ်ငန်းများ၏ မတည်ရင်းနှီးမှုများနှင့် အသုံးစရိတ်များကိုသာ လျာထားကြရန်ဖြစ်ကြောင်း၊နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ရေးဆွဲရာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ နိုင်ငံတော်အဖွဲ့ အစည်းများမှ လမ်းညွှန်မှုချမှတ်ပေးထားသော လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လုပ်ငန်းများကို ဦးစားပေးညှိနှိုင်းရေးဆွဲရန် ဖြစ်ကြောင်း၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေများဖြင့် အကောင်အထည်ဖော်ရမည့်လုပ်ငန်းများရှိပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျခံသုံးစွဲမည့် ခန့်မှန်းအသုံးစရိတ်များကို ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မျက်စိဝေဒနာရှင်များ သွားရောက်ကုသ

သုံးခွ အောက်တိုဘာ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ဆေးရုံကြီးတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဩဂုတ် ၂၄ ရက်က မျက်စိဝေဒနာရှင်ပေါင်း ၃၉၇ ဦးကို အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး ခွဲစိတ်ရန် လိုအပ်သော မျက်စိဝေဒနာရှင် ၅၃ ဦးကို အောက်တိုဘာ ၁၉ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မျက်စိအထူးကုဆေးရုံကြီးတွင် အခမဲ့ ခွဲစိတ်ကုသပေးရန် အောက်တိုဘာ ၁၈ ရက်က ပါရမီ၊ အဓိပတိ ယာဉ်လိုင်းမှ ယာဉ်များဖြင့် မျက်စိဝေဒနာရှင် ၅၃ ဦးကို လာရောက်ကြိုဆိုပြီး သုံးခွမြို့ ပြည်သူ့ဆေးရုံကြီးမှ ရန်ကုန်တိုင်းဒေသကြီး မျက်စိအထူးကု ဆေးရုံကြီးသို့ ထွက်ခွာသွားကြောင်း သိရသည်။

ချစ်စရာ(သုံးခွ)

စာကြည့်တိုက်ဖွင့်ပွဲ စာပေဟောပြောမည်

နွားထိုးကြီး အောက်တိုဘာ ၁၉

နွားထိုးကြီးမြို့နယ် ပဲချက်အရှေ့ရွာတွင် အလှူရှင်ဘဝမီးအိမ် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပရန် စာကြည့်တိုက် ဖွင့်ပွဲကျင်းပရေး ကော်မတီက စီစဉ်နေသည်။

စာပေဟောပြောပွဲတွင် မန္တလေး စာရေးဆရာများဖြစ်ကြသော စာရေးဆရာ နေဝင်းမြင့်၊ ဦးဘုန်း (ဓာတု) နှင့် စာရေးဆရာမ ဒေါ်ခင်ခင်ထူးတို့က စာပေရေးရာများ ဟောကြားမည်ဖြစ်ရာ စာပေဝါသနာရှင်များ တက်ရောက်နိုင်ကြောင်း ကျင်းပရေးကော်မတီက ကြေညာထားကြောင်း သိရသည်။

ဌေးမြင့်

မြိတ်မြို့၌ ဈေးသူဈေးသားများအား အသေးစားချေးငွေထုတ်ချေး

မြိတ် အောက်တိုဘာ ၁၉

မြိတ်မြို့နယ် အောင်မင်္ဂလာရပ် အောင်မင်္ဂလာဈေး ဈေးသူဈေးသားများအား အသေးစား ချေးငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၇ ရက် ညနေ ၃ နာရီက အောင်မင်္ဂလာရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြိတ်မြို့နယ် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားသည်။ ယင်းနောက် ဈေးသူ ဈေးသားများအား အသေးစားချေးငွေများကို မြိတ်မြို့နယ် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဈေးသူဈေးသား ၁၂၅ ဦးအား ချေးငွေ ၁၂၅ သိန်း ထုတ်ချေးပေးခဲ့သည်။

အဆိုပါ ချေးငွေများသည် မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်မှ ချေးငွေများဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြတ်ပါရမီလူမှုကူညီရေးအသင်း ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ သဗ္ဗမင်္ဂလာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်၌ မြတ်ပါရမီ လူမှုကူညီရေးအသင်းက ကြီးမှူး၍ သုခသိဒ္ဓိရပ်ကွက်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းများ၊ မိသားစုများ စုပေါင်းကာ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်လှူဒါန်းကြသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက် ညဘက်တွင် ဆီမီးများလှူဒါန်းကြကာ ပန်းစေတီကိုတည်၍ သီတင်းကျွတ်လပြည့် နံနက်ပိုင်းတွင် အဆိုပါ ဆုတောင်းပြည့်စေတီတော်၌ ပန်းစေတီကို လှူဒါန်းကြသည်။ ယင်း လှူဒါန်းပွဲကို လူမှုကူညီရေးအသင်းက နိဗ္ဗာန်ဈေးလှူဒါန်းကြောင်းလည်း သိရသည်။ **ဦးမောင်(သဲကုန်း)**

ချိန်ခါမရွေး

သတိပေး

မီးဘေးကာင်းဝေးမှာ

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E.Mr.Vasily B. POSPELOV သည် ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ရုရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့် စပ်လျဉ်း၍ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လိုက်လျောညီထွေရှိစေခြင်း၊ လျော့ပါးစေခြင်းလုပ်ငန်းများပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအား ရုရှားနိုင်ငံတွင် လက်ခံသင်ကြားပေးရန်နှင့် သုတေသီပညာရှင်များစေလွှတ်၍ နည်းပညာအကူအညီအထောက်အပံ့ပေးရန် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ယခုအခါ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မူဆယ်-ရွှေလီ နယ်စပ်ဂိတ်ကိုလည်း ဝင်ထွက်မှု စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု၊ ခရီးသွားလုပ် ငန်းဖွံ့ဖြိုးမှုစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များက မူဆယ်-ရွှေလီနယ်စပ်ဝင်ထွက် ဂိတ်အား စနစ်တကျဖြစ်စေရေးနှင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် အချက်များ၊ ဝင်ထွက်သွားလာမှုလျင်မြန်ချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးအခြေအနေများ၊ ကုန်စည်ပို့ဆောင်မှုစနစ် ချောမွေ့လွယ်ကူစေရန် ဆောင်ရွက်ပေးရေးကိစ္စရပ်များကို အသီးသီးရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မြန်မာ - တရုတ်နှစ်နိုင်ငံ နယ်စပ် မူဆယ် - ရွှေလီ နယ် စပ် ဝင်ထွက်ဂိတ်အား စနစ်တကျ ဖြစ်စေရေးနှင့် လွယ်ကူလျင်မြန် စေရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❍ *ကျောဖုံးမှ*

Inline image 1 ယင်းကိစ္စအတွက် ချင်းပြည်နယ်အစိုးရထံ အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအနေဖြင့်လည်း ကြိုဆိုလက်ခံကြောင်း လားရင့်ချန်နာက ဆက်ပြောသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်အသီးသီးမှ ဆိုင်ကယ်သမားများစုဝေးရာ North East Riders တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ်ကစပြီး အိန္ဒိယနိုင်ငံ ဒေသအသီးသီးတွင် နှစ်စဉ်ကျင်းပလာခဲ့ကြရာ ယခုနှစ်တွင် မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းမြို့တွင် ကျင်းပကြမည်ဟု သိရသည်။

အဆိုပါ တွေ့ဆုံပွဲကျင်းပသည့်အချိန်တွင် အဖွဲ့၏ရည်ရွယ်ချက်ဖြစ်သော To Ride with Charity နှင့်အညီ မိဘမဲ့ဂေဟာတချို့တွင် အလှူဒါနပြုကြမည်ဟု သိရသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၏လုံခြုံရေးအထူးဂရုပြုဆောင်ရွက် ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတွင် ပါဝင်

နေပြည်တော် အောက်တိုဘာ ၁၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုင်းကျော်အုန်းသည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ရွှေနိုင်ငံ ဟိုတယ်၌ မန္တလေးဇုန်မှ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း၊ Tourism Police တို့မှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စုစုပေါင်းအင်အား ၈၅ ဦးတို့အား တွေ့ဆုံ၍ CCTV ကင်မရာများ တပ်ဆင်ထားခြင်း မရှိသေးသည့် ဟိုတယ်၊ ခရီးသွားရုံးဌာန၊ စားသောက်ဆိုင်များတွင် CCTV ကင်မရာများ တပ်ဆင်အသုံးပြုသွားရန် လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုပြုလိုက်နာဆောင်ရွက်ရန်၊ ကမ္ဘာလှည့်ခရီးသည်များ၏လုံခြုံရေးအား အထူးဂရုပြုဆောင်ရွက်ရန် ကိစ္စများကို ရှင်းလင်းမှာကြားခဲ့သည်။

အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ Royal Reward Resort ဟိုတယ်၌ ဟိုတယ်လုပ်ငန်းရှင် ၄၀ တို့နှင့် တွေ့ဆုံပြီး ပြင်ဦးလွင်မြို့သည် နိုင်ငံခြားဧည့်သည်များလာရောက်သော နေရာဖြစ်သဖြင့် လုံခြုံရေးအထူးဂရုပြုရန်၊ ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားသားဧည့်သည် ၁ ဒသမ ၀၆ သန်းဝင်ရောက်ခဲ့ပြီး ဝင်ငွေမှာ (GDP)၏ ၅ ရာခိုင်နှုန်းကျော် ရရှိခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲပြီး အဆိုပါ ပင်မစီမံကိန်းတွင် မဟာဗျူဟာ ခြောက်ခု၊ စီမံကိန်း ၃၈ ခု ပါဝင်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်း(၇)ရပ်တွင်ပါဝင်သဖြင့် ဟိုတယ်လုပ်ငန်းထိခိုက်စေရန် ဆောင်ရွက်မှုသည် နိုင်ငံတော်ကို ထိခိုက်စေမှုပင်ဖြစ်ကြောင်း မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ဆက်လက်၍မန္တလေးမြို့ Great Wall ဟိုတယ်၌ကျင်းပသော (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(မန္တလေး)၏ တည်းခိုရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အားကစားသမားများ၊ ဒိုင်လူကြီးများ၊ လေ့လာသူများ၊ မီဒီယာအဖွဲ့များနှင့် ဖိတ်ကြားထားသည့် အရေးကြီးပုဂ္ဂိုလ်များ တည်းခိုနေထိုင်ရေး ဆောင်ရွက်ပေးမည့် ဟိုတယ်ငါးလုံး၊ အရန်ဟိုတယ် ၁၅ လုံးမှ လုပ်ငန်းရှင်များ၊ မန်နေဂျာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဓါတ်ပုံ)**

(သတင်းစဉ်)

မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဟိုမိန်းမြို့၌ကျင်းပ

ဟိုမိန်း အောက်တိုဘာ ၁၉

လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲတွင် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၆ နာရီက ကျင်းပရာ မြို့ပေါ်ရှိ သံဃာတော်၊ ရှင်သာမဏေ ၉၄ ပါး ဆွမ်းအလှူခံကြွတော်မူကြသည်။

လောင်းလှူ

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့ပေါ်ရပ်ကွက်များမှ လာရောက်၍ ဆွမ်းဆန်၊ နဝကမ္မဝတ္ထုငွေနှင့်လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လောင်းလှူကြသည်။

ယခုကဲ့သို့ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူသည့် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဟိုမိန်းမြို့နယ်ခွဲ၌ နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

ရဲနောင်(iprd)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသ သတင်း
၇း၃၀ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ ကုဿသယအိုးနှင့် အရက်သမား
၈း၂၅ ချစ်သောဤကမ္ဘာမြေ
၉း၂၅ ချင်းပြည်နယ်ခရီးသွားမှတ်တမ်း (အပိုင်း-၂)
၉း၅၀ ပေါင်းစည်းဆောင်ရွက် အာဆီယံအနာဂတ်အတွက်
၁၀း၁၅ အခမဲ့ကူလီထမ်းခြင်းအကျိုး
၁၀း၄၅ သဘာဝအန္တရာယ်အသွယ်သွယ် ကူညီရန် မနေးကယ်ဆယ်ရေး (အပိုင်း-၂)

နေ့လယ်ပိုင်း

၁၁း၀၀ ဂီတတံခါးလေးဖွင့်ပါဦး
၁၂း၃၅ ဖြူ မည်းရုပ်ရှင် **ထမင်းဆီဆမ်းရွှေလင်ပန်းနဲ့** ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ နွဲ့နွဲ့မူ၊ ချိုပြုံး (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၄း၃၅ Analogue မှသည် Digital ဆီသို့

ညပိုင်း

၁၅း၁၅ **ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေစကားဝိုင်း (ပထမပိုင်း)**
၁၆း၁၅ **ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေစကားဝိုင်း (ဒုတိယပိုင်း)**
၁၈း၅၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် ကိုယ့်အထာနဲ့ကိုယ်
၁၉း၁၅ Launching Of Digital Broadcasting System
၂၁း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- တစ်မျက်နှာတစ်ကွက်စာ မေ့တတ်တယ် အေးအေးအောင်၊ ဇင်ဇင်ထူးနိုင်၊ ပြည့်ဖြိုး ဒါရိုက်တာ-မေတင် **(MMG)**
- ရင်ခုန်လက်ကမ်းတေးသစ်လမ်း

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်၊ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

(မိုး/ဇလ)

နိုင်ငံတကာသတင်း

ကာဇက်စတန်မားနတ် လေတပ်စခန်း၌ အမေရိကန်လေတပ်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အာဖဂန်မှ အမေရိကန်တပ်များရုပ်သိမ်းချိန် ရိုမေးနီးယားလေတပ်စခန်းကို ယာယီအသုံးပြုမည်

နယူးယောက် အောက်တိုဘာ ၁၉

အမေရိကန်တပ်များ အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာရာတွင် ရိုမေးနီးယားနိုင်ငံရှိ လေတပ်အခြေစိုက်စခန်းကို တစ်ထောက်နား ယာယီစခန်းအဖြစ် အသုံးပြုသွားရန် အမေရိကန်နှင့် ရိုမေးနီးယားနိုင်ငံတို့ သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ပင်တဂွန်၌ နှစ်နိုင်ငံတာဝန်ရှိသူများ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီးနောက် အဆိုပါသဘောတူညီချက်ကိုရရှိလိုက်ခြင်း ဖြစ်သည်။ ယင်းသဘောတူညီချက်အရ ကာဇက်စတန်မားနတ် အခြေစိုက်စခန်းမှ လေယာဉ်များကို ရိုမေးနီးယားနိုင်ငံက ဆင်းသက်ခွင့်ပြုရမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အမေရိကန်တို့ အာဖဂန်မှ ထွက်ခွာလာချိန် အသုံးပြုနေသော ကာဇက်စတန်မားနတ် လေတပ်စခန်းမှ လေယာဉ်များ ရိုမေးနီးယားသို့ တစ်ထောက်နားစခန်းအဖြစ် အသုံးချသွားမည်ဟုဆိုသည်။

ဝါရှင်တန်က ၂၀၁၄ ခုနှစ်အကုန်တွင် အာဖဂန်မှတပ်ဖွဲ့ဝင် ၅၂၀၀၀ ရုပ်သိမ်းသွားရန် စီစဉ်ထားသည်။ အမေရိကန်က အဆိုပါ သတ်မှတ်ရက် ရုပ်သိမ်းပြီးနောက် တပ်ဖွဲ့ဝင်အချို့ဆက်လက်ထားရှိရန် လိုလားလျက်ရှိသည်။ သို့သော်လည်း ယင်းကိစ္စအတွက် ကဘူးလ်အစိုးရနှင့် ဆက်လက်ဆွေးနွေးနေကြဆဲ ဖြစ်သည်။ **(ဘီဘီစီ)**

ရုရှားရှိစာသင်ကျောင်းတွင် အစာအဆိပ်သင့် ကလေးငယ် ၁၂၀ ကျော် ဆေးရုံတင်ခဲ့ရ

မော်စကို အောက်တိုဘာ ၁၉

ရုရှားနိုင်ငံ ပန်းမြို့တွင်းရှိ စာသင်ကျောင်းတစ်ကျောင်း၏ စားသောက်ဆိုင်မှ အစားအစာများစားခဲ့ကြပြီး ကလေးငယ် ၁၂၀ ကျော်နှင့် လူကြီး နှစ်ဦးတို့ အစာအဆိပ်သင့်ကာ ဆေးရုံတင်လိုက်ရကြောင်း အစိုးရရှေ့နေရုံးချုပ်က အောက်တိုဘာ ၁၈ ရက်၌ ပြောကြားသည်။ ယင်းရုံးချုပ်မီဒီယာထုတ်ပြန်ရေးဌာနက ဗုဒ္ဓဟူးနေ့မှ သောကြာနေ့အထိ အစာအဆိပ်သင့်၍ ဆေးဝါးကုသပေးရသူ ကလေးငယ် ၁၂၃ ဦးရှိပြီး ဆရာနှစ်ဦးရှိခဲ့ကြောင်း ပြောကြားသည်။ ကလေးငယ် ၂၆ ဦးကို ဆက်လက်ကုသပေးရမည်ဖြစ်ကြောင်း၊ ကလေးနှစ်ဦးအခြေအနေမှာ စိုးရိမ်ဖွယ်ကောင်းကြောင်း ကလေးဆေးရုံမှ ဆရာဝန်တစ်ဦးက သတင်းထောက်များကို ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ဘရာဇီးနိုင်ငံ၌ သကြားကုန်လျှောင်ရုံများ မီးလောင်

ဆန်တို့စ် အောက်တိုဘာ ၁၉

ဘရာဇီးနိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်း မီးလောင်ခဲ့သဖြင့် သကြားကုန်ကြမ်းတန်ချိန် ၁၈၀၀၀၀ မီးလောင်ဆုံးရှုံး သွားကြောင်း၊ ယင်းအတွက် နိုင်ငံတကာသကြားဈေးမြင့်တက်နိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါဆိပ်ကမ်းမီးလောင်မှုကို ခြောက်နာရီကြာအောင် မီးငြိမ်းသတ်ခဲ့ရကြောင်း ဆန်တို့စ်ဆိပ်ကမ်းအာဏာပိုင်များက ပြောသည်။ ယင်းမီးလောင်မှုကြောင့် သကြားကုန်လှောင်ရုံခြောက်ခု ဆုံးရှုံးသွားသည်။ ဘရာဇီးနိုင်ငံသည် ပြည်ပသို့ သကြားအများဆုံး တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ **(ဘီဘီစီ)**

ဒမတ်စကတ် သူပုန်ထိန်းချုပ်စခန်းများ စစ်တပ်ကပိတ်ဆို့ထား၍ အရပ်သားများအငတ်ဘေးကြုံ

ဒမတ်စကတ် အောက်တိုဘာ ၁၉

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်၌သူပုန်ထိန်းချုပ်သော ဆင်ခြေဖုံးများတွင် အရပ်သားများ ငတ်မွတ်ခေါင်းပါးမှု ကူညီပေးရေး သံတမန်များကို ချက်ချင်းဝင်ရောက် ခွင့်ပြုရန် အမေရိကန်က ဆီးရီးယားအစိုးရကို တိုက်တွန်းလိုက်သည်။

စစ်တပ်က လပေါင်းများစွာ လူအများအပြားကို ပိတ်ဆို့ထားသဖြင့် အစာရေစာနှင့်ဆေးဝါးများ လိုအပ်နေကြောင်း ဝါရှင်တန်က ပြောသည်။

ဆီးရီးယား ကလေးငယ်တစ်ဦး

သမ္မတ ဘရှားအယ်လ်အာဆတ်နှင့် ကီလိုမီတာအနည်းငယ်သာ လှမ်းကွာသည့်အရပ်၌ ကလေးများအာဟာရချို့တဲ့ပြတ်လပ် သေဆုံးနေသည်မှာ မယုံကြည်နိုင်စရာ သတင်းများဖြစ်ကြောင်း ဝါရှင်တန်က ကိုးကားပြောကြားသည်။ သူပုန်ထိန်းချုပ်ဒေသများသည် လက်နက်ချလျှင်ချ မချလျှင် အစာငတ်ခံရမည်ဟု ဆီးရီးယားစစ်တပ်က သတိပေးထားသည်။

ဒမတ်စကတ် ဆင်ခြေဖုံးဒေသများဖြစ်သည့် ယာမောက်၊ ဂိုတာ အရှေ့ပိုင်းနှင့် မွတ်ဒါမီရပ်ဒေသများကို စစ်တပ်က လအတန်ကြာ ပိတ်ဆို့ထားသည်။ ယင်းအခြေအနေကြောင့် ယခုသီတင်းပတ် စောစောပိုင်းက စစ်ဘေးဒုက္ခကြုံတွေ့နေရသော ဆီးရီးယားနိုင်ငံသားများအနေဖြင့် ကြောင်၊ ခွေးနှင့် မြည်းသားများကို စားခွင့်ပြုကြောင်း ဘာသာရေးခေါင်းဆောင်များက ပြောကြားလိုက်သည်။ **(ဘီဘီစီ)**

ဗဟိုအာဖရိကနိုင်ငံတွင် ကလေးငယ် ၇၀ ရာခိုင်နှုန်း စာသင်ကြားရန် အခွင့်အရေးမဲ့နေဟု ကုလသမဂ္ဂပြော

ကုလသမဂ္ဂ အောက်တိုဘာ ၁၉

ဗဟိုအာဖရိက သမ္မတနိုင်ငံတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းက စခဲ့သည့် ဒေသတွင်း ပဋိပက္ခဖြစ်ပွားခဲ့စဉ်ကတည်းကစကာ မူလတန်းကျောင်းသား ကျောင်းသူ ၁၀ ဦးလျှင် ခုနစ်ဦးနှုန်း ကျောင်းပြန်တက်နိုင်ခြင်း မရှိကြတော့ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)က အောက်တိုဘာ ၁၉ ရက်၌ ပြောကြားခဲ့သည်။

စာသင်ကျောင်းပေါင်း ၆၅ ရာခိုင်နှုန်းခန့် ခေတ်ပျက်ကြီးအတွင်း ဖျက်ဆီးခံရခြင်း၊ သိမ်းပိုက်ခံရခြင်း သို့မဟုတ် ဒုံးကျည်လောင်ချာများကြောင့် ပျက်စီးခဲ့ရကြောင်း ယူနီဆက်က မကြာသေးမီက ဆန်းစစ်တိုင်းတာမှုကို အခြေပြုလျက် သတင်းသစ်ထုတ်ပြန်သည်။ စာသင်ကျောင်းများ၏ အခြေအနေကို နိုင်ငံ၏ ပြည်နယ် ၁၇ခုရှိရာပြည်နယ် ၁၁ခုတွင် လိုက်လံလေ့လာမှုကို ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"စာသင်ကျောင်းဆိုတာ သင်ကြားသင်ယူရေးအတွက် အေးချမ်းရာနေရာတစ်နေရာ ဖြစ်ရမှာပါ။ ဒါပေမယ့် တချို့ဒေသတွေမှာ စာသင်ကျောင်းဆိုလို့ ပြစရာလုံးဝ နတ္ထိပါပဲ။ ဆရာမရှိ၊ စားပွဲကုလားထိုင်နတ္ထိ၊ ပြဋ္ဌာန်းစာအုပ်ဆိုတာ ဗလာအတိဖြစ်နေတာမို့ ကလေးတွေ ဘယ်လိုစာသင်လို့ရတော့မှာလဲ" ဟု ဗဟိုအာဖရိကသမ္မတနိုင်ငံရှိ ယူနီဆက်ကိုယ်စားလှယ် ဆိုးလ်လေမန်း ဒိုင်ယာဘတ်က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

အရက်ပြန်ကိုရေရောသောက်၍ လူ ၃၇ ဦး သေဆုံး

နယူးဒေလီ အောက်တိုဘာ ၁၉

အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် အောက်တိုဘာ ၁၈ ရက်နှင့် ယနေ့နံနက်ပိုင်းတွင် ချက်အရက်ပြင်းများသောက်ရာမှ အနည်းဆုံး ၃၇ ဦး သေဆုံးခဲ့ကြောင်း ရဲဌာနက ပြောကြားသည်။

ပြည်နယ်သမိုင်းတွင် စိတ်မချမ်းမြေ့ဖွယ်အဖြစ်အပျက်တစ်ရပ်ဖြစ်ပြီး အဇမ်ဂါခရိုင်အတွင်းဖြစ်ခဲ့ကြောင်း၊ သေဆုံးသူများမှာ ဆင်းရဲသော ကာယအလုပ်သမားများဖြစ်ကြောင်း ရဲဌာနကဆိုသည်။ ပြည်နယ်ဝန်ကြီးချုပ်က ယင်းကိစ္စကြောင့်အခွန်ဦးစီးမှူးအပါအဝင် အရာရှိအရာခံ ၁၀ ဦးကို ရာထူးလျှော့ချခဲ့ပြီး စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ခဲ့သည်။

အရက်သောက်၍ သေဆုံးကြရခြင်းမှာ ဒေသတွင်းအရက်ပုန်းဆိုင်များက အရက်ပြန်ကို ရေရောဖောက်စပ်ကာ ရောင်းချသော အရက်များသောက်မိကြ၍ဖြစ်ကြောင်း ရဲများကပြောသည်။

(ဆင်ဟွာ)

အီရတ်တွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်

ဘဂ္ဂဒက် အောက်တိုဘာ ၁၉

အီရတ်နိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ရာ လူ ၁၀ ဦးသေဆုံးပြီး ၃၅ ဦးဒဏ်ရာရခဲ့ကြောင်း ရဲဌာနက ပြောကြားသည်။ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း မီရှာတဲလ်အရပ်တွင် ကားဗုံးပေါက်ကွဲ၍ ငါးဦးသေဆုံးကာ ၁၆ ဦးဒဏ်ရာရကြောင်း အမည်မဖော်လိုသူ ရဲဝန်ထမ်းတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

တီကရစ်အနီးရှိ ဒိုရာနယ်မြေမှ ပန်းခြံတစ်ခြံတွင် ဗုံးသုံးလုံးပေါက်ကွဲကြောင်း၊ ငါးဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရကြောင်း ရဲသတင်းရင်းမြစ်က ဆိုသည်။

အီရတ်နိုင်ငံအနေဖြင့် အကြမ်းဖက်အဖွဲ့နှင့် အခြား လက်နက်ကိုင်များ အလှမ်းကျယ်ကျယ်ဖြင့် အကြမ်းဖက် တိုက်ခိုက်မှုများပြုလာနိုင်မည်ကို စိုးရိမ်မှုမြင့်တက်လျက်ရှိပြီး အိမ်နီးချင်း ဆီးရီးယားနိုင်ငံမှ ပြည်တွင်းစစ်မီးကူးစက်လာမည့် ဘေးမရောက်ရအောင် ကြိုးစားနေရကြောင်း သတင်းတွင် ဖော်ပြသည်။

(ဆင်ဟွာ)

● *ကျောဖုံးမှ*

သွားလာနိုင်ခြင်း မရှိတော့ကြောင်း သိရသည်။ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မကွေးမြို့နယ် လမ်းတံတားအင်ဂျင်နီယာ ဒေါ်ဥမ္မာလှိုင်နှင့်အဖွဲ့မှလာရောက်၍ ဝါးကပ်များခင်းပြီး မြေဖို့ခြင်း၊ သဲအိတ်များဖြင့် ကာရံခြင်းများပြုလုပ်ပေးမှုကြောင့် မွန်းတည့် ၁၂ နာရီခန့်တွင် ဆိုင်ကယ်နှင့် ယာဉ်ငယ်များသွားလာနိုင်ပြီဖြစ်သော်လည်း ယာဉ်ကြီးများသွားလာနိုင်ခြင်း မရှိသေးကြောင်းသိရသည်။ ယင်းရေကျော်မျောပါသွားခြင်းကြောင့် အောက်တိုဘာ ၁၈ ရက်ညက မကွေးမှ ရန်ကုန်သို့ သွားသော ယာဉ်များမှာ ကံပြား-နတ်မောက်လမ်းဘက်မှ သွားကြရကြောင်း သိရသည်။ အဆိုပါ လိပ်ကန်းရေကျော်သည် မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ရေကျော်လမ်းကွန်ကရစ်များမျောပါခြင်းမှာ ယခုအကြိမ်နှင့်ပါဆိုလျှင် ယခုနှစ်အတွင်း လေးကြိမ်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ) ဇေယျ**

ပန်းဆိုးတန်းလမ်းရှိ SAMSUNG Show Room မီးလောင်

ရန်ကုန် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၈ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်က ကျောက်တံတားမြို့နယ် အမှတ်(၄)ရပ်ကွက် ပန်းဆိုးတန်း(အလယ်)လမ်း တိုက်အမှတ် ၂၀၃/၂၀၅ အာရ်စီ ခြောက်ခန်းတွဲ ငါးထပ်တိုက် မြေညီခန်း ၄/၅ ပိုင်ရှင် ဦးတင်မောင်လတ်၏ SAMSUNG Show Room အတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးလောင်မှုသတင်း ရသည်နှင့် ကျောက်တံတား၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ တာမွေ၊ သာကေတ၊ ဒေါပုံ၊ သဃ်န်းကျွန်း၊ လှိုင်၊ မရမ်းကုန်းဌာနချုပ်တို့မှ မီးငြိမ်းသတ်ရေးယာဉ် ၂၂ စီး၊ ကွပ်ကဲမှုယာဉ် လေးစီး၊ ဆလိုက်နှင့်သူနာပြုယာဉ် အပါအဝင် အထောက်အကူပြုယာဉ် ငါးစီး၊ မီးသတ်စက်ယာဉ် တစ်စီးတို့က ဆက်တိုက်ရောက်ရှိလာပြီး ငြိမ်းသတ်ပေးခဲ့သည်။

မီးလောင်ရခြင်းမှာ ပစ္စည်းသိုလှောင်ခန်းအတွင်း တစ်နေကုန်ဖွင့်ထားသော လေးပေမီးချောင်းမှ ခြောက်လက်မအကွာရှိ သိုလှောင်ထားသော ရေခဲသေတ္တာကတ်စက္ကူပုံးများသို့ အပူဟပ်ရာမှ စတင်မီးလောင်ရခြင်းဖြစ်ကြောင်း မီးသတ်အရာရှိတစ်ဦး၏ ပြောကြားမှုအရ သိရသည်။

မီးလောင်မှုကြောင့် သိုလှောင်ထားသော လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။ မီးလောင်မှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၏ ကြီးကြပ်မှုနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၈၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၈ ဦးတို့က ရေဂါလန် ၁၅၃၅၅၀ အသုံးပြုငြိမ်းသတ်ခဲ့ရသည်။ မီးငြိမ်းသတ်ရာ၌ တာမွေ(ခွဲ)မှ တပ်သား နိုင်အောင်လင်း၊ ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်သားဇော်မင်းဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်ဟု မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကဆိုသည်။

တင်ဝင်းလေး-ကြည့်မြင်တိုင်

မြန်မာအလုပ်သမားထောင်ချီလုပ်ကိုင်နေသည့်ကုန်တိုက်ကြီးမီးလောင်ကျွမ်း

ဖူးခက် အောက်တိုဘာ ၁၉

မြန်မာအလုပ်သမား ထောင်ချီ၍ အလုပ်လုပ်ကိုင်နေကြသည့် ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်မြို့မှ အကြီးဆုံး Super Cheap ကုန်တိုက်ကြီးမှာ အောက်တိုဘာ ၁၆ ရက် ထိုင်းနိုင်ငံစံတော်ချိန် ည ၈ နာရီခန့်တွင် မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"Phuket က Super Cheap မီးလောင်မှုမှာ မြန်မာအလုပ်သမားတွေ ဘယ်လောက်ထိခိုက်တယ်၊သေဆုံးတယ်၊ဘေးကင်းတယ်ဆိုတာ တာဝန်ရှိသူတွေ ဝင်ရောက်ဆောင်ရွက်ပေးမှသာ မှန်မှန်ကန်ကန်သိနိုင်မှာပါ။ တာဝန်ရှိသူတွေက မြန်မာအလုပ်သမားတွေအတွက် ဘယ်လိုဆောင်ရွက်ပေးမလဲ။ ဘယ်လောက်ထိထိရောက်ရောက် လုပ်ပေးနိုင်မလဲဆိုတာ အဓိကကျတဲ့ အချက်ပဲဖြစ်တယ်။

"လက်ရှိကတော့ ထိုင်းရောက် မြန်မာအလုပ်သမားတွေ အားလုံး ဒီအရေးကို စိတ်ဝင်တစားနဲ့ အားပေးကူညီမယ့်အချိန်ကို မျှော်လင့်နေကြတာပါ" ဟု မြန်မာနိုင်ငံသားအလုပ်သမားတစ်ဦးက ဆိုသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လူသေဆုံးမှု အတိအကျ သတင်းရရှိခြင်းမရှိသေးသော်လည်း ထိုင်းနိုင်ငံအစိုးရဌာနပေါင်းစုံနှင့် ဒေသခံအင်န်ဂျီအိုများမှ လိုအပ်သည့် ကူညီစောင့်ရှောက်မှုများပြုလုပ်နေကြကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးဝန်ထမ်းများမှ အမြန်ဆုံး သွားရောက်ပြီး မြန်မာအလုပ်သမားများအား ကြည့်ရှုစောင့်ရှောက်ပေးပါရန် လိုလား လျက်ရှိနေကြောင်း ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား အလုပ်သမားများ၏ပြောပြချက်အရ သိရသည်။ **စိုးဝင်း(SP)**

နိုင်ငံတကာပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၈		အောက်တိုဘာ ၂၀
အက်စ်တွန်ဗီလာ - **စပါး**	ည ၉း၃၀	(ယခင်နှစ် ၀-၄)

အီတလီစီးရီးအေ ပွဲစဉ်-၈		အောက်တိုဘာ ၂၀/၂၁
အတ္တလန်တာ - **လာဇီယို**	ညနေ ၅း၀၀	(ယခင်နှစ် ၀-၁)
ဖီအိုရင်တီးနား - **ဂျူဗင်တပ်စ်**	ည ၇း၃၀	(ယခင်နှစ် ၀-၀)
ဂျီနိုအာ - ချီယေဗို	ည ၇း၃၀	(ယခင်နှစ် ၂-၄)
ဗီရိုနာ - ပါးမား	ည ၇း၃၀	(-)
လီဗော်နို - ဆမ့်ဒိုးရီးယား	ည ၇း၃၀	(-)
ဆက်ဆူအိုလို - **ဘိုလော့ဂ်နာ**	ည ၇း၃၀	(-)
တိုရီနို - **အင်တာမီလန်**	နံနက် ၁း၁၅	(ယခင်နှစ် ၀-၂)

စပိန်လာလီဂါ ပွဲစဉ်-၉		အောက်တိုဘာ ၂၀/၂၁
ဂရန်နာဒါ - **ဂီတာဖေး**	ညနေ ၄း၃၀	(ယခင်နှစ် ၂-၀)
အဲလ်မာရီးယား - ဗယ်လက်ကာနို	ည ၉း၃၀	(-)
ဘက်တစ် - **အဲလ်ချီ**	ည ၁၁း၃၀	(-)
ဗယ်လာဒိုလစ် - **ဆီဗီလာ**	နံနက် ၁း၃၀	(ယခင်နှစ် ၁-၁)

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၉		အောက်တိုဘာ ၂၀
ဟမ်းဘတ် - **စတုဂတ်**	ည ၈း၀၀	(ယခင်နှစ် ၀-၁)
အော့စ်ဘတ် - ဝုဖ်ဘတ်	ည ၁၀း၀၀	(ယခင်နှစ် ၀-၀)

ပြင်သစ်လီဂူး ပွဲစဉ်-၁၀		အောက်တိုဘာ ၂၀/၂၁
ဆိုးချော့စ် - **မိုနာကို**	ည ၆း၃၀	(-)
စိန့်အက်တီယန် - လိုရီယန့်	ည ၉း၃၀	(ယခင်နှစ် ၀-၂)
လိုင်ယွန် - **ဘော်ဒိုး**	နံနက် ၁း၃၀	(ယခင်နှစ် ၀-၂)

အောက်တိုဘာ ၁၉ ဘောလုံးပွဲရလဒ်များ		
ရိုးမား	၂-၀	နာပိုလီ
ဟော်ဖန်ဟိန်း	၁-၂	လေဗာကူဆင်
နိုက်စ်	၁-၀	မာဆေး
ရိမ်းစ်	၁-၂	တူးလော့စ်

ဂရန်နာဒါ Vs ဂီတာဖေး

ပွဲစဉ်-၈ အပြီး ဂရန်နာဒါရမှတ် ရှစ်မှတ်နဲ့ အဆင့် ၁၄မှာ ရပ်တည်နေပြီး သူတို့နှစ်သင်း နောက်ဆုံးလေးပွဲတွေ့ဆုံမှုမှာ အိမ်ကွင်းနှစ်ပွဲလုံး ဂရန်နာဒါ အနိုင်ယူထားနိုင်ပါတယ်။ ဂီတာဖေးက ရမှတ် ၁၃ မှတ်နဲ့ အဆင့် ၅မှာ ရှိနေပါတယ်။ ဒီရာသီမှာခြေစွမ်းပြနေတဲ့ ဂီတာဖေးဟာ လာလီဂါမှာ နောက်ဆုံးသုံးပွဲဆက်တိုက် အဝေးကွင်းရော အိမ်ကွင်းရော အနိုင်ရထားတဲ့အသင်းပါ။ ဒီပွဲဟာ ကြည့်ကောင်းမယ့် ပွဲတစ်ပွဲပါ။ ခြေမမှန်သေးတဲ့ အိမ်ရှင်ကိုအဝေးကွင်း ရှုံးကြွေးပြန်ဆပ်နိုင်ပြီး ဂီတာဖေးတို့ သုံးမှတ်အပြည့် ရယူနိုင်မှာပါ။

ဗီရိုနာ Vs ပါးမား

ပွဲစဉ်-၇အပြီး ရမှတ် ၁၃ မှတ်နဲ့ အဆင့် ၅မှာ ရှိနေတဲ့ ဗီရိုနာဟာ တန်းတက် အသင်းထဲမှာ ခြေစွမ်းထက်နေတဲ့ အသင်းကောင်းပါပဲ။ ဒီရာသီ အိမ်ကွင်းမှာ သုံးပွဲဆက်တိုက် ရှုံးပွဲမရှိသေးတဲ့ တန်းတက်အသင်းလေးပါ။ ပါးမားက ရမှတ် ကိုးမှတ်နဲ့ အဆင့် ၁၀ မှာ ရှိနေပြီး ဒီရာသီ အဝေးကွင်း သုံးပွဲမှာ နှစ်ပွဲသရေ တစ် ပွဲရှုံးထားပါတယ်။ နှစ်သင်းလုံးခြေရည်တူပေမယ့် အိမ်ကွင်း မာကျောမှုရှိတဲ့ ဗီရိုနာတို့ သုံးမှတ် အပြည့်ရယူမှာပါ။

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသည့် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးပွဲတော်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသည့် မြန်မာရသစာပေဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ (ဂန္ထဝင်ကဗျာ၊ ခေတ်ပေါ်ကဗျာ)၊ အက်ဆေး၊ ဘာသာပြန်စာပေနှင့် စာပေထုတ်ဝေရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကြီးကို အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ (UMFCCI) မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမတွင် ၂၀-၁၀-၂၀၁၃ရက်မှ ၂၂-၁၀-၂၀၁၃ရက်အထိ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၌ စာပေပညာရှင် ၃၀ ကျော်က ကဏ္ဍအလိုက်ဆွေးနွေးဟောပြောကြမည်ဖြစ်ပြီး စာအုပ်တိုက်ပေါင်း ၅၀ကျော်၏ စာအုပ်ဈေးရောင်းပွဲတော်ပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ စာရေးဆရာများ၊ ထုတ်ဝေ/ဖြန့်ချိသူများ၊ စာပေလောကသားများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း

Main Sponsor by KBZ BANK

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အရှေ့ကလူ ဘယ်သူလည်း

မောင်ခင်မင်(ဓနုဖြူ)

"နေဝင်ခါနီးဆိုရင် ကျွန်တော်တို့အိမ်ရဲ့ အရှေ့တည့်တည့်မှာ နေလုံးကြီး တဖြည်းဖြည်းဝင်သွားတဲ့ မြင်ကွင်းကိုမြင်ရတာ သိပ်လှတာပဲ ဦးရယ်"

နယ်မှအလည်အပတ်ရောက်လာသော တူကလေးက သူတို့အိမ်ပတ်ဝန်းကျင် မြင်ကွင်းအကြောင်းပြောပြသည်။ သူ့စကားကိုအာရုံစိုက်ပြီး နားထောင်ရင်း ကျွန်တော်က တစ်ခွန်းဝင်ထောက်လိုက်သည်။

"မင်းပြောတာမှားနေပြီ ငါ့တူရဲ့။ နေလုံးကြီးဝင်သွားရင်အနောက်ဘက်တည့်တည့်ကို ဝင်ရမှာမဟုတ်လား။ အရှေ့တည့်တည့်ဝင်တယ်ဆိုတော့ မင်း ဥစ္စာ ပြောင်းပြန်ကြီးဖြစ်နေပါကလား"

"ဟင်" သူရုတ်တရက် ဘာဆက်ပြောရမှန်းမသိဘဲ ရပ်သွားသည်။ "ဟို . . . ကျွန်တော်ပြောတာက ဒီအရှေ့တည့်တည့်ကို နေဝင်သွားတာကို ပြောတာပါ"ဟုဆိုရင်း ရှေ့တည့်တည့်ကိုလက်ညှိုးထိုးပြသည်။

"သြော် . . . ရှေ့တည့်တည့်လို့ ပြောတာလား" ကျွန်တော်က သူသတိထားမိအောင် 'ရှေ့တည့်တည့်'ဆိုသော စကားကိုခပ်ကျယ်ကျယ် ပြောလိုက်သည်။

"ဟုတ်ကဲ့ အရှေ့တည့်တည့်ကိုပြောတာပါ" သူသတိထားမိပုံမပေါ်ပါ။

"မင်းတို့အိမ်ရဲ့ နောက်ဘက်မှာ လယ်ကွင်းတွေရှိတယ် မဟုတ်လား" ကျွန်တော်က သူတို့အိမ်နောက်မှာ လယ်ကွင်းမရှိကြောင်း သိလျက်သားနှင့် တမင် မေးလိုက်သည်။

"ကျွန်တော်တို့အိမ် အနောက်ဘက်မှာ လယ်ကွင်းတွေမရှိပါဘူး ဦးရဲ့၊ သစ်ပင်တွေ အများကြီးရှိတာပါ"

ကျွန်တော်က 'နောက်ဘက်'ဟု သိသာအောင်ပြောသည်ကို သူသတိမထားမိပါ။ 'အနောက်ဘက်'ဟု ပြောနေကျအတိုင်း ပြောပါသည်။

ကျွန်တော်က သူ့ကိုရှင်းပြရသည်။ ယနေ့လူကြီးလူငယ် တော်တော်များများ 'ရှေ့' 'နောက်'ကို 'အရှေ့' 'အနောက်'ဟု မှားပြောနေကြကြောင်း၊ 'အရှေ့အနောက်'မှာ အရပ်မျက်နှာကို ဖော်ပြရာတွင် သုံးသောစကားဖြစ်ကြောင်း၊ မျက်နှာမူရာအရပ်ကို 'ရှေ့'၊ ကျောခိုင်းရာအရပ်ကို 'နောက်' ဟု ပြောရကြောင်း ရှင်းပြခြင်းဖြစ်သည်။

"ဦးပြောပြမှ သတိထားမိပါတော့တယ် ဦးရယ်။ ကျွန်တော်ကတော့ ငယ်ငယ်ကတည်းက အဲဒီ'ရှေ့ နောက်'ကို 'အရှေ့အနောက်'လို့ပဲ ပြောတာ အကျင့်ပါနေပါတယ်။ သတိထားပြီးပြင်ပြောပါ့မယ်"ဟု သူကဆိုပါသည်။

မိတ်ဆွေဆရာမတစ်ယောက်ကတော့ "ကျွန်မတို့ တစ်မြို့လုံး 'ရှေ့နောက်' လို့ မပြောပါဘူး။ 'အရှေ့အနောက်'လို့ပဲ ပြောပါတယ်။ ဒီအသုံးက ကျွန်မတို့ဒေသသုံး ဒေသိယစကားပါ ဆရာ"ဟု ခပ်တည်တည်ပြောနေသည်။ "ဟာ . . . မဟုတ်ပါဘူးဗျာ။ 'ရှေ့နောက်' နဲ့ 'အရှေ့အနောက်'က အဓိပ္ပာယ်တူမှ မတူဘဲ။ ခင်ဗျားတို့ တစ်မြို့လုံးပြောတာ ဆိုရင်တော့ တစ်မြို့လုံး မှားပြောတာနေမှာပေါ့"ဟု ကျွန်တော်က ပြောလိုက်ပါသည်။ သူကျေနပ်ပုံ မပေါ်ပါ။

ပါးစပ်ထဲက စကားသံတွေ ထွက်ပေါ်သည့်နေရာကို "လျှာရဲ့ရှေ့က ထွက်တဲ့ သရသံ၊ လျှာရဲ့နောက်ကထွက်တဲ့ သရသံ'ဟု ပြောရမည်ကို တပည့်တစ်ယောက်က 'လျှာရဲ့အရှေ့ကထွက်တဲ့ သရသံ၊ လျှာရဲ့အနောက်က ထွက်တဲ့သရသံ'ဟု ပြောနေသဖြင့် 'ဒါဆိုရင် လျှာရဲ့တောင်က ထွက်တဲ့အသံတို့၊ လျှာရဲ့မြောက်က ထွက်တဲ့အသံတို့လည်း ရှိမှာပေါ့နော်"ဟု သူ့ကို စလိုက်မှ သူသတိထားမိပြီး "ဟာ . . . ဆရာကလည်း ကျွန်တော်က လျှာရဲ့ရှေ့က၊ နောက်ကလို့ပြောတာပါ"ဟု သူ့စကားကို ပြန်ပြင်ပြောပါသည်။

"ဒီကောင်လေး အိမ်ကိုမြန်မြန်ပြန်ခဲ့၊ ဘယ်မှမဝင်နဲ့လို့ မှာလိုက်လျက်သားနဲ့ သူငယ်ချင်းအိမ်ကို ဝင်လာခဲ့တယ်တဲ့၊ တော်တော်လျှာရှည်တာပဲ"

မိန်းကလေးတစ်ယောက်က သူ့မောင်လေးကို ကြိမ်းမောင်းနေသော စကားဖြစ်သည်။ လုပ်ရမည့်အလုပ်ထက် ပိုလွန်ပြီး လုပ်သည့်အပြုအမူမျိုးကို အပြစ်တင်ချင်လျှင် 'တော်တော်လျှာရှည်တယ်'ဟု ယနေ့လူငယ်တော်တော်များများ ပြောလေ့ရှိပါသည်။ အမှန်အားဖြင့် 'လျှာရှည်တယ်' ဆိုသည်မှာ 'စကားရှည်သည်၊ ပြောရမည့်စကားထက်ပိုပြီး ရှည်ရှည်လျားလျား ပြောသည်၊ 'စကားရှည်သည်'ဟု အဓိပ္ပာယ်ရသည့်အတွက် စကားပြောသည့်ကိစ္စမှာသာ သုံးပါသည်။ 'လျှာရှည်မနေနဲ့၊ ငါပြောတဲ့အတိုင်းလုပ်'ဆိုသော အသုံးမျိုးဖြစ်သည်။ စကားပြောခြင်းမဟုတ်သော အခြားကိစ္စများကိုမူ 'တော်တော်ရှည်တယ်'ဟု ခပ်ရိုင်းရိုင်းသုံးလေ့ရှိပါသည်။ ရှေ့မှာဖော်ပြသော အပြစ်တင်စကားမျိုးတွင် 'တော်တော်ရှည်တာပဲ'ဟု သုံးရမည်ကို မှားယွင်းရောထွေးပြီး 'တော်တော်လျှာရှည်တာပဲ'ဟု သုံးကြခြင်းဖြစ်ပါသည်။

မလိုဘဲထည့်သုံးသော စကားတစ်ခုမှာလည်း တော်တော်အသုံးတွင်ကျယ်ပါသည်။ 'စတဲ့၊ အစရှိတဲ့၊ စသော၊ အစရှိသော၊ စသည်ဖြင့်'ဆိုသည့် အသုံးဖြစ်ပါသည်။ 'ဘုရားတရားသံဃာ အစရှိသော ရတနာသုံးပါးကို' 'ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ပြည်နယ် (၇)ခု'ဆိုသော အသုံးမျိုးကို အသံလွှင့်ရာမှာရော၊ သတင်းစာ ဂျာနယ်တွေမှာရော တွင်တွင်ကျယ်ကျယ် သုံးနေကြသည်ကို ကြားရဖတ်ရပါသည်။ ထိုအသုံးများမှာ အပြည့်အစုံမဖော်ပြဘဲ တချို့တစ်ဝက်ကို ဖော်ပြမှသာ သုံးရသော အသုံးများဖြစ်သည်။ 'ဘုရားအစရှိသော ရတနာသုံးပါး'ဟုသုံးလျှင် အသုံးမှန်ပါသည်။ ရတနာသုံးပါးကို အပြည့်အစုံမဖော်ပြဘဲ 'ဘုရား'ကိုသာဖော်ပြပြီး 'တရားနှင့် သံဃာ'ကို မြှုပ်ထားသည့်သဘောဖြစ်ပါသည်။ 'ကချင်၊ ကယား၊ ကရင်စတဲ့ ပြည်နယ် (၇)ခု'ဟု သုံးလျှင်လည်း အားလုံးအပြည့်အစုံမဖော်ပြဘဲ 'ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း'တို့ကို မြှုပ်ထားသည့်သဘောဖြစ်ပါသည်။ အားလုံးလည်း အပြည့်အစုံ ဖော်ပြပြီး 'အစရှိသော'တို့ 'စတဲ့'တို့လည်း ထည့်သုံးမည်ဆိုလျှင် ရတနာသုံးပါးတွင် ဘုရား၊ တရား၊ သံဃာအပြင် နောက်ထပ်ထည့်စရာ ကျန်သေးသည်ဟူသော အဓိပ္ပာယ်ဖြစ်သွားပါလိမ့်မည်။ 'စသော'တို့ 'အစရှိတဲ့' တို့ ထည့်စရာမလိုဘဲ 'ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး'ဟုသုံး၍ ရပါသည်။ မလိုအပ်ဘဲ အကျင့်ပါပြီး သုံးနေသော အသုံးမှားများဖြစ်ပါသည်။

အမှတ်တမဲ့မှားသုံးတတ်သော အသုံးတစ်ခုရှိပါသေးသည်။ 'သူ့ထက်စာရင် ကျွန်တော်က ကျန်းမာပါတယ်'ဆိုသော အသုံးမျိုးဖြစ်သည်။ နှိုင်းယှဉ်ဖော်ပြသည့်နေရာမျိုးတွင် သုံးလေ့ရှိပါသည်။ "အိမ်နီးချင်းနိုင်ငံတွေထက်စာရင် ကျွန်တော်တို့နိုင်ငံက သဘာဝဘေးဒဏ်ခံရတာ တော်တော်သက်သာပါသေးတယ်"ဆိုသော အသုံးမျိုးလည်း မကြာခဏဖတ်ရပါသည်။ အသုံးအမှန်မှာ 'သူနဲ့စာရင်'၊ 'အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင်' ဖြစ်ပါတယ်။ စာသုံးအဖြစ်သုံးလျှင်လည်း 'သူနှင့်စာလျှင်'၊ 'အိမ်နီးချင်းနိုင်ငံများနှင့်စာလျှင်' ဟု သုံးရပါသည်။ ၄င်းတို့နှင့်နှိုင်းစာလျှင်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

မှားသုံးလေ့ရှိသော အသုံးအနှုန်းတစ်ခုကို ဖော်ပြလိုပါသေးသည်။ ဝတ္ထုများတွင် ဇာတ်ဆောင်ချင်းစကားပြောကြပုံကို ဖော်ပြရာ၌ 'မင်းဘယ်ကလာသလည်း'၊ 'သူ့နာမည်ဘယ်သူလည်း'ဟူသော ရေးပုံမျိုးများကို တွေ့ရပါသည်။ အပြောစကားတွင် အမေးကိုဖော်ပြရာ၌'လဲ'ဟု သုံးပါသည်။ 'မင်းဘယ်ကလာသလဲ'၊ 'သူ့နာမည်ဘယ်သူလဲ'ဟု ရေးလျှင် အပြောစကားဟန်ပီပီသသရှိပါသည်။ 'လည်း'မှာ အတူပါဝင်ကြောင်း ဖော်ပြသော 'စကားဆက်'ဖြစ်သည်။ 'ဆရာလည်း လာမည်'၊ 'သူတို့လည်း လာမယ်' စသည်ဖြင့် သုံးသည်။ သို့သော် အသံထွက်ရာတွင် 'လဲ'ဟုပင်ထွက်သည်။ ထို'လဲ'သည် အပြောစကားမှာသုံးသော အမေးစကား'လဲ'နှင့် အသံထွက်ချင်းတူနေသည့်အတွက် အမေးစကားတွင်လည်း 'လည်း' ကိုမှားသုံးခြင်း ဖြစ်ပါသည်။ အခြား သာဓကပြရလျှင် စာသုံးတွင် 'နှင့်'ဟုသုံးသည်ကို အပြောသုံးတွင် 'နဲ့'ဟု သုံးသကဲ့သို့ စာသုံးတွင် 'လည်း'ဟုသုံးသည်ကို အပြောသုံးတွင် 'လဲ'ဟု သုံးပါသည်။ အပြောဟန်ဖြင့် ရေးလျှင် 'မင်းနဲ့ငါ အတူတူသွားမယ်' ဟု ရေးသကဲ့သို့ 'သူလဲ ငါတို့နဲ့ အတူတူကစားမယ်'ဟု ရေးရပါလိမ့်မည်။ စာသုံးနှင့် အပြောသုံး သူ့နေရာနှင့်သူ ခွဲခြားသုံးနိုင်ပါသည်။

ဝတ္ထုများတွင် ဇာတ်ဆောင်ချင်းစကားပြောကြပုံကို ဖော်ပြရာ၌ 'မင်းဘယ်ကလာသလည်း'၊ 'သူ့နာမည်ဘယ်သူလည်း'ဟူသော ရေးပုံမျိုးများကို တွေ့ရပါသည်။ အပြောစကားတွင် အမေးကိုဖော်ပြရာ၌ 'လဲ'ဟု သုံးပါသည်။ 'မင်းဘယ်ကလာသလဲ'၊ 'သူ့နာမည်ဘယ်သူလဲ' ဟုရေးလျှင် အပြောစကားဟန်ပီပီသသရှိပါသည်။ 'လည်း'မှာ အတူပါဝင်ကြောင်း ဖော်ပြသော 'စကားဆက်'ဖြစ်သည်။ 'ဆရာလည်း လာမည်'၊ 'သူတို့လည်း လာမယ်'စသည်ဖြင့် သုံးသည်။ သို့သော် အသံထွက်ရာတွင် 'လဲ'ဟုပင်ထွက်သည်။ ထို'လဲ'သည် အပြောစကားမှာ သုံးသော အမေးစကား'လဲ'နှင့် အသံထွက်ချင်းတူနေသည့်အတွက် အမေးစကားတွင်လည်း 'လည်း' ကို မှားသုံးခြင်းဖြစ်ပါသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ပင့်ဆောင်ပူဇော်ပွဲ ပြင်ဦးလွင်မြို့တွင် ကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး(၁၀)နေ ရပ်ကွက်သူ ရပ်ကွက်သားများ၏ ထည့်ဝင်အလှူငွေများ၊ ရပ်ဝေးရပ်နီးတို့မှ ထည့်ဝင်အလှူငွေများ စုပေါင်းလျက် ရပ်ကွက်ကြီး(၁၀) နယ်မြေအတွင်း၌ ခါတော်မီ သာသနာ့ဗိမာန် ဓမ္မာရုံကြီး တည်ဆောက်နေလျက်ရှိရာ မကြာမီအချိန်အတွင်း တည်ဆောက် ပြီးစီးတော့မည်ဖြစ်သည်။

ခါတော်မီ သာသနာ့ဗိမာန် ဓမ္မာရုံအတွင်း ကိန်းဝပ်စံပယ်တော်မူမည့် ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွားတော်မြတ် ပင့်ဆောင်ပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ကျင်းပရာ ခါတော်မီ သာသနာ့ဗိမာန် ဓမ္မာရုံကြီး တည်ဆောက်ရေး အကျိုးဆောင်အဖွဲ့ဝင်များ၊ ရပ်ကွက်ကြီး(၁၀) အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်လူမှုရေးအသင်းများ၊ ဝတ်အသင်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများသည် ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို မန္တလေးမြို့မှ မန္တလေး-လားရှိုးလမ်းအတိုင်း ပင့်ဆောင်လာရာ ပြင်စာကျေးရွာ၊ သုံးတောင်ကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ အနီးစခန်းနှင့် ပွေးတောင်ကျေးရွာများမှ ပြည်သူများက ဖူးမြော်ကြည်ညိုသဒ္ဓါပွားများကြသည်။ ပြင်ဦးလွင်မြို့အဝင် လွတ်လပ်ရေး ကျောက်တောင်စေတီတော်မှ မန္တလေး-လားရှိုးလမ်းအတိုင်း ဓမ္မစက္ကမုဒြာရုပ်ပွားတော်မြတ်အား ပင့်ဆောင်ပူဇော်ခံရာ မြို့လယ်နာရီစင်မှ **(အပေါ်ပုံ)**မြနန္ဒာဟိုတယ်၊ သီဂီလမ်းမှ ယုဇနလမ်းအထိ၊ နဝရတ်လမ်းမှ ခါတော်မီသာသနာ့ဗိမာန်ဓမ္မာရုံအထိ ပင့်ဆောင်ရာတွင် လမ်းတစ်လျှောက်၌ ဘုရားဖူးကုသိုလ်ပြုသူများဖြင့် အထူးစည်ကားသည်။

(ဝ၃၂)

နိုဝင်ဘာလဆန်းတွင် နေပြည်တော်ကြံများ စတင်ခုတ်သိမ်းမည်

ပျဉ်းမနား အောက်တိုဘာ ၁၉

နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းပိုင်မြေ ၄၆ ဧက ၌ စိုက်ပျိုးထားရှိသော ကြံပင်သစ်ရှစ်ဧကနှင့် ကြံလမိုင်း ၃၈ ဧကတို့မှ ကြံများ ယခုနှစ် အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ လာမည့် နိုဝင်ဘာ ၁၂ ရက်တွင် စတင်ခုတ်သိမ်း၍ သကြားစက်သို့ ပို့ဆောင်ရောင်းချတော့မည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီး ဦးအောင်မြတ်သူထံမှ သိရသည်။

ယခုနှစ်၌ G.A.P စိုက်နည်းစနစ်ဖြင့် ကြံမျိုးကောင်းမျိုးသန့်များဖြစ်သည့် K-9584 ကြံမျိုးပင်သစ်ရှစ်ဧကနှင့် ကျောက်စိမ်း၊ VMC စသည့် ကြံမျိုးလမိုင်း ၃၈ ဧကမှာ ယခုနှစ်၌ အောင်ရေကောင်းစွာရရှိသဖြင့် တစ်ဧကလျှင် တန် ၃၀ ကျော် ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

ယခုအောက်တိုဘာ ဒုတိယပတ်၌ ကြံခင်းများအတွင်း လဲနေသည့် ကြံပင်များကို ဝါးလုံးများဖြင့် ပြန်လည်ချည်နှောင် တည့်မတ်ထားသည်။

တင်ပို့

ပြီးခဲ့သည့် ၂၀၁၂ ကြံရာသီက နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကြံစုစုပေါင်း တန် ၁၀၀၀ မျှ ထွက်ရှိကာ ကြံတစ်တန်လျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ပျဉ်းမနား သကြားစက် (ယုဇနကုမ္ပဏီ) သို့ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

ကာရန်ခ

လှိုင်လင်မြို့၌ ရှေ့လျားစစ်ဆေးရေးအဖွဲ့ ရှောင်တခင်စစ်ဆေး

လှိုင်လင် အောက်တိုဘာ ၁၉

လှိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင် ဦးစီး၍ အထူးမူးယစ်အဖွဲ့၊ အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့၊ အကောက်ခွန်ဌာနမှ ဝန်ထမ်းများ၊ လဝကဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းမှစတင်၍ တောင်ကြီး-လှိုင်လင်-နမ့်စန် ပြည်ထောင်စုကားလမ်း လှိုင်လင်မြို့ မြကန်သာပန်းခြံလမ်းဆုံ၌ မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ယင်းကဲ့သို့ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ရခြင်းမှာ ပြည်သူများ အထိတ်တလန့်ဖြစ်စေမည့် မသမာသူများ၏အကြမ်းဖက်ဖောက်ခွဲရေး အန္တရာယ်ကင်းဝေးစေရန်လည်းကောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက်လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အကောက်ခွန်မဲ့ပစ္စည်းများ ဝင်ရောက်မလာစေရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

မိုးလွင်ဦး(လှိုင်လင်)

စိတ်ကြွဆေးပြား တန်ဖိုးငွေကျပ်သိန်း ၉၀၀ကျော် ဖမ်းမိ

လှိုင်လင် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်ဦးစီးသည့် (Mobile Team) အဖွဲ့သည် အောက်တိုဘာ ၁၇ ရက်က လှိုင်လင်မြို့ မြကန်သာ ပန်းခြံလမ်းဆုံ၌ ခရီးသည်များ၊ မော်တော်ယာဉ်များကို ရပ်တန့်ရှာဖွေမှုများ စစ်ဆေးစဉ် မွန်းလွဲ ၁ နာရီခွဲတွင် နမ့်စန်မြို့ဘက်မှလာသော ခဲပြာရောင် PAJERO အမျိုးအစားပေါ်တွင် စိုင်းပိန်း(၂၃ နှစ်) လိုက်ပါလာပြီး ယာဉ်မောင်းဦးလုံးလှိုင်း (၅၁ နှစ်)မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်မောင်း၏ ခြေနင်းပြားအောက်မှ အပြာရောင်ကပ်ခွာအိတ်ငယ်တစ်အိတ်လျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀ စီပါ ၉ ထုပ် ဆေးပြား ၈၀၀ကိုလည်းကောင်း၊ မော်တော်ယာဉ်၏ ဝဲဘက်နောက်ဘီးရေကာပြားနှင့် ကားဘော်ဒီကြားမှ အနက်ရောင်ဂွမ်းစဖြင့် ချုပ်ထားသော အိတ်ရှည်အတွင်းထည့်လျက် အပြာရောင်ကပ်ခွာအိတ်ငယ် တစ်အိတ်လျှင် WY စာတန်းပါ ဆေးပြား ၂၀၀ စီပါ အိတ် ၆၀ ဆေးပြား ၁၂၀၀၀ကိုလည်းကောင်း၊ ယာဉ်မောင်းသူ၏ ညာဘက် တံခါးချပ်အတွင်းမှ အပြာရောင်ကပ်ခွာအိတ် တစ်အိတ်လျှင် WYစာတန်းပါ ဆေးပြား ၂၀၀ စီပါ အိတ် ၅၀ ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ဆေးပြား ၂၃၈၀၀ အလေးချိန် ၂ ဒသမ ၃၈ ကီလိုဂရမ် ငွေကျပ် ၉၅၂၀၀၀၀၀ တန်ဖိုးရှိ ဆေးပြားများကို ရှာဖွေဖမ်းဆီးရမိပြီး သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သဖြင့် လှိုင်လင်မြို့နယ်ရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပြည်တွင်းသတင်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဉ္စမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၄၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်ရှိ ဥပ္ပါတသန္တိ ကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဉ္စမအကြိမ်အဘိဓမ္မာအခါတော်နေ့နှင့် (၄၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**

တက်ရောက်

အဆိုပါ မင်္ဂလာအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုတော်မူသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငြိမ့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များနှင့် ဘုရားဂုဏ်တော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ငြိမ့်ပရိသတ်များက အဘိဓမ္မာအခါတော်နေ့ တရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထွန်းညှိပူဇော်

ညနေပိုင်းတွင်လည်း ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ စုပေါင်း၍ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝတ်ရွတ်ပူဇော်ကြပြီး ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက စုပေါင်းပါဝင်ကုသိုလ်ယူကြကာ ဆီမီးထွန်းညှိပူဇော်ကြသည်။

(သတင်းစဉ်)

❒ ***ရှေ့ဖုံးမှ***

လှည့်လည်ပူဇော်ပွဲကို ကျင်းပခဲ့ပြီး ယနေ့(သီတင်းကျွတ်လပြည့်) နံနက် ၅ နာရီတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများစုပေါင်း၍ စေတီတော်အား ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို ရင်ပြင်တော်တောင်ဘက် ဧည့်ခံတန်ဆောင်း၌ လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် သီလခံယူပွဲကို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူခြင်းကို ရောင်တော်ဖွင့်အသင်း တန်ဆောင်း၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌လည်းကောင်း ကျင်းပကြသည်။

ကပ်လှူ

ရွှေတိဂုံစေတီတော်သို့ နံနက်အရုဏ်တက်ချိန်မှစ၍ ညပိုင်းအထိ ဘုရားဖူးပြည်သူများ အထူးစည်ကားများပြားစွာ လာရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

ဆူးလေစေတီတော်၌ ယမန်နေ့နှင့် ယနေ့ နံနက် ၅ နာရီတွင် ဆွမ်း၊ ပန်း၊ရေချမ်း၊ ဆီမီး၊ သစ်သီး ဆွမ်းများ ကပ်လှူပြီး မွန်းလွဲ ၁ နာရီတွင် ပန်းဘဲ တန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်အပါအဝင် သံဃာတော်(၉)ပါးထံမှ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားအကြို အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း၊ ဝတ်အသင်းများမှ ဝတ်ရွတ်ခြင်း၊ ညပိုင်းတွင် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ယနေ့ နံနက်ပိုင်းတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူခြင်း၊ ဒါန၊ သီလ ကောင်းမှုများပြုလုပ်ခြင်း၊ ဆေးဝါးများလှူဒါန်း၍ အခမဲ့ဆေးကုသပေးခြင်း၊ စတုဒိသာတိုက်ကျွေးခြင်းတို့ ပြုကြသည်။ နံနက် ၁၀ နာရီတွင် သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တသူရိယက သီလပေး တရားဟောကြားတော်မူပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ယောဆရာတော်နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်တော်မူကြကာ ညပိုင်းတွင် စေတီတော်အား ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

သီတင်းကျွတ်လပြည့်ညက နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများ ဆီမီးထွန်းညှိ ကုသိုလ်ပြုကြစဉ်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ အခမ်းအနားကို ကျင်းပပြီး ညပိုင်းတွင် စေတီတော်ရင်ပြင်၌ ဆီမီးထွန်းညှိပူဇော်ကြသည်။

မဟာဝိဇယစေတီတော်၌ ပန်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်းတော်ကြီးများတင်လှူခြင်း၊ ဝတ်အသင်း(၆)သင်းက ဝတ်ရွတ်ပူဇော်ခြင်း၊ ညပိုင်းတွင် ဆီမီး(၃၀၀၀) ဖြင့် သုံးရက်တိုင် ထွန်းညှိပူဇော်ခြင်းများပြုကြသည်။

ရွှေဘုန်းပွင့်စေတီတော်၌ နံနက်ပိုင်းတွင် သစ်သီးနှင့်မုန့်ဆွမ်းများကပ်လှူခြင်း၊ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်း၊ ဓမ္မစကြာ၊ ပရိတ်ကြီး(၁၁)သုတ်နှင့် ဝတ်ရွတ်ပူဇော်ခြင်း၊ ဆရာတော်များက သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားချီးမြှင့်တော်မူခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ညပိုင်းတွင် (၃၆) ကြိမ်မြောက် ပဝါရဏာပွဲကျင်းပခြင်း၊ ညပိုင်းတွင် ဆီမီးထွန်းညှိပူဇော်ခြင်းများပြုကြသည်။

သီတင်းကျွတ်လပြည့် နေ့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ ကုသိုလ်ကောင်းမှု ပြုကြသည့် ဘုရား ဖူးလာ ပြည်သူများ ဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ထို့အတူ ရန်ကုန်မြို့ရှိရှေးဟောင်း သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ မယ်လမု၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မိုးကောင်း၊ ကျိုက်ခေါက်၊ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ခရမ်းမြို့ သွန်းဘုရားကြီး၊ တောင်ဥက္ကလာပစေတီတော်၊ ဇိနမာရ်အောင်၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့စေတီတော်များ၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကျင်းပကြပြီး ညပိုင်းတွင် ဘုရား၊ စေတီများအား ဆီမီး၊ လျှပ်စစ်ရောင်စုံမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ရှိ အချို့သောမော်တော်ယာဉ်လိုင်းများနှင့် အငှားယာဉ်များကလည်း သံဃာတော်များနှင့် ဘုရားဖူးပြည်သူများအား အခမဲ့ကုသိုလ်ယူ ပို့ဆောင်ပေးသည်ကို တွေ့ရသည့်အပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ စေတီတော်များသို့ လာရောက်ကြည်ညိုမှုများပြားသည်ကိုလည်း တွေ့ရသည်။

ညပိုင်းတွင် အစိုးရအဆောက်အအုံများ၊ ဈေးဝယ်စင်တာများ၊ လူနေအဆောက်အအုံများ၊ ရပ်ကွက်များ၊ လမ်းများ၌ ရောင်စုံဆီမီးများထွန်းညှိကာ လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များ စည်ကားများပြားစွာကျင်းပခြင်းဖြင့် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပကြသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

မူဆယ်သီတင်းကျွတ်ပွဲတော်တွင် ရခိုင်ရိုးရာကျင်ကိုင်ပွဲ စည်ကားစွာကျင်းပ

မူဆယ် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် (၁၀၅) မိုင် မိုင်းယုမြို့ဦး တောင်ကုန်းပေါ်ရှိ ရန်တိုင်းအောင်စေတီတော်ပရိဝုဏ်တွင် ယနေ့သီတင်းကျွတ်လပြည့် နံနက် ၉ နာရီက ဒုတိယအကြိမ်မြောက် ရခိုင်လူငယ်မောင်မယ်များ၏ သီတင်းကျွတ်လပြည့်နေ့ အလှူဒါနပြုပွဲနှင့် ရိုးရာကျင်ကိုင်ပြိုင်ပွဲ **(ယာပုံ)**ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

"ကျွန်တော်တို့ ရခိုင်လူငယ်မောင်မယ်အလှူရှင်တွေစုပေါင်းပြီး ဝါဆိုလပြည့်နေ့မှာတစ်ကြိမ် စုပေါင်းလှူဒါန်းပွဲပြုလုပ်ခဲ့ပါသေးတယ်။ အခုသီတင်းကျွတ်လပြည့်နေ့စုပေါင်းဆွမ်းကပ်ပြီး လာရောက်ကြသူတွေကို ရခိုင်ရိုးရာ မုန့်တီနဲ့ကျွေးမွေးဧည့်ခံသလို ဇာတိမြေက ရိုးရာအားကစားကျင်ကိုင်ပြိုင်ပွဲကိုလည်း ဒီနှစ်ထည့်သွင်းကျင်းပဖြစ်ပါတယ်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ ပျော်ရွှင်စွာ ဆင်နွှဲကြဖို့လည်း ရည်ရွယ်ပါတယ်" ဟု ရခိုင်လူငယ်တစ်ဦးဖြစ်သူ ကိုကျော်ဒွန်းက ပြောသည်။

"ဘုန်းကြီးတို့ (၁၀၅)မိုင် မိုင်းယုကျောင်းမှာ ဒီနေ့အဘိဓမ္မာအခါတော်နေ့မှာ ဒေသနာများရွတ်ပွား ပူဇော်ကြသလို သံဃာတော်တွေ၊ ပဝါရဏာ ပြုကြတဲ့ပွဲလည်း ပြုလုပ်ပါတယ်။ နောက်ပြီး တနင်္ဂနွေနေ့တိုင်း ယဉ်ကျေးလိမ္မာသင်တန်းထာဝရဖွင့်လှစ်ထားပြီး စုပေါင်းအားနဲ့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်ပိုပြီး အလှူအတန်းတွေ ပေါများပါတယ်" ဟု (၁၀၅)မိုင်ကျောင်း ဆရာတော် ဦးကေသရက မိန့်ကြားသည်။ **သိန်းဇော်(ရွှေလီဦး)**

ပြည်တွင်းသတင်း

စစ်တွေမြို့မှ အသက် ၈၇ နှစ်အရွယ် တစ်ကိုယ်တော်စက်ဘီးစီးအဘိုးအို ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအကြိုလှုံ့ဆော်ရေးခရီးအဖြစ် နေပြည်တော်သို့ထွက်ခွာမည်

စစ်တွေ အောက်တိုဘာ ၁၉

မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ဖွင့်ပွဲ၊ ပိတ်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးနိုင်ရန်နှင့် ဆီးဂိမ်းအားကစားပွဲတော်ကြီးတွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ရွှေတံဆိပ်များဆွတ်ခူးအောင်ပွဲဆင်နိုင်ရန်အတွက် ပြည်သူတစ်ရပ်လုံးပျော်ရွှင်စွာ ကြည့်ရှုအားပေးကြရန် ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲသို့ အကြိုလှုံ့ဆော်ရေးဂုဏ်ပြုခရီးစဉ်အဖြစ် အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီတွင် စစ်တွေမြို့မှ စတင်၍ အမ်း၊ မင်းဘူး၊ မကွေး၊ တောင်တွင်းကြီး၊ တောင်ညို၊ ပျဉ်းမနားမြို့နယ်များကို ဖြတ်ကျော်၍ နေပြည်တော်သို့ အသွားအပြန်မိုင် ၁၀၀၀ ကျော်ခရီးအား တစ်ကိုယ်တော်စက်ဘီးစီးနင်း၍ ထွက်ခွာမည်ဖြစ်ကြောင်း စစ်တွေမြို့မှ အသက် ၈၇ နှစ်အရွယ်ရှိ တစ်ကိုယ်တော်စက်ဘီးစီးအဘိုးအို ဦးပြုံးက ပြောကြားသည်။

"မြန်မာနိုင်ငံမှာ ဆီးဂိမ်းပွဲတော်ကြီးကို နှစ်ပေါင်း ၄၀ ကြာမှ တစ်ခါပြန်လည် ကျင်းပခွင့်ရတာပါ။ ဒါကြောင့် ကြုံတောင့်ကြုံခဲ အားကစားပွဲတော်ကြီးမှာ မြန်မာနိုင်ငံသား သက်ကြီးအားကစားသမားတစ်ဦးအနေနဲ့ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို ခရီးရှည်စက်ဘီးစီးနင်းပြီး တက်ရောက်အားပေးဂုဏ်ပြုချင်လို့ ဖြစ်ပါတယ်။ အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီကစပြီး စစ်တွေမြို့က စထွက်မယ်၊ နေပြည်တော်ကို နိုဝင်ဘာ ၁၃ ရက်အရောက်သွားပြီး အားကစားဝန်ကြီးဌာနကို သတင်းပို့မယ်။ အဲဒီကနေ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးကို လှည့်လည်ပြီး ကြုံတောင့်ကြုံခဲ ဆီးဂိမ်းပွဲတော်ကြီးသို့ 'စုပေါင်းကိုယ်စီ လက်တွဲညီ' ဆောင်ပုဒ်အရ အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပြည်သူလူထုတစ်ရပ်လုံး အင်တိုက်အားတိုက်ကြည့်ရှုအားပေးကြဖို့ လက်ကမ်းစာစောင်ဖြန့်ဝေမယ်၊ တစ်ဆက်တည်းမှာ အသင့်ကူးယူထားတဲ့ ဆီးဂိမ်းပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းတွေဖွင့်ပြီး နှိုးဆော်တိုက်တွန်းသွားမှာ ဖြစ်ပါတယ်" ဟု တစ်ကိုယ်တော် စက်ဘီးစီးအဘိုးအို ဦးပြုံးက ပြောကြားသည်။

မြန်မာနိုင်ငံတွင်ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးကို ကြိုဆိုဂုဏ်ပြုခြင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစား မောင်မယ်များ ရွှေတံဆိပ် ဆွတ်ခူးအောင်ပွဲဆင်နိုင်ပြီး ပြည်သူတစ်ရပ်လုံး ပျော်ရွှင်စွာ ပါဝင်အောင်ပွဲဆင်နိုင်ရေးအတွက် လှုံ့ဆော်ရေးအသွင်ဖြင့် တစ်ကိုယ်တော်စက်ဘီးစီးအဘိုးအို ဦးပြုံး၏ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ကျောက်ဖြူမြို့မှစတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးမြို့နယ်အသီးသီးကို ဖြတ်ကျော်ကာ မိုင်ပေါင်း ၃၀၀၀ ကျော်ခရီးကို အချိန်ကာလအားဖြင့် သုံးလနှင့် သုံးရက်ကြာ အသွားအပြန်တစ်ကိုယ်တော်စက်ဘီးစီးသွားရောက်ခဲ့ပြီးဖြစ်သည်။ တစ်ကိုယ်တော်စက်ဘီးစီးအဘိုးအို ဦးပြုံးသည် ဆီးဂိမ်းဂုဏ်ပြုခရီးစဉ်ကြီး နည်းတူ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရက လမ်းတံတားများ၊ ရထားလမ်းများ၊ ဖောက်လုပ်ပေးခြင်းအတွက် မြန်မာနိုင်ငံအနှံ့ စက်ဘီးစီး၍ ဂုဏ်ပြုပေးခဲ့ကြောင်း ယခုသွားရောက်မည့် ဂုဏ်ပြုခရီးစဉ်သည် (၇) ကြိမ်မြောက် ဂုဏ်ပြုခရီးစဉ်ဖြစ်ကြောင်း တစ်ကိုယ်တော်စက်ဘီးစီးအဘိုးအိုဦးပြုံး၏ ပြောပြချက်အရ သိရသည်။

ဇော်နိုင်ထွန်း (IPRD)

စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့်မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများသိရှိစေရန် အသိပေးကြေညာချက်

မြေသြဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူများသုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေသြဇာမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။

ယခုအခါတွင် ဈေးကွက်အတွင်း မြေသြဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချနေသူများ၊ မြေသြဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများကို ရောင်းဝယ်မှုများရှိနေကြောင်း သိရှိရပါသည်။

အောက်ဖော်ပြပါ မြေသြဇာများမှာ မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်။

ယင်းမြေသြဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများ ဖြစ်နိုင်သဖြင့် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအပ်ပါသည်။

မြေသြဇာထုတ်လုပ်၊ တင်သွင်းသည့် ကုမ္ပဏီလုပ်ငန်းများ၊ မြေသြဇာရောင်းချသည့် အရောင်းဆိုင်များသည် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြေသြဇာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေသြဇာဥပဒေပုဒ်မ (၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅) တို့အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေသြဇာကော်မတီ

မြေသြဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများစာရင်း

စဉ်	မြေသြဇာအမည်	ဖော်ပြထားသောစံချိန်စံညွှန်း	တွေ့ရှိရာဒေသ
၁	ပိုကာ ဒိုလိုမိုက်ကျောက်မှုန့်	-	မရမ်းကုန်းမြို့နယ်၊ တွံ့တေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂	အလံနီ(တရုတ်)ကွန်ပေါင်းမြေသြဇာ	(N:15%,P_2O_5:15%,K_2O: 15%)	မရမ်းကုန်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃	Yထူးဆန်းမြေသြဇာ	(P_2O_5:5%)	ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄	Compound ထိုင်းစာ(အဖြူနှင့်အစိမ်းရောင်အိတ်)	(N:20%,P_2O_5;8%,K_2O: 20%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၅	Compound ထိုင်းစာ(အဖြူနှင့်လိမ္မော်ရောင်အိတ်)	(N:15%,P_2O_5:7%,K_2O: 18%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၆	Compound ထိုင်းစာ(အဖြူနှင့် ပန်းဆီရောင်အိတ်)	(N:20%,P_2O_5:10%,K_2O: 12%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၇	Compound ထိုင်းစာ(အဖြူနှင့် အပြာရောင်အိတ်) (စက်ဝိုင်းအတွင်း နတ်သမီး၅ယောက်ပုံပါ)	(N:15%,P_2O_5:15%,K_2O: 15%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၈	Compound ထိုင်းစာ(အဖြူနှင့်အစိမ်းရောင်အိတ်) (စက်ဝိုင်းအတွင်းနတ်သမီး ၅ယောက် ပုံပါ)	(N:16%,P_2O_5:16%,K_2O: 8%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၉	Compound ထိုင်းစာ(အပြာရောင်အိတ်) (စက်ဝိုင်းအတွင်း နတ်သမီး ၅ ယောက်ပုံပါ)	(N:30%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၁၀	Compound ထိုင်းစာ	(N:27%,P_2O_5:6%,K_2O: 6%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၁၁	ရွှေလမင်းကျောက်မှုန့်	(Ca:16%,S:14%)	တောင်ငူမြို့နယ်၊ ဖြူးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၂	Khing Gypsum	(Ca:14%,S:10%)	အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၃	Compound Fertilizer (ကြက်ဖ)	(N:15%,P_2O_5:15%,K_2O:6%, Mg:4%)	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၄	Compound Fertilizer (သရဖူ)	(N:18%,P_2O_5:4%,K_2O:5%)	မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၅	Compound Fertilizer (ဓနု)	(N:18%,P_2O_5:4%,K_2O:5%)	မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၆	Compound Fertilizer (Rising Sun)	(N:18%,P_2O_5:4%,K_2O:5%)	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၇	Compound Fertilizer (သရဖူ)	(N:15%,P_2O_5:7%,K_2O:18%)	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၈	Compound Fertilizer (ဓနု)	(N:15%,P_2O_5:7%,K_2O:18%)	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၉	Compound Fertilizer (Rising Sun)	(N:15%,P_2O_5:7%,K_2O:18%)	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၂၀	ပန်းသီး	(P_2O_5:3%)	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၂၁	Compound Fertilizer (ဘီး)	(N:25%,P_2O_5:5%,K_2O:5%)	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၂၂	YYP	-	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၂၃	Compound Fertilizer (Rising Sun)	(N:25%,P_2O_5:7%,K_2O:7%)	ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၂၄	Compound Fertilizer (Rising Sun)	(N:20%,P_2O_5:10%,K_2O:5%)	ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၂၅	Compound Fertilizer (Rising Sun)	(N:8%,P_2O_5:24%,K_2O:24%)	ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

ခန္ဓာကိုယ်ချင်းတိုက်၍ လဲကျစဉ် ရွှေဆွဲကြိုးလုယူထွက်ပြေးသူအားဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက တာမွေမြို့နယ် ကျောက်မြောင်းကြီးအရှေ့ ရပ်ကွက် အောင်မင်္ဂလာလမ်း ခြောက်လွှာနေ ဦးအောင်ကျော်မျိုး၏အတူနေညီမဖြစ်သူ မအိရွှေစင် (စကားမပြောတတ်သူ)မှာ အသောကဈေးမှ ဈေးဝယ်ပြီး နေအိမ်တိုက်ခန်းသို့ ပြန်လာရာသုံးလွှာလှေကား အရောက် အပေါ်ထပ်မှ ဆင်းလာသော အသက် ၂၀ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးက မအိရွှေစင်အား ခန္ဓာကိုယ်ချင်း ဝင်တိုက်၍ လဲကျစဉ် မအိရွှေစင် ဝတ်ဆင်ထားသော အလေးချိန် ၁၂ ပဲ ၂ ရွေးရှိ ခရားပုံရွှေဆွဲကြိုးတစ်ကုံးနှင့် အလေးချိန် ၂ ပဲ ၆ရွေးရှိ စိန်လော့ကတ်သီးတစ်ခု စုစုပေါင်း တန်ဖိုး ငွေကျပ် ၉၆၅၀၀၀ တို့ကို လုယူ ထွက်ပြေးသွားသဖြင့် စုံစမ်းအရေးယူပေးရန် တိုင်တန်းမှုအား တာမွေမြို့မရဲစခန်းက အမှုဖွင့်၍ ၄င်းအမျိုးသားကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စုံစမ်းဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ပြစ်မှုကျူးလွန်သူ အောင်စိုး(ခ) အငယ်ကောင် ပုဇွန်တောင်မြို့နယ်နေသူအား သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

သီလဝါအထူးစီးပွားရေးဇုန်ဖော်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြား

မေး/ရေး - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်

ရန်ကုန် အောက်တိုဘာ ၁၉

အသွင်ကူးပြောင်းမှုတစ်ခုကို ဖြတ်သန်းလျက်ရှိသော မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကာ အထူးစီးပွားရေးဇုန်များတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းရာတွင် အဓိကကြုံတွေ့နေရသည့် အခက်အခဲများဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေး အစရှိသည့် အမာခံအခြေခံ အဆောက်အအုံများ (Hard Infrastructures) အပြင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများစသည့် အပျော့ထည် အခြေခံအဆောက်အအုံများ (Soft Infrastructures) သည် အလွန်အားနည်းနေကာ အကောင်အထည်ဖော်ဆောင်ရန် အချိန်ကြာမြင့်စွာ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံဒီမိုကရေစီအပြောင်းအလဲနှင့်အတူ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ထားဝယ်၊ သီလဝါနှင့် ကျောက်ဖြူတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်းကာ အထူးစီးပွားရေးဇုန်များ တည်ဆောက်နေသည်။

ယင်းစီးပွားရေးဇုန်များအနက်မှ မြန်မာနိုင်ငံ၏စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့တောင်ဘက်ပိုင်းရှိ သီလဝါအထူးစီးပွားရေးဇုန်သည် ဆောလျင်စွာ အကောင်ထည်ဖော်ပြီးမြောက်နိုင်မည့် အထူးစီးပွားရေးဇုန် တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် အဆိုပါ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်သန်းသန်းသွယ် (ဒုတိယညွှန်ကြားရေးမှူး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန) နှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဒေါ်မိမိအောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)တို့အား မြန်မာ့သတင်းစဉ်(ပြည်တွင်း) မှ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ပါသည်။ **(အပေါ်ယာပုံ)**

မေး။ ။ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ တည်နေရာနဲ့ ဇုန်စီမံကိန်း ပထမအဆင့်ရဲ့အကျယ်အဝန်းကို သိပါရစေ။

ဖြေ။ ။ သီလဝါအထူးစီးပွားရေးဇုန်ဟာ ရန်ကုန်မြို့ရဲ့ အရှေ့တောင်ဘက် (၁၄)မိုင်အကွာမှာ ရှိပါတယ်။ ဒီစီးပွားရေးဇုန်ကို မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီမှ အကောင်ထည်ဖော်တည်ဆောက်မှာပါ။ လောလောဆယ် ပထမအဆင့်အနေနဲ့ ၉၇၈ ဒသမ ၆၉၈ ဧက (ဟက်တာ ၄၀၀ နီးပါး)ကို စတင်တည်ဆောက် အကောင်ထည်ဖော်မှာ ဖြစ်ပါတယ်။

မေး။ ။ သီလဝါအထူးစီးပွားရေးဇုန် စတင်စဉ်ကစပြီး လက်ရှိအခြေအနေအထိ ဆောင်ရွက်နေတာများကို သိပါရစေ။

ဖြေ။ ။ ကျွန်မတို့ မြန်မာဘက်က ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ၅၁ ရာခိုင်နှုန်းနဲ့ ဂျပန်ဘက်က ၄၉ ရာခိုင်နှုန်း မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီမှာ ပါဝင်မယ်။ မြန်မာဘက်မှာ (Myanmar Thilawa SEZ Holdings Public Limited) အမည်ရှိ မြန်မာအများပိုင်ကုမ္ပဏီရယ်၊ ကျွန်မတို့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ ပါဝင်မယ်။ မြန်မာအများပိုင်ကုမ္ပဏီကို အများပိုင်ကုမ္ပဏီကိုးခုနဲ့ ဖွဲ့စည်းထားပြီး ရှယ်ယာဝင်လိုသူ ပြည်သူများကို မကြာမီမှာ သတင်းစာများတွင် ကြော်ငြာထည့်သွင်းပြီး ပွင့်လင်းမြင်သာမှုရှိရှိ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ဂျပန်ဘက်ကတော့ ဂျပန်ကုမ္ပဏီတွေနဲ့ ဖွဲ့စည်းထားတဲ့ (Japan Thilawa SEZ Company Limited) ဂျပန်ကွန်ဆိုတီယန် အဖွဲ့အစည်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပါဝင်ပါမယ်။

မေး။ ။ အကောင်အထည်ဖော်မှာက အထူးစီးပွားရေးဇုန်ဆိုတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့ပါသလား။

ဖြေ။ ။ ရှိပါတယ်။ ကျွန်မတို့ ပထမအဆင့် သီလဝါအထူးစီးပွားရေးဇုန် စတင်တည်ဆောက်ဖို့အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက် ဆန်းစစ်ခြင်း (Environmental Impact Assessment- EIA) ပြုလုပ်ခဲ့ပါတယ်။ EIA ပြုလုပ်ဖို့အတွက် နိုင်ငံတကာအတွေ့အကြုံရှိပြီး JICA စံနှုန်းနဲ့ကိုက်ညီတဲ့ Nippon Koei ကုမ္ပဏီကိုရွေးချယ်ခဲ့ပါတယ်။ ဒီကုမ္ပဏီကနေပြီးတော့ မြန်မာ့သဘာဝပတ်ဝန်းကျင် တိုင်းတာရေးကုမ္ပဏီဖြစ်တဲ့ (Resource Environmental Management - REM) ကုမ္ပဏီနဲ့တွဲဖက်ကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ဆန်းစစ်လေ့လာခဲ့ပါတယ်။ EIA လေ့လာမှုတွေကို ခြောက်သွေ့ရာသီနဲ့ စိုစွတ်ရာသီ နှစ်ရာသီခွဲပြီး လေ့လာခဲ့တယ်။ ဒီလေ့လာမှုတွေကို ၂၀၁၃ ဧပြီမှာစတင်ပြီး စက်တင်ဘာလမှာ ပြီးစီးပါတယ်။

မေး။ ။ သဘာဝပတ်ဝန်းကျင်ဆန်းစစ်မှုဟာ နိုင်ငံတကာစံနှုန်းတွေနဲ့ရော ကိုက်ညီမှုရှိပါသလား။

ဖြေ။ ။ နိုင်ငံတကာစံနှုန်းများအတိုင်း EIA လေ့လာဆန်းစစ်မှုတွေ မပြုလုပ်ခင် ၂၀၁၃ ခုနှစ် ဧပြီလ ၈ ရက်နေ့မှာ ဒေသခံတွေရယ်၊ ပြည်တွင်းပြည်ပမီဒီယာတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ EIA ပြုလုပ်ပြီး နောက်ဆုံးမူကြမ်းထွက်ရှိတဲ့ ၂၀၁၃ ဩဂုတ်လ ၁၃ ရက်နေ့မှာလည်း EIA လေ့လာဆန်းစစ်မှုရလဒ်တွေကို ဒေသခံတွေနဲ့တွေ့ဆုံပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။ EIA လေ့လာဆန်းစစ်မှုတွေ အားလုံးပြီးစီးတဲ့အခါမှာလည်း အများပြည်သူ သိရှိအောင် ပွင့်လင်းမြင်သာစွာ ဖြန့်ဝေပေးသွားမှာပါ။

မေး။ ။ ပထမအဆင့် စက်မှုဇုန်တည်ထောင်ရာမှာ ဒေသခံတွေနဲ့လယ်ယာမြေကိစ္စရပ်တွေကို ဘယ်လိုညှိနှိုင်းဆောင်ရွက်နေပါသလဲ။

ဖြေ။ ။ သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်တည်ဆောက်မယ့် မြေနေရာဟာ ၁၉၉၆ ကတည်းက အိမ်ခြေရွှေ့ပြောင်းခြင်း ပြုလုပ်ခဲ့ပြီးသား ဖြစ်ပါတယ်။ ၁၉၉၇မှာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက အမည်ပေါက် ရရှိပြီးသားပါ။ ပထမအဆင့် တည်ဆောက်မယ့်မြေနေရာမှာ အတည်ပြုမှတ်ပုံတင်ပြီးသား အိမ်ခြေစုစုပေါင်း ၆၅ လုံးရှိပါတယ်။ ဒီထဲကမှ ၂၉ လုံးက အဲဒီအချိန်က လျော်ကြေးနဲ့ အစားထိုးမြေတစ်ကွက်စီရရှိကြပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ပြောင်းရွှေ့ခံအိမ်ခြေတွေဟာ ဒီနေရာမှာပဲ ကာလကြာရှည်စွာ ဆက်လက်ပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့တာဆိုတော့ ခုအချိန်မှာ ထပ်မံပြီး အစားထိုးမြေနေရာနဲ့ နစ်နာမှု လျော်ကြေးငွေတွေကို ပေးသွားမှာပါ။ ဒါဟာ မြေနေရာပိုင်ဆိုင်မှုအတွက် ပေးအပ်တာမဟုတ်ပါဘူး။ သူတို့တွေ မူလနေရာကနေ ပြောင်းရွှေ့ရရင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ထိခိုက်လာနိုင်တယ်ဆိုတော့ လျော်ကြေးအဖြစ်ပေးတာပါ။ သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်တာနဲ့တစ်ပြိုင်နက် ဒေသခံတွေ အလုပ်အကိုင်အခွင့်အရေးတွေ ရရှိနိုင်အောင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်သင်တန်းတွေကိုလည်း ပို့ချပေးသွားမှာပါ။

မေး။ ။ ဒီလိုလျော်ကြေးပေးရာမှာ ဘယ်လိုစံနှုန်းတွေ သတ်မှတ်ပြီး ပေးတာပါလဲ။ ဘယ်လိုအိမ်ခြေတွေက လျော်ကြေးရရှိမှာပါလဲ။

ဖြေ။ ။ သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်မယ့်နေရာမှာရှိတဲ့ အိမ်ခြေတွေ ပြောင်းရွှေ့နိုင်ရန်အတွက် "ပြောင်းရွှေ့နေရာချထားခြင်းဆိုင်ရာအစီအစဉ်" (Resettlement Action Plan) တွေကို ကမ္ဘာ့ဘဏ်နဲ့ JICA ရဲ့ စံနှုန်းတွေနဲ့အညီ ရေးဆွဲခဲ့ပါတယ်။ ဒီလို နိုင်ငံတကာထုံးစံနဲ့အညီ "ပြောင်းရွှေ့နေရာချထားခြင်းဆိုင်ရာအစီအစဉ်" ရေးဆွဲဆောင်ရွက်တာဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံးလုပ်တာဖြစ်မယ်လို့ ကျွန်မထင်ပါတယ်။ "ပြောင်းရွှေ့နေရာချထားခြင်းဆိုင်ရာအစီအစဉ်" ရေးဆွဲရာမှာ အဆင့်ဆင့်လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပထမဦးဆုံး အိမ်ခြေတစ်ခုချင်းစီကို လူမှုစီးပွားစစ်တမ်းများ အကြိမ်ကြိမ်ကောက်ယူတယ်။ ပြီးတော့ ဒီအိမ်ခြေတစ်ခုချင်းစီရဲ့ တည်နေရာနဲ့ အကျယ်အဝန်း အတိအကျ၊ ဒီအိမ်ခြေတစ်အိမ်ချင်းက လုပ်ကိုင်တဲ့လယ်ယာမြေနဲ့ အကျယ်အဝန်း အတိအကျ (GPS- Global Positioning System) နှင့် ကောင်းကင်ဓာတ်ပုံများ ရိုက်ကူးခဲ့ပြီး "မြေပုံအတိအကျစစ်တမ်းများ" (Detailed Map Surveys-DMS)ကောက်ယူပြီး အတည်ပြုမှတ်ပုံတင်ခဲ့ပါတယ်။ ဒါတွေတင်မကသေးဘဲ တစ်အိမ်ချင်းဆီကိုလည်း ဓာတ်ပုံတွေရိုက်ပြီး မှတ်တမ်းတင်ထားပါတယ်။ ဒီလို စစ်တမ်းကောက်နေချိန်မှာ ဒေသခံတွေနဲ့လည်း အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီအစီစဉ်တွေကို ဖော်ဆောင်ရာမှာ ၂၀၁၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှာ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ပြီး ဒီပွဲကို ပြည်တွင်းပြည်ပမီဒီယာတွေကလည်း လာရောက်သတင်းယူခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်မှုတွေ ပြီးစီးတာနဲ့ ကမ္ဘာ့ဘဏ်ရဲ့ သတ်မှတ်ချက်တွေအတိုင်း "အကျုံးဝင်သည့်နေ့" (Cut-off Date)နေ့သတ်မှတ်ပြီး ၂၀၁၃ ခုနှစ် ဧပြီလ ၄ရက်နေ့မှာ ပြဋ္ဌာန်းချက်တွေထုတ်ပြန်ခဲ့ပါတယ်။ အခု လက်ရှိတည်ရှိနေတဲ့ အိမ်ခြေတစ်ခုချင်းစီကို ကောင်းကင်ဓာတ်ပုံတွေ၊ မြေပုံအတိအကျစစ်တမ်းတွေအပြင် လူမှုစီးပွား စစ်တမ်းတွေကိုပါ အသေးစိတ်ကောက်ယူပြီးပါပြီ။ ပြောင်းရွှေ့ခံရမယ့်အိမ်ခြေတစ်လုံးချင်းစီနဲ့ ဒီအိမ်တွေမှာ နေထိုင်ကြတဲ့ မိသားစုဝင်တွေအားလုံးကို မှတ်ပုံတင်ရှိမှုနဲ့ သန်းခေါင်စာရင်းရှိမှုတို့ကိုအခြေခံပြီး စစ်တမ်း ကောက်ယူမှတ်ပုံတင်အတည်ပြုခဲ့တာ မဟုတ်ပါဘူး။ အိမ်ခြေအမှန်တကယ်ရှိမှုနဲ့ ဒီအိမ်ခြေမှာ အမှန်တကယ် နေထိုင်မှုတွေကိုပဲ အခြေခံပြီး အတည်ပြုမှတ်ပုံတင်တာပါ။ ဒီလိုမှတ်ပုံတင်ရာမှာလည်း စစ်တမ်းကောက်ယူတဲ့အချိန်မှာတွေ့ရှိရတဲ့ အိမ်ခြေနဲ့ မိသားစုတွေတင်မကပါဘူး။ စစ်တမ်းကောက်ယူခြင်း မတိုင်ခင်မှာ ဖျက်သိမ်းပြီးဖြစ်လို့ မတွေ့ရတော့တဲ့ အိမ်ခြေများနဲ့ မိသားစုဝင်များကိုပါ အတည်ပြုမှတ်ပုံတင်ခဲ့ပါတယ်။ ဒီစစ်တမ်းတွေအရ ပထမအဆင့်ဇုန်ထဲမှာကျရောက်နေတဲ့ အိမ်ခြေက ၆၅ လုံးပါ။ ဒီ့ပြင်အိမ်မရှိပေမယ့် ပထမအဆင့် ဆောင်ရွက်မယ့် ဒီဇုန်ထဲမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်နေတဲ့ အိမ်ထောင်စု ၁၄ စုကိုလည်း မှတ်ပုံတင်ပေးခဲ့ပါတယ်။ ဒီလို အသေးစိတ်ဆောင်ရွက်ထားပြီး နိုင်ငံတကာလုပ်ထုံးတွေအတိုင်းပဲ "အကျုံးဝင်သည့်နေ့" (Cut-off Date) နောက်ပိုင်းမှ ပြောင်းရွှေ့လာ၊ ရောက်ရှိလာတဲ့ မည်သည့်အိမ်ခြေကိုမျှ နစ်နာကြေး သို့မဟုတ် လျော်ကြေး တစ်စုံတစ်ရာပေးမည်မဟုတ်ကြောင်းကိုလည်း ကျွန်မတို့ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

မေး။ ။ ဟုတ်ကဲ့ပါ။ အိမ်ခြေပြောင်းရွှေ့ရသူတော့ ရရှိမယ့်လျော်ကြေးနှုန်းထား အသေးစိတ်ကို ပြောပြပေးပါ။

ဖြေ။ ။ ကျွန်မတို့အနေနဲ့ လျော်ကြေးပေးဆောင်ရာမှာ World Bank Environment and Social Safeguard Policy (ကမ္ဘာ့ဘဏ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကာကွယ်တားဆီးရေးပေါ်လစီအရ ပုံသေပိုင်ပစ္စည်းတွေဖြစ်တဲ့ အိမ်၊ အခြားအဆောက်အအုံတွေဖြစ်တဲ့ ကျွဲတဲ၊ နွားတဲတို့အပေါ်တွင်သာမက ရွှေ့ပြောင်းနိုင်သော လယ်ယာသုံးပစ္စည်းကိရိယာနှင့် ကျွဲ၊ နွားတွေအပေါ်မှာလည်း ပေးအပ်သွားမှာပါ ။ ဝင်ငွေလမ်းကြောင်းနဲ့ အသက်မွေးဝမ်းကျောင်းဆုံးရှုံးနိုင်ခြင်း (ဥပမာ-လယ်စိုက်ခြင်း၊ ဥယျာဉ်စိုက်ခြင်း)၊ ကျပန်းလုပ်ကိုင်သူ/ နေ့စား/ လခစားအလုပ်လုပ်ကိုင်သူများ အပေါ်မှာလည်း ပေးမှာပါ စသည်ခွဲခြားပြီးတော့ သက်ကြီးရွယ်အို၊ နာတာရှည် မကျန်းမာသူနဲ့ အမျိုးသမီးအိမ်ထောင်ဦးစီးရှိတဲ့ အိမ်တွေ၊ ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရောက်ရှိနေတယ် သတ်မှတ်ထားတဲ့ အိမ်ထောင်စုဝင်များအတွက် လျော်ကြေးပေးသွားပါမယ် ၊ အိမ်ပြောင်းရွှေ့စရိတ်အပြင် လူမှုရေးအရ ထပ်ဆောင်းချီးမြှင့်ငွေတွေ ပေးသွားမှာပါ။

မေး။ ။ ရွှေ့ပြောင်းရမယ့်အိမ်ခြေတွေအတွက် ဘယ်နေရာမှာ ပြန်လည်စီစဉ်ပေးထားပါသလဲ။ လက်ရှိ အဲဒီနေရာမှာ ဘာတွေဆောင်ရွက်နေပါသလဲ။

ဖြေ။ ။ ပြန်လည်နေရာချထားပေးမှာကတော့ သန်လျင်ကျောက်တန်းလမ်းမကြီးရဲ့ ဘယ်ဘက်အခြမ်းက မြိုင်သာယာတိုးချဲ့ရပ်ကွက်သစ်ကို ပြောင်းရွှေ့ပေးမှာပါ။ အဲဒီနေရာမှာ ကလေးတွေအတွက် စာသင်ကျောင်းဆိုလည်း မူကြိုကနေ အထက်တန်းကျောင်းထိရှိတယ်။ ဆေးခန်းရှိတယ်။ အုပ်ချုပ်ရေးမှူးရုံးရှိတယ်။ ဘုန်းတော်ကြီးကျောင်းတွေနဲ့ သီလရှင်ကျောင်းတွေရှိတယ်။ စာကြည့်တိုက် စတာတွေ ရှိပါတယ်။ လက်ရှိမှာ လမ်းတွေဖော်နေပြီ။ သိပ်မကြာခင်မှာ ခြံစည်းရိုးတွေ ခတ်ပေးပြီးတာနဲ့ မဲနှိုက်ပြီးနေရာချထားပေးမှာပါ။ (၅၀ × ၂၅) ပေ အကျယ် မြေကွက်ပေါ်မှာ (၁၂ × ၁၆) ပေအကျယ် (သွပ်မိုး၊ သစ်သားကြမ်းခင်း၊ ထရံကာ၊ အုပ်ဖိနပ်ခံ) နေအိမ်တွေ တည်ဆောက်ပေးမှာပါ။ ကျွန်မတို့ဆောက်ပေးတဲ့အိမ်ထက်ကို မူလအိမ်က ကြီးနေတယ်ဆိုရင် မူလအိမ်အရွယ်အစားအတိုင်း ထပ်ဆောင်းဧရိယာနဲ့ လုပ်ဆောင်ပေးသွားမှာပါ။ စီမံကိန်းနှင့် ပြန်လည်နေရာချထားပေးမယ့် အစီအစဉ်နဲ့ပတ်သက်ပြီး ပြောင်းရွှေ့ရမယ့်အိမ်အားလုံးကို ကျွန်မတို့ဘက်က ဖိတ်ခေါ်ဆွေးနွေးမှုတွေ ငါးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒေသခံများနဲ့ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့တာကတော့ ရှစ်ကြိမ်တိုင်တိုင်ရှိသွားပါပြီ။

မေး။ ။ ခုလိုဖြေကြားပေးတာကျေးဇူးပါ။ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ပြည်သူလူထုကို အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ပေးဖို့ အစီအစဉ်ရှိပါသလား။

ဖြေ။ ။ သီလဝါအထူးစီးပွားရေးဇုန်နဲ့ပတ်သက်တဲ့ အချက်လက်တွေကို ပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် မကြာမီအချိန်အတွင်းမှာ အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုကိုပြုလုပ်ပြီး ဖော်ပြပေးသွားမှာပါ။ သီလဝါအထူးစီးပွားရေးဇုန်ဟာ အခြားစက်မှုဇုန်တွေနဲ့မတူညီတာက ရေသန့်စင်စက်တွေ၊ ဒီစက်မှုဇုန်က ထွက်ရှိလာမယ့်ရေဆိုးတွေကို သန့်စင်မယ့်စက်ရုံ၊ စက်ရုံတွေကနေ ထွက်လာမယ့် စက်မှုဓာတုအမှိုက်တွေကို စနစ်တကျ စီမံခန့်ခွဲမယ့်စနစ်တွေကို ထည့်သွင်းရေးဆွဲ တည်ဆောက်မှာဆိုတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေကို အထူးကာကွယ်နိုင်မှာပါ။ ကျွန်မတို့ဆောင်ရွက်သွားမယ့် အခြေအနေတွေကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမှာပါ။

(ခုလို သတင်းစဉ်က သိလိုသမျှကို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။)

သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၃ နှစ်ကုန်ပိုင်း (သို့မဟုတ်) ၂၀၁၄ နှစ်ဆန်းကာလတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ တည်ဆောက်ရေးလုပ်ငန်းများ စတင်မည့်အချိန်တွင် ရေရှည်လုပ်ငန်းကြီးများ ပြုလုပ်မည့် စက်ရုံများကို မြေစတင်ငှားရမ်းမည်ဖြစ်သောကြောင့် အထူးစီးပွားရေးဇုန် စတင်တည်ဆောက်သည်နှင့်တစ်ပြိုင်နက် ၎င်းစက်ရုံများ စတင်တည်ဆောက်နိုင်မည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်ကို စီးပွားဖြစ် စတင်လည်ပတ်သည်နှင့် တစ်ပြိုင်နက် ၎င်းစက်ရုံများ စတင်လည်ပတ်နိုင်မည်ဖြစ်သည်။ ယခုတည်ဆောက်မည့်စီမံကိန်းကြောင့် စက်ရုံအလုပ်သမားပေါင်း နှစ်သိန်းကျော်နှင့် စူပါမားကတ်များ၊ အပြည်ပြည်ဆိုင်ရာကျောင်းများ၊ ဆေးရုံများ၊ အပန်းဖြေနေရာများ၊ လူနေအိမ်ခြေများ၊ ဘဏ်များနှင့် အာမခံလုပ်ငန်းများတွင် ဝန်ထမ်းဦးရေ ၇၀၀၀ ကျော်ခန့်အား ခန့်ထားနိုင်လိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မည့် အလုပ်သမားများအနေနှင့် အလုပ်ခွင်မှ နိုင်ငံတကာအတွေ့အကြုံနှင့် နည်းပညာများလည်း ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ပို့ကုန်များလည်း အထူးမြင့်မားလာနိုင်မည်ဖြစ်သည်။ လက်ရှိနိုင်ငံတကာ အထူးစီးပွားရေးဇုန်များတွင်ကျင့်သုံးနေသည့် လွတ်လပ်ပြီး နိုင်ငံတကာအဆင့်မီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ၊ ကုန်သွယ်ရေးဆိုင်ရာမူဝါဒများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ၊ ငွေကြေးဆိုင်ရာမူဝါဒများ၊ အလုပ်သမားဆိုင်ရာ မူဝါဒများ စသည့်မူဝါဒများကို အောင်မြင်စွာ ကျင့်သုံးနိုင်ပါက ၎င်းမူဝါဒများကို နောင်တွင် အထူးစီးပွားရေးဇုန်ပြင်ပတွင်ချဲ့ထွင်ကာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

အမှတ်(၁)ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမား ၁၇ ဦးလွှဲပြောင်း

တာချီလိတ် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ အောက်တိုဘာ ၁၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ခရိုင်/မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သော မကဖ(၈)ဦးဝင်းအောင် ဦးစီး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူး ရင်ရင်အေးနှင့်ဌာနဆိုင်ရာများပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံ၊ လဝက ဦးစီးအရာရှိ စာစီတွန်၊ မယ်ဆိုင်ခရိုင် လဝကမှူး ဖနော်ကျာလူဖတ်၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူး ဆက်ဒါးရန် စုကျမ်းနှင့် ဒုလဝကမှူး ယဆဲန်ခုမ် ဟန်ဆန်တို့မှ မြန်မာအလုပ်သမား အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၇ ဦးကို လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

အပ်နှံပေး

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ၁၇ ဦးတို့ကို တာချီလိတ်မြို့မကာဟိုခမ်းရပ်ကွက် မဟာမြတ်မုနိကျောင်းတိုက်အတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များ မရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမား ၁၇ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် မွန်းလွဲ ၂ နာရီခွဲက ၎င်းတို့၏မိဘဆွေမျိုးများထံ ခံဝန်ဖြင့် အပ်နှံပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ) မြင့်မိုရ်(တာချီလိတ်)**

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဗဟိုဌာနမှ ပညာရှင်များ နေပြည်တော်ရှိ သုတေသနမျိုးသန့်မျိုးစေ့စိုက်ကွင်းများ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၁၉

လယ်/ဆည်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လွင်သည် ဖိလစ်ပိုင်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသန ဗဟိုဌာန IRRI (International Rice Research Institute) မှ ပညာရှင် Dr. Weijin Xu (MD, Boshima Co,Ltd.) ဦးဆောင်သော အဖွဲ့နှင့်အတူ အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက ဒက္ခိဏသီရိမြို့နယ် တောင်သူပညာပေး မျိုးသန့်မျိုးပွား စိုက်ကွင်း၌ ဂျပန်မူရင်းမျိုး(ဟီတိုမီဘိုရီ)၊ (ဆာဆာနီရှိကီ)၊ (မာနာမူဆူမီ)၊ (ဆာဆာနာကာဝါ)မျိုးများ၊ ကိုရီးယား မူရင်းမျိုးသန့်စပါးများ၊ ရေဆင်း(၁)၊ရေဆင်း(၂)၊ နှမ်းအဖြူမျိုး (ဆင်းရတနာ)၊ နှမ်းနက်နှင့် နေကြာမျိုးစေ့၊ သစ်သီးဝလံမျိုးစေ့များကို အအေးခန်းတွင် သိုလှောင်ထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် သုတေသနခြံ၌ B လိုင်းစပါးမျိုးစေ့များ သုတေသနပြုလုပ်ထားမှု မျိုးသန့်မျိုးပွား မြေပဲစိုက်ခင်း၊ ခာတုကင်းလွတ်ငှက်ပျော၊ ကွဲကော၊ ပိန္နဲ၊ သံပရာစိုက်ကွင်းများ၊ ပိန်းဥ စိုက်ကွင်း၌ ပိန်းပင်များ စိမ်းစိုဖြစ်ထွန်းနေမှုတို့ကို စစ်ဆေးကြည့်ရှု၍ ပြည်ထောင်စုဝန်ကြီးက တောင်သူများအား ဝင်ငွေတိုးတက်ရရှိစေရန် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချရေးနှင့် အရည်အသွေးထိန်းသိမ်းခြင်း နည်းစနစ်များကို တောင်သူများ ကျွမ်းကျင်ပိုင်နိုင်ရန် ပညာရှင်များက စိုက်ပျိုးပြသ ရှင်းလင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခာတုကင်းလွတ် အော်ဂဲနစ် သစ်သီးဝလံများသည် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းကောင်း ရရှိနိုင်သောကြောင့် အော်ဂဲနစ်စိုက်ကွင်းများ တိုးချဲ့ထူထောင်စိုက်ပျိုးရန်နှင့် ပြည်ပဈေးကွက်များ ရှာဖွေ၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန်းတောင်ခြေ ဘုရားသုံးဆူ ဗုဒ္ဓပူဇနီယပွဲတော်များ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေးတောင်ခြေတွင် တည်ရှိသော ဘုရားသုံးဆူဖြစ်သည့် ကုသိုလ်တော်၊ ကျောက်တော်ကြီးနှင့် စန္ဒာမုနိဘုရားများ၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီး ကျင်းပရန် နီးကပ်လာပြီဖြစ်ရာ ၁၂ ပွဲဈေးသည်များနှင့် ဇာတ်သဘင်အဖွဲ့များ စုံညီစွာ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။

အဆိုပါ ဘုရားသုံးဆူတွင် ကုသိုလ်တော်နှင့် ကျောက်တော်ကြီးဘုရားများမှာ မင်းတုန်းမင်း၏ကုသိုလ်တော်ဖြစ်ပြီး စန္ဒာမုနိဘုရားမှာ ရသေ့ကြီး ဦးခန္တီ၏ ကောင်းမှုဖြစ်သည်။ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားမှာ မန္တလေးမြို့တည်နန်းတည် ခုနစ်ဌာနတွင် တစ်ခုအပါအဝင်ဖြစ်ရာ မန္တလေးရွှေမြို့တော်၊ ကျုံးတော်၊ အတုလဝေယန်ကျောင်းတော်၊ ပဋ္ဌာန်းဟောသိမ်တော်၊ သုဓမ္မာဇရပ်တော်များနှင့် တစ်ချိန်တည်းပန္နက်ရိုက်ခဲ့သော စေတီဖြစ်ပြီး ယခုအခါ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းသတ်မှတ်ထားသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ကျင်းပမည့် စန္ဒာမုနိဘုရားပွဲတွင် ပင့်သံဃာ ၁၂၅ ပါးကိုလည်းကောင်း၊ လပြည့်ကျော် ၃ ရက်တွင် ကျင်းပမည့် ကျောက်တော်ကြီးဘုရားပွဲတွင် ပင့်သံဃာ ၆၀၀ ကျော်ကိုလည်းကောင်း လောင်းလှူကြမည်ဖြစ်သည်။ လပြည့်ကျော် ၂ ရက်တွင် ဆွမ်းလောင်းလှူမည့် လောကမာရဇိန် ကုသိုလ်တော်ဘုရားတွင် ပင့်သံဃာ ၃၀၀၀ ကျော်ကို ဆွမ်းလောင်းလှူမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုရားပွဲတော်များအနက် ပင့်သံဃာအများဆုံး ဆွမ်းလောင်းလှူသော ပွဲဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကျောက်တော်ကြီး ဘုရားပွဲကျင်းပချိန်တွင် ပဋ္ဌာန်းဟောသိမ်တော်ကြီးနှင့် သုဓမ္မာဇရပ်တော်များ ပြန်လည်တည်ဆောက်နေချိန်ဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများအတွက် နေရာပိုင်းခြားသတ်မှတ်ထား၍ နှစ်စဉ်ဖွင့်လှစ်နေကျ သင်ဖြူးဖျာအရောင်းဆိုင်များ ၁၂ လမ်းပေါ်ရှိ သုဓမ္မာဇရပ်တန်းပေါ်သို့ပြောင်း၍ ဖွင့်လှစ်ကြကြောင်းလည်း တွေ့ရသည်။

အေးမြ(မန္တလေး)

ကလေးမြို့၌ ဆက်သွယ်သွားလာမှုလွယ်ကူစေရေး လမ်းများပြုပြင်

ကလေး အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အနောက်မြောက်ဒေသနေပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၈ ရက်တွင် ဒိုးဝိုင်းချောင်းမှ ဆည်ကြီးတံတားအထိ သဲကျောက်ခင်းခြင်းလုပ်ငန်းများကို သဲကျောက်လုပ်ငန်းရှင် ဥက္ကဋ္ဌဦးဌေးဝင်း၏ လှူဒါန်းမှုဖြင့် စေတနာရှင်ပြည်သူတို့နှင့် ပူးပေါင်းကာ လမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

"ဒီလမ်းက အနောက်မြောက်ဒေသနေပြည်သူတွေသာမက ကလေးမြို့နေပြည်သူတွေပါ အဓိကဆက်သွယ်သွားလာနေရတဲ့ လမ်းဖြစ်ပါတယ်။ သဲကျောက်ခင်းခြင်းလုပ်ငန်းကို သဲကျောက်တင်ကား ၁၀ စီးနှင့် ဆောင်ရွက်နေပြီး **(အပေါ်ပုံ)**လမ်းပြုပြင်ရန်အတွက် သဲကားခေါက်ရေ အစီး ၁၅၀ ခန့် ခင်းရပါမယ်။ ကာလတန်ဖိုးနဲ့ တွက်မယ်ဆိုရင် ငွေကျပ်သိန်း ၃၀ ခန့်ရှိပါမယ်။ ရပ်ကွက်ရှင်လူ ပြည်သူအပေါင်း ဆက်သွယ်သွားလာမှု လွယ်ကူစေရေး ရည်ရွယ်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဆည်ကြီးချောင်းအတွင်းက သဲကျောက်တွေရယူပြီး လမ်းမပေါ် ချိုင့်တွေဖြစ်နေတဲ့နေရာများကို ခင်းပေးပါမယ်။ ယခင်က ဒီလမ်းက တောင်သူ လယ်လုပ်လမ်းတစ်ခုသာဖြစ်၍ ခက်ခက်ခဲခဲသွားရပါတယ်။ ယခုတော့ ၂၀၀၈ ခုနှစ်လောက်မှစပြီး ပြုပြင်လာတာ ဆိုင်ကယ်နှင့် ကားတွေ သွားလာနိုင်ပြီဖြစ်၍ ကလေးမြို့နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီဖြစ်ပါတယ်"ဟု အလှူရှင် ဦးဌေးဝင်းက ပြောသည်။

အဆိုပါလမ်းကြောင့် ကလေးမြို့နယ်၏ အနောက်မြောက်ဒေသ ကျေးရွာများဖြစ်သည့် ပျဉ်းခုံကြီး၊ ဆည်ကြီး၊ ဒိုးဝိုင်းချောင်း၊ ညောင်တော၊ လက်ပံချောင်း၊ ပြည်တော်သာ၊ ပျဉ်းတောဦး၊ အောင်ရွာ၊ မင်းလှကျေးရွာများမှ ပြည်သူများ လွယ်လင့်တကူသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

နေပြည်တော် ဆာဖာရီဥယျာဉ်တွင် သစ်ကုလားအုတ် ပထမဆုံးအကြိမ်မွေးဖွား

သတင်း-ကျော်သူဝင်း
ဓာတ်ပုံ-သက်ထက်

နေပြည်တော် ဆာဖာရီဥယျာဉ်တွင် အာဖရိကမျိုးစိတ် သစ်ကုလားအုတ်တစ်ကောင် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက မွေးဖွားကြောင်း သိရသည်။ **(အောက်ပုံ)**

"၂၀၁၀ ခုနှစ် အောက်တိုဘာလမှာ သစ်ကုလားအုတ်ခြောက်ကောင် အာဖရိကနိုင်ငံမှ ရောက်ရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီမှာ ထိုင်းနိုင်ငံ Safari Park Open Zoo မှ Thai Swat ကုမ္ပဏီက သစ်ကုလားအုတ်တစ်စုံ ပေးပို့လှူဒါန်းပါတယ်။ အသက်အရွယ် တစ်နှစ်မှ သုံးနှစ်ကြား ရှိပါတယ်။ ရောက်ရှိစဉ်က အမ တီဇာ(ခေါ်)သဲစုသည် လေးနှစ် ရှစ်လအရွယ်ဖြစ်ပြီး အထီး(ထုံချိုင်း)သည် သုံးနှစ်ခြောက်လအရွယ် ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် အာဖရိကမှ သစ်ကုလားအုတ်ခြောက်ကောင် ထပ်မံရောက်ရှိရာ စုစုပေါင်း ၁၄ ကောင်ရှိပါတယ်။ ယခု ကျွန်တော်တို့ ဆာဖာရီဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်မှာ ပြသထားပါတယ်။ အခု ၁၅ ရက်မှာမွေးတဲ့ သစ်ကုလားအုတ်လေးမှာ ဖခင်အာနိုးအသက်ငါးနှစ်ခွဲခန့် ရှိပြီး အာဖရိကမှ ဖြစ်ပါတယ်။ မိခင် တီဇာ(ခေါ်)သဲစုမှာ ထိုင်းမှပေးသော သစ်ကုလားအုတ် ဖြစ် ပါတယ်။ အခု မွေးဖွားလာသော သစ်ကုလားအုတ်မှာ အမဖြစ်ပြီး ပထမဆုံးအကြိမ် မွေးဖွားခြင်းဖြစ်ပါတယ်"ဟု နေပြည်တော်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူးက ပြောပြသည်။

သစ်ကုလားအုတ်များသည် ငါးနှစ်အရွယ်တွင် အရွယ်ရောက်ပြီး ကိုယ်ဝန်ဆောင်ချိန် ရက်ပေါင်း ၄၅၀ ရှိသည်။ သက်တမ်းမှာ အနှစ် ၂၀ မှ ၂၅ နှစ်အတွင်းရှိသည်။ အရပ်အမြင့်ဆုံးသတ္တဝါဖြစ်ပြီး ခြေချောင်းညီ၊ ခွာပါကုန်းသတ္တဝါတွင် အကြီးဆုံး စားမြုံ့ပြန် တိရစ္ဆာန်ဖြစ်သည်။ တစ်ကိုယ်လုံး မညီမညာအဝါမှ အမည်းရောင် အကွက်အမွေးရှိပြီး ၎င်းတို့နောက်ခံ အဖြူရောင်၊ အဝါအမွေးရှိသည်။

အဆိုပါသစ်ကုလားအုတ်များသည် အာဖရိကတိုက် ဆာဟာနားမြက်ခင်း၊ သစ်တောလွင်ပြင်တို့တွင် တွေ့ရသည်။ ရှားပါးမျိုးစိတ်ဖြစ်သည်။ ထို့ပြင် ကင်ညာ၊ ဇမ်ဘီယာ၊ အင်ဂိုလာ၊ တန်ဇန်းနီးယားတို့တွင်လည်း တွေ့ရှိရကြောင်း လေ့လာသိရှိရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တွင် ပြည်ပမှ မှာယူပြသထားသည့် တိရစ္ဆာန်များအနက် ရေမြင်း၊ မြင်းကျား၊ ဘို့တစ်လုံးကုလားအုတ်၊ ဆိတ်၊ ဆတ်၊ သားပိုက်ကောင်၊ ကျားဖြူနှင့် သစ်ကုလားအုတ်များသည် ဥယျာဉ်အတွင်း ရှင်သန်ပေါက်ဖွားလျက်ရှိရာ တိရစ္ဆာန်ချစ်သူများ လာရောက်လေ့လာ ကြည့်ရှုနိုင်ပါကြောင်း။ ။

ဇီဝမျိုးစုံ တောမှာစုံ၏

မဟာဘုံကထိန်အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

မဟာကျိန်သစ္စာရှင်ဘုရားကြီး ပဓာနနာယက၊ မဟာဇေယျသိဒ္ဓိအဓိဌာန်ဆရာတော် ဘဒ္ဒန္တကုလရက္ခိတအား အမှူးပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုနန္ဒာလမ်းမကြီး၊ မဟာကျိန်သစ္စာရှင်ဘုရားကြီး၏ ဒုတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်) ၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေအပေါင်းတို့အား ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

၁။	ဦးဌေးလွင်ဦး-ဒေါ်အေးအေးမော်(တာမွေမြို့နယ်)	ဖုန်း-၀၁-၅၄၈၇၀၈
၂။	ဦးကျော်ညွန့်(မရမ်းကုန်းမြို့နယ်)	ဖုန်း-၀၉-၅၁၂၅၄၀
၃။	ဦးသိန်းဟန် (လှိုင်သာယာမြို့နယ်)	ဖုန်း-၀၉-၅၀၄၄၆၄၇

မဟာကျိန်သစ္စာရှင်ဘုရားကြီး
ဂေါပကအဖွဲ့

ကျေးဇူးဆပ်ပါမည်

ကျွန်မ မချစ်သဲဖြူ ၁၄/နေဖ(နိုင်)၁၂၄၄၅၇၏ နိုင်ငံကူးလက်မှတ် M-278149 ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၃၆၁၃၉၄၁၊ စံကင်းကျေးရွာ၊ နေဖြူမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဣစ္ဆာသယလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ် ၆၈၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၃'×၅၀')မြေညီထပ်အခန်းအား ရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေအား ကမ်းလှမ်းလာရာ ဝယ်ယူရန် သဘောတူသဖြင့် စရန်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ဖြစ်စေ၊ ရောင်းဝယ်မှုနှင့်ပတ်သက်၍ဖြစ်စေ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများကိုပြသ၍ ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ပြုလုပ်ပါမည်။

ဝယ်ယူသူ ဒေါ်သီတာအေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း LL.B (ADVOCATE NO.2587)
တရားလွှတ်တော်ရှေ့နေ
၅၂၇(က)၊ ကျောင်းလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်

အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းလေးကျေးရွာအုပ်စု၊ ကွင်းအမှတ် (ပြင်)၊ ဦးပိုင်အမှတ် N-၃၁/ခ၊ ဧရိယာ ၁ဒသမ၂၀၈ဧကရှိ မြေနှင့်စပ်လျဉ်းပြီး ပိုင်ရှင်ဖြစ်သူ ဒေါ်ရီရီထွန်း AV-၀၁၅၇၅၂၏ အမွေဆက်ခံပိုင်ဆိုင်သူများ၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန် ကြေညာအပ်ပါသည်။

ဒေါ်ရီရီထွန်း၏ အမွေဆက်ခံပိုင်ဆိုင်သူ၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင် -၅၈၂၇)
B.Sc, Hon (IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

Fishing Right အလုပ်ရုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၉

မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးရိက္ခာဖြည့်တင်းရေးနှင့် အာဟာရဓာတ်ပြည့်ဝရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့တွင် အဓိကကျသောနေရာမှ ပါဝင်လျက်ရှိသည့်အပြင် သားငါးကဏ္ဍသည် Renewable Resource အဖြစ် ဖန်တီးလုပ်ဆောင်နေသော နယ်ပယ်ဖြစ်ကြောင်း၊ ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်လုပ်ကိုင်နိုင်ရေးအတွက် တာဝန်ရှိအသိစိတ်ဓာတ်ဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင် မြန်မာ့ရေပိုင်နက်မျဉ်း၏ အပြင်ဘက် သီးသန့်စီးပွားရေးဇုန်အတွင်း နိုင်ငံခြားငါးဖမ်း ရေယာဉ်များအား Fishing Right စနစ်ဖြင့် ခွင့်ပြုခြင်း အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြောကြားသည်။ (ဝဲပုံ)

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတထိန်းသိမ်းရေးရှုထောင့်၊ နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေကြိုးပမ်း ရှာဖွေရေးရှုထောင့်၊ တရားမဝင် ငါးဖမ်းခြင်းအား တားဆီးခြင်းရှုထောင့်၊ မြန်မာ့ပင်လယ်ပြင် လုံခြုံရေးရှုထောင့်၊ မြန်မာ့ကမ်းရိုးတန်းဒေသနေ ပြည်သူများနှင့် ကမ်းနီးရေလုပ်သားများတွင် ဝင်ငွေတိုးတက်လာရေးရှုထောင့်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ထိုင်း-မြန်မာ အမှတ်(၁)ချစ်ကြည်ရေးတံတား၌ လုံခြုံရေးစစ်ဆေး

တာချီလိတ် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ထိုင်း-မြန်မာအမှတ်(၁) ချစ်ကြည်ရေးတံတားရှိ ဗီဇာဖြင့်ဝင်ထွက်သွားလာသည့်မြန်မာနိုင်ငံသားများ၊ ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများမှ တရားမဝင်လက်နက်ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများ သယ်ဆောင်မှုရှိ မရှိ စစ်ဆေးရှာဖွေရေးရုံးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူသည် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ လာရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးသည် မဲခေါင်မြစ် ဟိုတယ်အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ် လေးခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများအား တွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ပြီးနောက် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်းသိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဆွမ်းခံရင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

နွားထိုးကြီး အောက်တိုဘာ ၁၉

ဆွမ်းခံရင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှု နွားထိုးကြီးရဲစခန်းအပိုင် ဆိတ်လူးကန်တွင် အောက်တိုဘာ ၁၅ ရက်က ဖြစ်ပွားခဲ့သည်။

တာတိုင်ကုန်းဘုန်းကြီးကျောင်းမှ ရှင်ဇနက(ရှစ်နှစ်)သည် ကိုရင်များနှင့် မြို့ထဲဆွမ်းခံကြွရာ လမ်းခရီး ဆိတ်လူးကန်၌ ရေဆင်းချိုးစဉ် ရေနစ်သည်ဆို၏။ ကိုရင်များက ယင်းအဖြစ်အပျက်ကို ဆွမ်းခံပြန်မှပြောပြ၍ လူကြီးများ သိရသည်။ နွားထိုးကြီးမြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ **(ခင်ဇာမွန်မြင့်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်ပေးမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁	ရန်ကုန်တိုင်းဒေသကြီး	တိုက်ကြီး၊ တွံတေး
၂	မန္တလေးတိုင်းဒေသကြီး	ဝမ်းတွင်း၊ နွားထိုးကြီး
၃	ရှမ်းပြည်နယ်	ရပ်စောက်၊ သိန်းနီ၊ နမ္မတူ၊ မိုင်းတုံ၊ မိုင်းဆတ်
၄	ကချင်ပြည်နယ်	ဖားကန့်
၅	စစ်ကိုင်းတိုင်းဒေသကြီး	ကနီ၊ ကသာ၊ အင်းတော် ဗန်းမောက်၊ ထီးချိုင့်၊ ဒီပဲယင်း
၆	တနင်္သာရီတိုင်းဒေသကြီး	ကျွန်းစု
၇	ပဲခူးတိုင်းဒေသကြီး	ကျောက်ကြီး၊ နတ်တလင်း
၈	မကွေးတိုင်းဒေသကြီး	တောင်တွင်းကြီး၊ မြိုင်၊ မြို့သစ်၊ အောင်လံ၊ ပေါက်၊ ဆော၊ မင်းလှ၊ ကန်ပက်လက်၊ စလင်း
၉	မွန်ပြည်နယ်	သံဖြူဇရပ်
၁၀	ရခိုင်ပြည်နယ်	ကျောက်ဖြူ၊ ရမ်းဗြဲ
၁၁	ဧရာဝတီတိုင်းဒေသကြီး	ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ညောင်တုန်း၊ ပန်းတနော်၊ ဇလွန်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

AETHER CO.,LTD

အလင်းတမန်ဆက်သွယ်ရေးကုမ္ပဏီ

JOB VACANCY

ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌သာကျပ်ငွေဖြင့်ခန့် ထားရန်)

1. Head of Marketing (Executive Level)
BBA ...
Marketing Development, Marketing Communication, Brand Development ...
Marketing Team Management ...
Retails Management from Consumer Electronics products or FMCG industry ... Background ...

2. HR Executive
... HR Information ...
HR / Business Administration ...
... IT ... (MS Office- Word, Excel, Powerpoint) ...

3. HR Assistant
... (Dip. in Human Resources ...)
Human Resources ...
MS Office (Word, Excel, Powerpoint) ...
(SAP HR ...)

4. Personal Assistant
... (Economics ...)
Personal Assistant ...
MS Office (Word, Excel, Powerpoint) ...

5. Administrative Assistant
... (Economics ...)
Personal Assistant, receptionist, administrative assistant ...
MS Office (Word, Excel, Powerpoint) ...

6. Executive Engineer
ME(EC), BE(EC)
AGTI(EC)

7. Assistant Engineer
ME(EC/EP), BE(EC/EP)
AGTI(EC/EP), B.Tech(EC/EP)

8. Second Assistant Engineer
ME(EC/EP), BE(EC/EP)
AGTI(EC/EP), B.Tech(EC/EP)

9. Technician
BSc, B.TECH, E.C.TECH

10. Data Entry
Any Graduated Person
Microsoft Office (Word/Excel/Powerpoint)
Autocad ...

11. Store Accountant
Any Graduated Person

CV form ... hr@aether.com.mm ...

ပြည်တွင်းသတင်း

မဟာချိုင်မြို့ရှိ ရဲများ နေ့စဉ်ဖမ်းဆီးငွေညှစ်နေမှုကြောင့် မြန်မာအလုပ်သမားများ အခက်အခဲဖြစ်နေကြရ

မဟာချိုင် အောက်တိုဘာ ၁၉

ဗန်ကောက်မြို့အနီး စမွတ်စာခွန်ခရိုင် မဟာချိုင်မြို့ ဈေးကြီးအနီးတွင်ရှိသော လေးထပ် ထိုင်းနိုင်ငံရဲရုံမှ ထိုင်းရဲများ နေ့စဉ်ဖမ်းဆီးငွေညှစ်နေမှုကြောင့် မြန်မာအလုပ်သမားများစွာ ငွေကုန် အခက်အခဲဖြစ်နေကြရကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့် အလုပ်ပိတ်ရက်ဖြစ်သော အောက်တိုဘာ ၁၃ ရက် (တနင်္ဂနွေ)က ပတ်စ်ပို့နှင့် အလုပ်လုပ်ခွင့်လက်မှတ် (Work permit) ရှိသည့် အလုပ်သမား ၁၀၀ ထက်မနည်း ငွေညှစ်ခံခဲ့ရကြောင်း ကိုယ်တိုင်ကြုံခဲ့ရသည့် အလုပ်သမားများကပြောသည်။ ဗန်ကောက်မြို့မှ မြန်မာအလုပ်သမား ကိုနေမျိုးက "ကျွန်တော့်ဦးလေးကို မဟာချိုင်ကိုလိုက်ပို့တာ ပတ်စ်ပို့ရော Work permit ပါပါတယ်။ ဘတ် ၂၀၀၀ ပေးမှလွှတ်မယ်လို့ပြောတယ်။ ကျွန်တော့်လို အလုပ်သမားတွေ ၁၀၀ လောက်ရှိတယ်။ နှစ်ထောင်ပေး သုံးထောင်ပေးပြီး ထွက်သွားကြတယ်။ ညနေပိုင်းမှာ ၃၀ လောက်ပဲကျန်ပြီး တဖွဲ့ဖွဲ့လာရွေးနေကြတာပဲ"ဟု ပြောသည်။ ဈေးအကူရောင်းသည့် မဖြူဖြူနီမှာမူ ဘတ် ၈၀၀ ပေးခဲ့သဖြင့် ပြန်လွှတ်လာခဲ့သည်။

မဟာချိုင် နယ်မြေအတွင်း တာဝန်ကျသည့် ထိုင်းရဲများသည် မြန်မာအလုပ်သမားများ နေထိုင်သည့် တန်းလျားများသို့ ဝင်ရောက်၍ မကြာခဏစစ်ဆေးလေ့ရှိကြရာတွင် မြန်မာအလုပ်သမား အတော်များများမှာ ပတ်စ်ပို့နှင့် Work permit များရှိသူများကြသဖြင့် အလုပ်သမားများ ထမင်းဟင်း စုပေါင်းချက်စားကြသည့် စာရင်းများကို**(အပေါ်ယာပုံ)** ခဲ့စာရွက်ဟု ပြောဆိုကာ အဓမ္မဖမ်းဆီးငွေညှစ်ကြလေ့ရှိကြောင်း သိရသည်။ ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ဒါရိုက်တာ ဦးကျော်သောင်းက "တစ်နေ့က ဖမ်းဆီးခံရသူတွေထဲမှာ အလုပ်သမား နှစ်ယောက်ဆီကနေ ဘတ်ငွေ ၈၀၀ ရတာကို မရောင့်ရဲသေးဘဲ ပတ်စ်ပို့အပေါင်ဆိုင်တစ်ခုမှာ ဘတ်ငွေ ၅၀၀၀ ချေးပြီး ရဲဘာသာပြန်ကို ပေးခဲ့ကြရတယ်။ ဒီကိစ္စကို ကျွန်တော်တို့က လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးတပ်ဖွဲ့နဲ့ ရာဇဝတ်မှုနှိမ်နင်း



ရေးတပ်ဖွဲ့တို့ကိုတင်ပြကြတယ်။ သူတို့က မြန်မာအစိုးရအဆင့်ကနေ ပြီးတော့ ထိုင်းဗဟိုရဲတပ်ဖွဲ့ကို တိုင်ကြားဖို့လိုတယ်လို့ အကြံပြုတာကြောင့် ကျွန်တော်တို့က မြန်မာသံရုံးကိုရော နေပြည်တော်ရဲတပ်ဖွဲ့က တာဝန်ရှိသူတို့ထံကိုပါ တင်ပြထားတယ်"ဟု ပြောသည်။

၂၀၀၄-၂၀၀၅ ခုနှစ်က ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများ ပန်းရောင်ကတ်လုပ်ခဲ့စဉ် တစ်နှစ်စာကျန်းမာရေးစောင့်ရှောက်ခ အပါအဝင် စုစုပေါင်း အစိုးရနှုန်းထား ဘတ်ငွေ ၃၈၀၀ သာ ကုန်ကျခဲ့သည့်အပြင် သူဌေးအငှားဖြင့် လုပ်ကိုင်မှ ဘတ်ငွေ ၅၀၀၀ ထက်ပို၍ မကုန်ကျခဲ့ကြောင်းလည်း သိရသည်။

မြန်မာအလုပ်သမားများမှာ ထိုင်းနိုင်ငံအတွင်း ပတ်စ်ပို့မရှိလျှင် အလုပ်လုပ်ကိုင် နေထိုင်ခွင့်မရှိကြောင်း၊ အလုပ်လုပ်နေကြသူများမှာ ပတ်စ်ပို့လက်ဝယ် ကိုင်ထားကြသော်လည်း ထိုင်းရဲများကို ကြောက်မြဲတိုင်း ကြောက်နေရသဖြင့် ပေးမြဲတိုင်းပေးနေရဦးမည်သာဖြစ်ကြောင်း ပြောဆိုနေကြသည်။

MAT အဖွဲ့၏ ရုံးတာဝန်ခံ ကိုစိုင်းအေးက "ဗန်ကောက်သံရုံးမှာ သံမှူးဦးနိုင်ထွန်း ရှိတုန်းကတော့ အလုပ်သမားတွေအတွက် အတော်ပဲအကာ အကွယ်ရပါတယ်။ ပတ်စ်ပို့ရှိတဲ့ အလုပ်သမားတွေ ရဲဖမ်းခံရလို့ရှိရင် သူကိုယ်တိုင်အဲဒီရဲစခန်းကို ထိုင်းစကားနဲ့ ဖုန်းဆက်ပြီးပြောပေးတယ်။ ပြောမရရင် လူကိုယ်တိုင် လိုက်ပြောပေးတယ်။ အခုလက်ရှိ ဗန်ကောက်သံရုံးမှာ ထိုင်းစကားတတ်တဲ့ မြန်မာအရာရှိတွေလိုအပ်သလို ဦးနိုင်ထွန်းလို အလုပ်သမားတွေအပေါ်မှာ စေတနာထားတဲ့အရာရှိတွေ များများရှိမှ ထိုင်းနိုင်ငံရောက်အလုပ်သမားတွေ သက်သာမယ်"ဟု သူ၏အတွေ့အကြုံများကို သုံးသပ်ပြောကြားသည်။

စိုးဝင်း(SP)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၄၅၀၀-၆၄၄၂၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၄၀၀၀-၆၄၃၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၈၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၅-၁၃၂၈	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၀. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၅. ၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၂၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၉၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၉၀၀-၆၇၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၂၄၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စေ့ငုတင်ပြသည်။

မြန်မာအလုပ်သမားများ၏ ယာယီနိုင်ငံကူးလက်မှတ်များ ပေးအပ်

မယ်ဆိုင် အောက်တိုဘာ ၁၉

ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချိန်းရိုင်းခရိုင် မယ်ဆိုင်မြို့တွင် ဖွင့်လှစ်ထားသည့် Prove Garment ကုမ္ပဏီပိုင် အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်ခံရသော အလုပ်သမားများ၏ ယာယီနိုင်ငံကူးလက်မှတ်များ ပေးအပ်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက မယ်ဆိုင်မြို့ နမ်းကျန်းရပ်ကွက်တွင် ကျင်းပရာ မြန်မာ-ထိုင်း နယ်ခြားကော်မတီမှ တာဝန်ရှိသူများ၊ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (တာချီလိတ်)မှ တာဝန်ရှိသူများက အလုပ်သမား ၁၂၆ ဦး၏ ယာယီနိုင်ငံကူးလက်မှတ်များကို လွှဲပြောင်းပေးအပ်ကြသည်။ **(ယာပုံ)**

အဆိုပါ စက်ရုံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအပေါ် အလုပ်ရှင်ဖြစ်သူက ယာယီနိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ လစာငွေကြေးများ ပုံမှန်ပေးချေမှုရှိခြင်း၊ MoU ပါ စည်းကမ်းချက်များကို နည်းမျိုးစုံဖြင့် ချိုးဖောက်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ယခုနှစ် မေလမှစတင်ကာ အလုပ်ရှင်နှင့် အလုပ်သမားများအကြား တင်းမာမှုဖြစ်ပွားခဲ့သည်။ အလုပ်သမားများက ၎င်းတို့၏ အခက်အခဲများကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် တာချီလိတ်မြို့ရှိ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ လာရောက်တင်ပြ အကူအညီတောင်းခံခဲ့ရာ ကော်မတီသည် တာချီလိတ် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ညွှန်ကြားချက်နှင့်အညီ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အကူအညီကိုရယူ၍ မယ်ဆိုင်မြို့ပိုင်ရုံး၏ ပံ့ပိုးမှုဖြင့် ထိုင်းနိုင်ငံ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတို့က တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၎င်းအလုပ်သမားများ၏ ယာယီနိုင်ငံကူးလက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့်ပါမစ်နှင့် စက်တင်ဘာလအတွက် လစာငွေ

ကို ပြန်လည်ရရှိခဲ့သည်။

သို့ရာတွင် အလုပ်ရှင်ဖြစ်သူက ယာယီနိုင်ငံကူး လက်မှတ်များကို ရက်ပေါင်း ၉၀ လျှင်တစ်ကြိမ် သက်တမ်းတိုးပေးရန် တာဝန်ရှိသော်လည်း ရက်ပေါင်း ၁၈၀ ကျော်ရှိနေပြီဖြစ်သည့်တိုင် ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် ထိုင်းနိုင်ငံဥပဒေ အရ သက်တမ်းတိုးခြင်းအတွက် တစ်စောင်လျှင် ထိုင်းဘတ်ငွေ ၂၀၀၀ နှုန်း ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ရာ အခက်အခဲနှင့် ရင်ဆိုင်နေရသည့် အလုပ်သမားများအနေဖြင့် ပေးဆောင်ရန် မတတ်နိုင်သည့်အတွက် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (တာချီလိတ်)သည် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများထံ မေတ္တာရပ်ခံအကူအညီတောင်းဆောင်ရွက်ခဲ့သဖြင့် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **မောင်ယဉ်ကျေး**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမာလာ ၉/မနတ(နိုင်)၀၆၁၄၅၃၈၏ ဖုန်း-၀၉-၂၀၃၀၄၀၆ ပိုင်ဆိုင်မှုစာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဦးမာလာ**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ 500 KVA Generator ဝယ်ယူရေးအတွက် တင်ဒါတင်သွင်းထားသူများ၏ Short List စာရင်းကြေညာချက်

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ (MRTV ရန်ကုန်)တွင် အသုံးပြုရန် 500 KVA Generator (Open Type) (1 Lot) အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ၃၁-၈-၂၀၁၃ ရက် သတင်းစာများမှနေ၍ တင်ဒါခေါ်ယူခဲ့ရာ တင်ဒါသတ်မှတ်စည်းမျဉ်းအတိုင်း တင်သွင်းလာသည့်တင်ဒါ (၂၂)စောင်အားလက်ခံရရှိခဲ့ပါသည်။

၂။ ယင်းတင်ဒါတင်သွင်းလာသော ကုမ္ပဏီ(၂၂)ခုကို Long List အဖြစ် သတ်မှတ်လက်ခံပြီး စက်ပစ္စည်း၏ Brand နှင့် အရည်အသွေးကို အောက်ပါအတိုင်း စစ်ဆေးခဲ့ပါသည်။

(က) ဌာနမှတောင်းခံထားသော FG Wilson (UK) ဖြင့် တင်သွင်းခြင်းရှိ/မရှိ
(ခ) Engine မှာ Parkins(UK) ဟုတ်/မဟုတ်
(ဂ) Alternator မှာ Leroy Somer(France) (သို့) Stamford(UK) ဟုတ်/မဟုတ်
(ဃ) သတ်မှတ် Specification ကိုက်ညီမှုရှိ/မရှိ
(င) ဂါလန်(၅၀၀)ဆံ့ External Tank ပါ/မပါ
(စ) Fule Piping System ပါ/မပါ
(ဆ) Installation ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ

၃။ အဆိုပါဌာနမှ သတ်မှတ်ထားသော Brand နှင့် Specification များအပေါ်မူတည်၍ တင်သွင်းလာသော အောက်ဖော်ပြပါကုမ္ပဏီသုံးခုအား Short List အဖြစ် ဆန်ခါတင်ရွေးချယ်ရရှိခဲ့ပါသည်-

(က) Armahn Trading Co., Ltd.
(ခ) Step by Step Co., Ltd.
(ဂ) Tiger Supply Co., Ltd.

၄။ အထက်ပါ Short List စာရင်းပါ ကုမ္ပဏီသုံးခုအား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပ စက်ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီမှ ၂၂-၁၀-၂၀၁၃ ရက် နံနက် ၁၀း၀၀နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စုဝေးခန်းမ၊ ရုံးအမှတ်-၇ တွင် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
ရွှေဘိုမြို့နယ် နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၄၉

ဒေါ်ခြူး နှင့် ၁။ မထားထားလှိုင်(ခ)အလှိုင်
၂။ မအေးကြွယ်

တရားလို **တရားပြိုင်များ**

ရွှေဘိုမြို့၊ အမှတ်(၁)ရပ်နေ မထားထားလှိုင်(ခ)အလှိုင် (ဘ)ဦးခွေးမောင်၊ မအေးကြွယ်(ဘ)ဦးမြ (အတူနေသူများ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငါးဖိုးကျန်ငွေ ၅၅၄၇၁၈၆ ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၇ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခိုင်ခိုင်မျိုး
တွဲဖက်မြို့နယ်တရားသူကြီး
ရွှေဘိုမြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် မြေငှားစာချုပ်အမှတ်(သစ်၊ တဥ၊ ၅၉၀၊ ၂၀၀၁)ဖြင့် ဦးထိန်ဝင်းအမည်ဖြင့် မှတ်သားတည်ရှိထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)၊ မြေကွက်အမှတ် ၇၆၂/က(အရပ်အခေါ်) အမှတ် ၇၆၂/က၊ ဗြဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဧရိယာ ၁၈၀၀ စတုရန်းပေရှိ အိမ်ခြံမြေကွက်အား နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ် ငွေပေးကတိစာချုပ်ဖြင့် ဦးထိန်ဝင်းမှ ကျွန်ုပ်ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချကာ ၎င်းအိမ်ခြံမြေနှင့်တကွ စာချုပ်စာတမ်းများကို လက်ရောက်ပေးအပ်ခဲ့သော်လည်း ဦးထိန်ဝင်းသည် ယနေ့တိုင် မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးနိုင်ခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း ဦးထိန်ဝင်းမှ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်၍ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးထိန်ဝင်းနှင့်တကွ သက်ဆိုင်သူများအပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဇော်စိုး ၁၂/လသယ(နိုင်)၀၁၉၈၇၈
အမှတ် ၄၀၊ ဗိုလ်အေးချိုလမ်း၊
၁/၁၁ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဝွေးတောက်အိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၄၀/ဘီ)သီတာအိုင်၊ ဦးပိုင်အမှတ်(N/၇)စ၊ ဧရိယာ ၇၅ဒသမ၈၄ဧကရှိ ခြံမြေကွက်ပေါ်ရှိအဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လှည်းကူးမြို့ မြေစာရင်းတွင် ဦးလှဖေနှင့်ဦးမြင့်ဝေ အမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော ယင်းခြံမြေကို ကျွန်ုပ်မှ ဦးလှဖေ ၁၂/တမန(နိုင်)၀၃၂၇၂၅ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုတည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကျော်အေး**

စ/၁၁၃၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်
ဖုန်း-၀၉-၆၈၁၄၉၉၆

ရက်ပေါင်း ၅၁ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၅ ရက်မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မြန်မာအသင်းအောင်နိုင်မှုရရှိရေး၊ မြန်မာပရိသတ်များကလည်း ဝိုင်းဝန်းအားပေးစေလိုကြောင်း ဦးစီးကော်မတီအဖွဲ့ဝင်များကလည်း အဖွဲ့ချုပ်များနှင့် ပူးပေါင်းလျက် နိုင်ငံတော်၏ရည်မှန်းချက် အောင်မြင်စွာ ပြီးမြောက်ရေး ဝိုင်းဝန်းဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးမြင့်ဆွေက ရန်ကုန်တွင် အားကစားနည်း ခုနစ်နည်းကို ခြောက်နေရာခွဲလျက် ကျင်းပရန်ဖြစ်ပြီး Pre SEA Games (Test match 2013) ပြိုင်ပွဲများလည်း အောင်မြင်စွာ ကျင်းပလျက်ရှိကြောင်း၊ ပြိုင်ပွဲကျင်းပမည့်နေရာ ခြောက်နေရာရှိ အားကစားကွင်း/ရုံများကိုလည်း နိုင်ငံတကာအဆင့်မီ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးအရေးကြီးသဖြင့် ရာနှုန်းပြည့်ပြင်ဆင်ထားရှိပါကြောင်း၊ မီးရှူးတိုင်ထွန်းညှိ လက်ဆင့်ကမ်းသယ်ယူခြင်းများလည်း အစမ်းလေ့ကျင့်လျက်ရှိပါကြောင်း၊ အလံတိုင်များ၊ ဆိုင်းဘုတ်များကိုလည်း ရွေးချယ်၍ အကြိမ်ကြိမ်လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်တွင် လာရောက်ယှဉ်ပြိုင်မည့် အာဆီယံ ၁၀ နိုင်ငံမှ အားကစားနည်း ခုနစ်နည်းအတွက် ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်သွားလာရေး၊ ပြိုင်ပွဲများအချိန်မီယှဉ်ပြိုင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပူးပေါင်း၍ အကောင်းဆုံးပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်က ရန်ကုန်တွင် ကျင်းပမည့် အားကစားနည်းခုနစ်နည်း၏ အားကစားနည်းအလိုက် အောင်မြင်မှုရရှိရေး အတွက် ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံရန်ကုန် တာဝန်ခံကျောင်းအုပ်ကြီး ဦးကျော်ဆန်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ်ဆွေးနွေး တင်ပြကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

အမျိုးသားဟော်ကီပြိုင်ပွဲ မြန်မာနှင့်ထိုင်း ယှဉ်ပြိုင်ကစားမည်

ရန်ကုန် အောက်တိုဘာ ၁၉

(၂၇)ကြိမ်မြောက်ဆီးဂိမ်းအကြို လက်ရည်စမ်းပွဲအဖြစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ကကြီးမှူး၍ အမျိုးသားဟော်ကီပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ(က)၊ မြန်မာ(ခ)နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ယခုကျင်းပမည့် လက်ရည်စမ်းပွဲမတိုင်မီ ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် Asian Challeng Cup အမျိုးသားဟော်ကီပြိုင်ပွဲတွင် မြန်မာ့ပဏာမ အမျိုးသားဟော်ကီအသင်းက ထိုင်းလက်ရွေးစင်(က)အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ထိုင်း(ခ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဒုတိယ ငွေတံဆိပ်ရခဲ့ပြီး ထိုင်းလက်ရွေးစင် (က)အသင်းက တတိယ ကြေးတံဆိပ်ရလဒ်များဖြစ်ခဲ့သည့် တစ်ကျော့ပြန်စိန်ခေါ်ပွဲဖြစ်သည်။

ဆက်လက်ကျင်းပ

ပွဲစဉ်များမှာ အောက်တိုဘာ ၂၇ ရက်တွင် မြန်မာ(က)နှင့် ထိုင်း၊ ၂၈ ရက်တွင် မြန်မာ(ခ)နှင့် ထိုင်း၊ ၂၉ ရက်တွင် မြန်မာ(က)နှင့် မြန်မာ(ခ)၊ ၂၉ ရက်တွင် ဗိုလ်လုပွဲအဖြစ် အမှတ်အများဆုံးနှင့် အမှတ်ဒုတိယရရှိခဲ့သည့် အသင်းတို့ ယှဉ်ပြိုင်ကစားပြီး ဆုပေးပွဲ ဆက်လက်ကျင်းပမည် ဖြစ်သည်။

သန်းဆွေ(ပန်းဘဲတန်း)

မြန်မာအမျိုးသမီးဘောလုံး ဆုနှင့်မလွဲနိုင်၊ ပထမဆုရအောင် မျှော်မှန်းကြိုးစားနေ

မြန်မာအမျိုးသမီးအသင်းနှင့် လာအိုအမျိုးသမီးအသင်းတို့ သုဝဏ္ဏကွင်း၌ အာဆီယံအမျိုးသမီးချန်ပီယံရှစ် ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေဖြင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် ပထမဆုရဖို့ ကြိုးစားနေကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဘန်နီတင်အောင်က ပြောကြားလိုက်သည်။ "မြန်မာအမျိုးသမီးဘောလုံးအသင်းအနေနဲ့ အာဆီယံမှာရော အခြားပြိုင်ပွဲတွေမှာပါ အောင်မြင်ခဲ့တဲ့အစဉ်အလာတွေ ရှိပါတယ်။ ဒီအစဉ်အလာကောင်းတွေကိုပဲ ဆက်လက် ထိန်းသိမ်းထားနိုင်အောင် ကျွန်တော်တို့ အားကစားတာဝန်ရှိသူတွေ၊ နည်းပြတွေ၊ အုပ်ချုပ်သူတွေနဲ့ အားကစားသမားတွေက အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်နေပါတယ်။ လက်ရှိအခြေအနေမှာတော့ ပြီးခဲ့တဲ့ အမျိုးသမီးအာဆီယံပြိုင်ပွဲပြီးတဲ့နောက် မြန်မာအမျိုးသမီးဘောလုံးအသင်းအနေနဲ့ အားနည်းချက်၊ အားသာချက်တွေကို ပြန်လည်သုံးသပ်ပြီး လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပါတယ်" ဟု ဦးဘန်နီတင်အောင်က ရှင်းပြသည်။

"မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေနဲ့ ဆီးဂိမ်းမှာ အနည်းဆုံး ဒုတိယနဲ့ တတိယဆုက ပုံမှန်ရနေကျဖြစ်ပါတယ်၊ ပထမဆုတော့ ရခဲ့တာမရှိသေးပါဘူး၊ အခုရအောင် ကြိုးစားသွားမှာဖြစ်ပါတယ်၊ အနည်းဆုံးတော့ ဒုတိယဆု မျှော်မှန်းထားပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၉ ရက်မှ ၂၁ ရက်အထိ မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းကြီး၌ ကျင်းပသွားမည်ဖြစ်သည်။ ထူးခြားသည်မှာ အဆိုပါ အားကစားကွင်းကြီး၌ အမျိုးသမီးပြိုင်ပွဲအားလုံးကို ကျင်းပမည်ဖြစ်၍ မန္တလေးဘောလုံးပရိသတ်အနေဖြင့် အမျိုးသမီးပွဲစဉ်များကို ဗိုလ်လုပွဲအထိ ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။ မန္တလေး ပရိသတ်၏ တစ်ခဲနက်အားပေးမှုဖြင့် မြန်မာအမျိုးသမီး ဘောလုံးအသင်း ပထမဆုကို မျှော်မှန်းနိုင်မည်ဖြစ်သည်။

မောင်ရွှေရိုး

အောင်ပွဲရဘောလုံးအသင်းအား ဂုဏ်ပြုပွဲကျင်းပ

မိုးကောင်း အောက်တိုဘာ ၁၉

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၂၀၁၃ ခုနှစ် ခရိုင်ပေါင်းစုံ အသက်(၁၉ နှစ်)အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲသည့် မိုးညှင်းခရိုင်(ခ)အသင်းကိုယ်စားပြု မိုးကောင်းမြို့နယ်အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးကောင်းမြို့နန့်ကောင်းရိပ်သာခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝ၆၂)**

ဆီးဂိမ်းပွဲတော် ကြိုဆို တစ်ကိုယ်တော်စက်ဘီးစီးမည်

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပွဲတော်ကျင်းပရန် ရက်ပေါင်း ၅၀ အလိုတွင် ၁၀ ရက်ကြာခရီးစဉ်အဖြစ် မိုင် ၁၀၀၀ ကို အောက်တိုဘာ ၂၁ ရက် နံနက် ၆ နာရီတွင် တစ်ကိုယ်တော်စက်ဘီးစီးသမား ဦးတင်ဦး(၅၀နှစ်) ပျဉ်းမနားမြို့နေသူသည် နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ် ဆိုင်းဘုတ်ရှေ့မှစတင်၍ တာထွက်ပြီး တောင်ငူ၊ ပဲခူး၊ ရန်ကုန်၊ လက်ပံတန်း၊ ပြည်၊ တောင်တွင်းကြီး၊ မကွေး၊ မြင်းခြံ၊ မန္တလေး၊ မိတ္ထီလာမြို့များသို့ ဖြတ်သန်းစီးနင်း၍ နေပြည်တော် (Gold Camp) အားကစားကျေးရွာတွင် ပန်းဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၃ ခုနှစ်၌ မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အာဆီယံဆီးဂိမ်းပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် စက်ဘီးအားကစားနှင့် အခြားအားကစားသမားများ စိတ်ဓာတ် နိုးကြားတက်ကြွလာစေရန် ရည်ရွယ်၍ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့် တစ်ကိုယ်တော် စက်ဘီးစီးနင်းသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

၂၀၁၂ ခုနှစ်အတွက် ချီးမြှင့်မည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား၏ အောက်ပါလုပ်ငန်းရပ်များကို ရန်ကုန်မြို့တွင် ကြော်ငြာခြင်းလုပ်ငန်းနှင့်အတူ တစ်ပေါင်းတည်း ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) Digital စနစ် စင်မြင့်ဆောက်လုပ်ခြင်း၊ စင်မြင့်ပြင်ဆင်ခြင်းနှင့် မီးအလှဆင်ခြင်း
- (ခ) အခမ်းအနားကျင်းပမည့်နေရာနှင့် ပတ်ဝန်းကျင်ပြင်ဆင်ခြင်း
- (ဂ) ဖိတ်ကြားဧည့်သည်နှင့် အနုပညာရှင်များဧည့်ခံကျွေးမွေးခြင်း
- (ဃ) ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်ခြင်း
- (င) အစီအစဉ်ကြေညာသူ၊ ဆုဗန်းကိုင်၊ မိတ်ကပ်၊ လက်ဝတ်ရတနာနှင့် ပန်းအလှပြင်ခြင်းများ စီစဉ်ဆောင်ရွက်ခြင်း
- (စ) ဖိတ်စာများနှင့်မှတ်တမ်းစာအုပ်ရိုက်နှိပ်ခြင်း
- (ဆ) လက်မှတ်ရောင်းချခြင်းနှင့်လုံခြုံရေးအစီအစဉ်ဆောင်ရွက်ခြင်း
- (ဇ) လိုအပ်ပါက ရုပ်မြင်သံကြားတိုက်ရိုက်ထုတ်လွှင့်ခြင်း အစီအစဉ် ဆောင်ရွက်ခြင်းနှင့် သတင်းမီဒီယာများနှင့် ပတ်သက်၍ ပွဲကျင်းပချိန်တွင် စနစ်တကျရှိသော သတင်းရယူမှု အစီအစဉ် ဆောင်ရွက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၀-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/ ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ၂၈-၁၀-၂၀၁၃ ရက်မှစတင်၍ ၂၂-၁၁-၂၀၁၃ ရက် ညနေ ၄ နာရီအထိ လျှောက်လွှာများ လက်ခံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရွေးချယ်ကြော်ငြာမည့်ရက်အား ထပ်မံဆက်သွယ်ကြော်ငြာအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုံးချုပ်၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန် ဖုန်း-၅၃၇၄၃၉၊ ၅၃၄၈၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့ရုပ်ရှင်လုပ်ငန်း

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃A၊ မြေကွက်အမှတ် V ၁၁၊ မြေကွက်တည်နေရာအမှတ်-၅၊ ရွှေဟင်္သာလမ်း၊ တာမွေမြို့နယ် မအုန်းရွှေ (သား) မောင်ကျော်သိန်း(သမီး) မရီ အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက်ထံမှ တာမွေမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၆/၂၀၁၂၊ တရားမဇာရီမှုအမှတ် ၁၄/၂၀၁၂၊ အရောင်းအဝယ်စာချုပ် ၂၈၄၄/၁၃ / ၇-၈-၂၀၁၃ အရ (၁)ဒေါ်သန်းသန်းမြင့် ၉/မရတ(နိုင်)၀၅၉၈၃၈၊ (၂)ဒေါ်တင်တင်ညို ၁၂/ကတတ(နိုင်)၀၁၃၁၃၁၊ (၃)ဦးကြီးမြင့် ၁၂/တမန(နိုင်)၀၅၇၀၉၄၊ (၄)ဦးစိန်မြင့် ၁၂/တမန(နိုင်)၀၄၁၆၄၂ တို့က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာနှင့်ရဲစခန်းထောက်ခံစာတို့ကို တင်ပြ၍ ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

C B BANK
ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယတွင်
မြန်မာပြည်သူပြည်သားများ အားလုံး
စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ရှိကြပါစေကြောင်း
CB Bank မိသားစုမှ
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။
CB Bank မိသားစု

သတင်းဆောင်းပါးနှင့်နယ်သတင်း

ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနိမ့်ကျရသည့်အကြောင်းရင်းများအနက် လျှပ်စစ်မီးမလုံလောက်ခြင်းသည် အဓိကအကြောင်းရင်းတစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံသည် လျှပ်စစ်ဓာတ်အားမလုံလောက်မှုကြောင့် လူနေမှုအဆင့်အတန်းသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၇ နိုင်ငံရှိသည့်အနက်အဆင့် ၁၄၉သို့ရောက်ရှိနေပြီးအရှေ့တောင်အာရှတွင်ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံအဖြစ်ရောက်ရှိနေခြင်းကို UN ထုတ်ပြန်ချက်အရ သိရှိရသည်။ မြန်မာလူထုကြီး၏ လက်ရှိဘဝမှ လူနေမှုအဆင့်အတန်းမြှင့်တင်လိုပါက လျှပ်စစ်မီးအလုံအလောက်ရရှိရေးသည် အဓိကသော့ချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် လူထုလျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးဆောင်ရွက်ရာတွင် ရေအားလျှပ်စစ်သည် ၇နှစ်မှ ၁၀နှစ် ကြာမြင့်နိုင်ပြီး နေအားနှင့်လေအားသည် စရိတ်ကြီးမြင့်သဖြင့် လောလောဆယ် လျှပ်စစ်ဓာတ်အား အမြန်ရဖို့ဆိုလျှင် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို မထိခိုက်စေသောနည်းဖြင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများတည်ဆောက်ရမည်ဖြစ်သည်။ ရှေးယခင်ကတည်ဆောက်ခဲ့သော ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခဲ့သောကြောင့် ယခုအခါ ပတ်ဝန်းကျင်ရှိလူများကို ကျန်းမာရေးမထိခိုက်စေသော နောက်ဆုံးပေါ် စက်မှုနည်းပညာ Clean Coal နည်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်လာခဲ့ကြသည်။

လူနေမှုအဆင့်အတန်းမြင့်မားသော တိုကျိုမြို့နှင့်စင်ကာပူမြို့များ၌ Clean Coal နည်းဖြင့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများကိုမြို့အတွင်းတွင်တည်ဆောက်ပြီး လျှပ်စစ်ထုတ်လုပ်နေခြင်းသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်လူထု၏ကျန်းမာရေးကို မထိခိုက်နိုင်ကြောင်း သိသာထင်ရှားလျက်ရှိသည်။

World Resources Institute ထုတ်ပြန်ချက်အရ ကမ္ဘာတွင် လျှပ်စစ်ဓာတ်အား ထပ်မံလိုအပ်လျက်ရှိရာ နိုင်ငံပေါင်း ၅၉ နိုင်ငံမှာ လျှပ်စစ် 1.4 Million MW (မဂ္ဂါဝပ်ပေါင်း ၁၄ သိန်း)လိုအပ်၍ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံပေါင်း ၁၂၀၀ ခန့်တည်ဆောက်တော့မည်ဖြစ်ကြောင်း World Resources Institute ထုတ်ပြန်ချက်အရသိရှိရပါသည်။

လူနေမှုအဆင့်အတန်းမြင့်ပြီး လူမှုကျန်းမာရေးအလွန်လိုက်စားသောနိုင်ငံများဖြစ်သည့် ဂျပန်နှင့် ဂျာမနီနိုင်ငံတို့တွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသောနည်းစဉ်ဖြင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိရာ ဂျာမနီနိုင်ငံတွင် ဓာတ်အားပေးစက်ရုံလေးရုံမှ (မဂ္ဂါဝပ် ၄၃၇၇) ထုတ်လုပ်နိုင်သော စက်ရုံများစတင်လည်ပတ်တော့မည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင်လည်း လူများကိုအန္တရာယ်ရှိစေသည့် မဂ္ဂါဝပ် ၅၀၀၀၀ ထုတ်လုပ်လျက်ရှိသော နျူကလီးယားဓာတ်အားပေးစက်ရုံများကို ရပ်ဆိုင်းလိုက်ပြီး စီးပွားရေးတွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသောနည်း (Clean Coal Techanology)ဖြင့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများဆောက်ပြီးလျှပ်စစ်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း စီးပွားရေးကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Toshimitsu က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင်လည်း လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်မှစ၍ ယနေ့အချိန်ထိ ကျောက်မီးသွေးကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်ထုတ်လွှတ်လျက်ရှိသည်။ ပတ်ဝန်းကျင်ထိခိုက်ပြီး သက်တမ်းကုန်ဆုံးသော စက်ရုံများသာလျှင် ပိတ်သိမ်းပြီး ဈေးနှုန်းသက်သာသော သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်လာခဲ့သည်။ အမေရိကန်နိုင်ငံ၌ ကျောက်မီးသွေးနှင့် ဓာတ်ငွေ့နှိုင်းယှဉ်လျှင် ဓာတ်ငွေ့သည် ဈေးသက်သာနေသဖြင့် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများတည်ဆောက်ရခြင်းဖြစ်သည်။

နေ့စဉ်အသုံးပြုနေသောကားနှင့်ရေယာဉ်များမှ ထွက်သော နိုက်ထရိတ်အောက်ဆိုက် (N_2O)၊ နိုက်ထရိုဂျင်ပါအောက်ဆိုက် (NO_2) နှင့် ကာဗွန်မိုနောက်ဆိုက် (CO) ဓာတ်ငွေ့တို့သည် လူတို့၏ကျန်းမာရေးကို အန္တရာယ်ရှိစေနိုင်သော်လည်း ဆိုးကျိုးထက် ကောင်းကျိုးကို ပိုမိုဖြစ်စေသောကြောင့် လူတို့သည် ကားနှင့်ရေယာဉ်များကို ဆက်လက်သုံးလျက်ရှိကြသည်။

ကျေးလက်တောရွာများတွင် နွားလှည်းများ မောင်းနှင်မှုကြောင့် ဖုန်လုံးကြီးများဖြစ်ပေါ်လာပြီးအဆုတ်နှင့်သက်ဆိုင်သောရောဂါများ ဖြစ်ပွားနိုင်သော်လည်း အန္တရာယ်ထက် ကောင်းကျိုးကပိုမိုစေသဖြင့် တောင်သူလယ်သမားများသည် နွားလှည်းများကို ဆက်လက်အသုံးပြုလျက်ရှိကြသည်။

ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကို နောက်ဆုံးပေါ်စက်မှုနည်းပညာများ (Clean Coal Techanology)ဖြင့် တည်ဆောက်လျှင် လူတို့အတွက် ဆိုးကျိုးထက်ကောင်းကျိုးကိုဖြစ်စေသောကြောင့် ကမ္ဘာတွင် ကျောက်မီးသွေးစက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိသည်။

မြန်မာလူထုသည် လျှပ်စစ်မီးမရ၍ ထိခိုက်မှုအကျိုးဆက်များကို နှစ်ပေါင်း ၃၀ ကျော်ခံစားနေခဲ့ပြီး နိမ့်ကျသော လူနေမှုအဆင့်အတန်းဘဝ နေထိုင် ခဲ့ရတာကြာလှပါပြီ။ ထို့ကြောင့် မြန်မာလူထုမျှော်လင့်တောင့်တနေသော လျှပ်စစ်မီးရရှိရေးအတွက် လူကို အန္တရာယ်မဖြစ်စေသောနည်းဖြင့် ကျောက် မီးသွေးသုံးဓာတ်အားပေးစက်ရုံများ အမြန်တည်ဆောက်ရန်လူထုအများစုကိုယ်စား ရေးသားတောင်းဆိုလိုက်ရပါသည်။

တင်စိုး

ရန်ကုန်-မူဆယ်ကားခများ တစ်တန်လျှင်တစ်သောင်းကျော်တက်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်-မူဆယ်ကားခများ တစ်တန်လျှင် ငွေကျပ်၅၀၀၀၀နှုန်းသာရှိရာမှ ယခုရက်ပိုင်းတွင် တစ်တန်ကျပ်၆၀၀၀၀နှုန်းသို့မြင့်တက်လာပြီး အောက်တိုဘာ ၁၇ ရက်တွင် ကျပ် ၆၂၀၀၀နှုန်း ဖြစ်လာကြောင်း ရန်ကုန်-မန္တလေး-မူဆယ်ကားဂိတ်မှသိရသည်။

ရန်ကုန်-နေပြည်တော် အမြန်လမ်းမအနီး ပဲခူးဒေသ သာယာကုန်းကျေးရွာဝန်းကျင်ကားလမ်းမှ ငါးမိုင်ကျော်ဝေးကွာသော ဖရဲစိုက်ခင်းများမှ နေ့စဉ် ၁၂ ဘီး နှစ်စီး၊ သုံးစီးခန့် မူဆယ်သို့ ကုန်တင်ပို့မှုရှိနေရာ ဖရဲသီး တစ်တန်လျှင် ကားခငွေကျပ် ၇၀၀၀၀ ဈေးရသဖြင့် ဆန်တင်ကားခများပါ ဈေးတက်လာရခြင်းဖြစ်ကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ဈေးနှုန်းမပြောင်းလဲ

ရန်ကုန်-မူဆယ် ခရီးစဉ်တွင် ကားခတစ်တန်လျှင် ၁၀၀၀၀ ကျော်မြင့်တက်သော်လည်း ရန်ကုန်-မန္တလေး၊ ရန်ကုန်-တောင်ကြီး ခရီးစဉ်တွင် ကားခများပြောင်းလဲမှုမရှိကြောင်း၊ ရန်ကုန်-မန္တလေးခရီးစဉ်တွင် ကုန်တစ်ပိဿာ ကားခ ငွေကျပ် ၆၀-၆၃ကျပ် နှုန်း၊ မန္တလေး-ရန်ကုန်ခရီးစဉ်တွင် ကုန်တစ်ပိဿာ ကားခ ၃၀-၃၅ကျပ်နှုန်း၊ ရန်ကုန်-အောင်ပန်း ခရီးစဉ်တွင် ဆန်တစ်အိတ် ကားခငွေကျပ် ၁၆၀၀၊ အောင်ပန်း-ရန်ကုန်ခရီးစဉ်တွင် ကားခ တစ်ပိဿာ ကျပ် ၄၀ ဖြင့် ဈေးနှုန်း မပြောင်းလဲကြောင်း သိရသည်။

အောက်မြန်မာပြည်တွင် ပဲခူးဒေသမှဖရဲသီး စတင်ထွက်ပေါ်လာခြင်းဖြစ်ရာ ရန်ကုန်-မူဆယ် ကားခဈေးနှုန်းကိုလည်း ဈေးနှုန်းမြင့်လာကြောင်း၊ မိုးဆန်ကြမ်းအသစ်များ ထွက်ပေါ်နေသဖြင့် မူဆယ်ဈေးကွက်သို့ ဆန်ကွဲများနှင့်အတူ တင်ပို့မှုရှိလာချိန် ဖရဲသီးတင်ပို့မှုပါရှိလာသောကြောင့် ရန်ကုန်-မူဆယ်ကားခဈေးနှုန်းများမြင့်တက်လာခြင်းဖြစ်သော်လည်း ကျန်ခရီးစဉ်များတွင် ကားခနှုန်းများ ပြောင်းလဲခြင်းမရှိသေးကြောင်း ကားဂိတ်လုပ်ငန်း လုပ်ကိုင်သူများက ဆိုသည်။

ခင်ဆိုင်

စကားရည်လုနှင့် ကျပန်းစကားပြော စွမ်းရည်ပြိုင်ပွဲ SKYNET LIVE SHOW ပြုလုပ်မည်

ရှင် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကစားရည်လုစွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက်၉နာရီတွင် အထကရွာငံပြဒါးလင်းခန်းမ၌ SKYNET LIVE SHOW က တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲသည် အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများ၏ အခြေခံပညာအဆင့်အလိုက် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေး၊ ဘဏ်စုံပညာရေးဖွံ့ဖြိုးတိုးတက်ရေးဟူသော ပညာရေးမြှင့်တင်မှု အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရွာငံမြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီနှင့် SKYNET LIVE SHOW အဖွဲ့တို့ပူးပေါင်း၍ အခြေခံပညာကျောင်းသား ကျောင်းသူများ၏ အပြောအဆိုစွမ်းရည်များ၊ စာပေဗဟုသုတ လေ့လာအသုံးချမှုများ၊ အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် တိုင်းရင်းသားတို့၏ ဓလေ့စရိုက်များ၊ ပိုမိုချစ်မြတ်နိုးလာစေရန် ရည်ရွယ် ရိုက်ကူးပြသခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အထကများ၊ အလကများနှင့် အလက(ခွဲ)ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်ကြာ ရိုက်ကူး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(၆၇၀)

စလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ငွေ ပေးအပ်

စလင်း အောက်တိုဘာ ၁၉

စလင်းမြို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်မှ ပေးအပ်သော ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌ ဦးကိုလေး (ဒုအရာခံဗိုလ်၊ ငြိမ်း)က အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူးနှင့် စည်းရုံးရေးကော်မတီများမှ မူလတန်းကျောင်းသူကျောင်းသား ၁၄ ဦးအား တစ်ဦးလျှင် ၁၀၀၀၀၊ အလယ်တန်းအတွက်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် ၁၇ ဦး၊ အထက်တန်းအတွက် တစ်ဦးလျှင် ၂၀၀၀၀ ဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၈၆၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)တွင် တစ်ထပ် သံကူကွန်ကရစ်အလုပ်ရုံတစ်လုံး (၁၂၅×၆၀×၁၈)ပေ ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၈-၁၁-၂၀၁၃ ရက် ညနေ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး) ဖုန်း-၀၈၂-၂၀၀၇၆၊ ၀၉-၅၂၆၂၆၂၈တို့သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(လားရှိုး)

မွေးသက္ကရာဇ် အမှန်

ရသေ့တောင်မြို့၊ ဇီးကိုင်းကျေးရွာနေ ဦးကျော်စိန်၏သမီး မသူဇာစိုး ၁၁/ရသတ(နိုင်) ၀၉၀၁၄၇၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၉-၁၉၉၅ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးလှမိုးအောင် ၁၂/ဗတထ(နိုင်) ၀၀၂၅၄၇၏သား မောင်ဇေယျာသူအား မောင်ဘုန်းသုဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ အထက (၂)၊ မြို့မ နဝမတန်း(A)တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်ဇော်အား မောင်ခိုင်ဇော်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခိုင်ဇော်လင်း**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)အတွက်လိုအပ်သော Carbon Dispensor Flow Regulating Valve & Control Positioner (2) Sets အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၁၈-၁၀-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၁၁-၂၀၁၃ ရက်၊ ၁၃း၃၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-
(က) ဆေးဝါးပစ္စည်း - ၆၇ မျိုး
(ခ) မီးသတ်ဆေးဘူး - ၃၈ ဘူး
(ဂ) Solex သော့ - ၆၀ လုံး
၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၈-၁၀-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၁၁-၂၀၁၃ ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၈၁၈ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
Tel; (067)067-414184, 067-414223

ပြည်တွင်းပုလဲရောင်းချပွဲ

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် (၃၃)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် ရောင်းချပါမည်။
၂။ နိုင်ငံသား မည်သူမဆို တက်ရောက်နိုင်ပါသည်။ ရောင်းချပွဲ အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ရက် (ဗုဒ္ဓဟူးနေ့)
၀၉း၀၀-၁၆း၀၀ နာရီ ပုလဲတွဲများ ပြသကြည့်ရှုခြင်း

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်(ကြာသပတေးနေ့)
၀၉း၀၀-၁၆း၀၀ နာရီ ပုလဲတွဲများ ပြသကြည့်ရှုခြင်း
၁၆း၀၀ နာရီ တင်ဒါအမှတ် (၁)ပိတ်သိမ်းခြင်း
၁၇း၀၀ နာရီ တင်ဒါအမှတ် (၁)ကြေညာခြင်း

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက် (သောကြာနေ့)
၀၉း၀၀-၁၆း၀၀ နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း
၁၂း၀၀ နာရီ တင်ဒါအမှတ် (၂) ပိတ်သိမ်းခြင်း
၁၃း၀၀ နာရီ တင်ဒါအမှတ် (၂) ကြေညာခြင်း
၁၆း၀၀ နာရီ တင်ဒါအမှတ် (၃) ပိတ်သိမ်းခြင်း
၁၇း၀၀ နာရီ တင်ဒါအမှတ် (၃)ကြေညာခြင်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

အမည်မှန်

ဦးသိန်းဇော်၏သမီး သဃ်န်းကျွန်းမြို့နယ်၊ အမက(၁၇)မူလွန်ကျောင်း ပထမတန်းတွင် ပညာသင်ကြားနေသော မဖူးပွင့်ဝေ(ခ) မဖူးပွင့်အိန္ဒြေ၏ အမည်မှန်မှာ မဖူးပွင့်အိန္ဒြေဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နတ်တလင်း အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နတ်တလင်းမြို့နယ်မြို့နယ်တည်ငြိမ်မှုထိန်းသိမ်းရေးပူးပေါင်းအဖွဲ့မှ ကြီးမှူး ကျင်းပသော နတ်တလင်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက မြို့လယ်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကံတော်ဦးကျောင်းတိုက်ဆရာတော် ဦးဝါယမက ဩဝါဒကထာမိန့်ကြားရာတွင် ဘာသာကြီးလေးခုတို့ ညီညွတ်စွာနေထိုင်ရေး၊ ကောလာဟလသတင်းများကို မယုံကြည်ရေး၊ မြို့ရွာအေးချမ်းသာယာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေးတို့ကို မိန့်ကြားသည်။

ဆက်လက်၍မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်ထွန်းက မြန်မာနိုင်ငံငြိမ်းချမ်းမှုတည်ဆောက်ရေးကွန်ရက်မှပေးပို့သောသဝဏ်လွှာကို ဖတ်ကြားလျှောက်ထားသည်။

အဆိုပါ ဆွမ်းကပ်လှူဒါန်းပွဲကို မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော် ၃၆ ပါးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ပါတီသုံးခုမှတာဝန်ရှိသူများ၊ ဘာသာကြီးလေးခုမှ ဘာသာရေးခေါင်းဆောင်များနှင့်ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၂၀၀ ကျော်တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆွမ်းဆန်တော်နှင့် ပဒေသာပင် လှည့်လည်ပူဇော်ခံပွဲ ကျင်းပ

အောင်လံ အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ စမ်းချောင်းရပ်ကွက် သာသနာ့အလင်း လူငယ်ဆွမ်းလောင်းအသင်းမှ နှစ်စဉ်ဆွမ်းသိမ်းပွဲတော်အဖြစ် ကျင်းပခဲ့ရာ ယခုနှစ်တွင် (၂၄)ကြိမ်မြောက်အဖြစ် ညစဉ်အထူးတရားပွဲကို အောက်တိုဘာ ၁၁ ရက်မှ ခြောက်ညတိုင်တိုင် ကျင်းပခဲ့သည်။

ဆွမ်းဆန်တော်နှင့် ပဒေသာပင်ကပ်လှူရန် လှူဒါန်းထားကြသော လှူဖွယ်ပစ္စည်းများကို အောက်တိုဘာ ၁၄ ရက် ညနေတွင် မြို့တွင်းသို့ လှည့်လည် အပူဇော်ခံခဲ့သည်။

ယင်း ဆွမ်းလောင်းအသင်းမှ ဆွမ်းဆန်တော်နှင့် ပဒေသာပင် စုစုပေါင်း တန်ဖိုး ငွေကျပ် ၆၂ သိန်းကျော်ကို အောက်တိုဘာ ၁၇ ရက်ကမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၉၃ ကျောင်းသို့ ကပ်လှူပူဇော်ကြကြောင်း သိရသည်။ **နန်းမောင်**

မှော်ဘီမြို့အမှတ်(၇) ရပ်ကွက် ဇောတိကလမ်း ကွန်ကရစ်ခင်း

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အမှတ်(၇)ရပ်ကွက် အင်းတန်းကျေးရွာမှ ဇောတိကလမ်းကို မိုးတွင်းအခါ ရေလျှံမှုကြောင့် ရွှံ့ဗွက်များရှိ၍ သွားရေးလာရေး ခက်ခဲလျက်ရှိရာ သွားလာမှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်လျက် ရွှေမှော်ဝန်းကျောင်းတိုက်ပဓာန ဆရာတော် ဘဒ္ဒန္တဝါယမ ဦးဆောင်၍ ဇောတိကလမ်းတွင်နေထိုင်ကြသော ကျေးရွာသားများစုပေါင်း၍ လမ်းအရှည်ပေ ၂၀၀၊ အကျယ် ငါးပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ်လမ်းခင်းနေခြင်းကို အောက်တိုဘာ ၁၅ ရက်ကစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ဖြူးမြို့နယ် ရွှေတောင်သာယာကုန်း ရွာလုံးကျွတ်လျှပ်စစ်မီးလင်း

ဖြူး အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းရေးစီမံချက်အရ ကျေးလက်မီးလင်းရေးအကျိုးဆောင်အဖွဲ့ခေါင်းဆောင် ဒေါက်တာဝင်းရွှေနှင့်ကျေးလက်မီးလင်းရေး အကျိုးဆောင်အဖွဲ့သည် ရွှေတောင်သာယာကုန်းကျေးရွာအနီး ကျောင်းထိုင်ဆရာတော် ဦးကောဝိဒအား အမှူးထား၍ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးလှမြင့်နှင့်မီးလင်းရေးကော်မတီဝင်ဦးသိန်းဇော်ဝင်းတို့နှင့်ညှိနှိုင်း၍ KNကုမ္ပဏီ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတာဝန်ခံ ဦးစိန်တင့်၏အကူအညီ ရယူပြီး ကျွမ်းကျင်သူများနှင့်ရွာသားများပူးပေါင်းလျက် အိမ်ခြေ ၃၅၀ ခန့်ရှိ ရွာတွင်းသုံးလမ်းကို လျှပ်စစ်ဓာတ်တိုင် ၁၂၀ ခန့်စိုက်ထူကြသည်။

KN ကုမ္ပဏီမှ အင်ဂျင်စက်ကြီးဖြင့် ရွာလုံးကျွတ်မီးလင်းပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ကျင်းပရာ ကျေးရွာမီးလင်းရေးအကျိုးဆောင်အဖွဲ့ခေါင်းဆောင် ဒေါက်တာထွန်းရွှေနှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှမြင့်တို့က ကျေးဇူးတင်စကားများပြောကြားပြီး KN ကုမ္ပဏီ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတာဝန်ခံဦးစိန်တင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကျေးရွာသူကျေးရွာသားများအနေဖြင့် သီတင်းကျွတ်အမီ ကျေးရွာလုံးကျွတ်မီးလင်းသဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

ထီးချိုင့်မြို့ ရွှေဂူတောင်ဘုန်းကြီးကျောင်း ကုန်းအဆင်းတွင် ယာဉ်တိမ်းမှောက်

ထီးချိုင့် အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အမှတ်(၁)စံပြရပ်ကွက် ရွှေဂူတောင်ဘုန်းကြီးကျောင်း တောင်ကုန်းအဆင်းတွင် ဘုရားဖူး ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၇ ရက် မွန်းလွဲ၂ နာရီ မိနစ် ၅၀ က ထီးချိုင့်မြို့ အမှတ် (၁) စံပြရပ်ရှိ ရွှေဂူတောင်ဘုန်းကြီးကျောင်း တောင်ကုန်းအဆင်းတွင် ဘုရားဖူးယာဉ်တစ်စီးတိမ်းမှောက်ကြောင်း သတင်းအရ ထီးချိုင့်ရဲစခန်းမှ ယာဉ်ထိန်းတာဝန်ခံ ဒုရဲအုပ်ကျော်သက်လွင်နှင့် အဖွဲ့မှ သွားရောက်စစ်ဆေးရာ ယာဉ်မောင်းငွေအောင် မောင်းနှင်လာသော ယာဉ်အမှတ် ၁ခ/---CANTER ခြောက်ဘီးကားသည် ရွှေဂူတောင်ကုန်းအဆင်း သစ်စီပင်အကွေ့၌ လမ်း၏ ဝဲဘက်တောင်ကမ်းပါးယံသို့ ထိုးဆင်းတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ဘုရားဖူးသူ ၂၅ ဦးအနက် ၂၂ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်းတွေ့ရှိရ၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ငွေအောင်အပေါ် ဥပဒေအရအရေးယူပေးပါရန် တိုင်ကြားထားသော အမှုဖြစ်ကြောင်း သိရသည်။ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ငွေအောင်(၅၄ နှစ်)အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်ရွာနိုင်သည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါး ရက်မှ ခုနစ် ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် သုံး ရက်မှ လေး ရက်ခန့် ရွာသွန်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့၊ မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အထက်မြင့်တက်လာနိုင်ပြီး၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့်ဟုမ္မလင်းမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(မိုး/ဇလ)

အင်းတော်မြို့ ဘူတာသံလမ်းဘေးတွင် အမျိုးသားတစ်ဦးသေဆုံး

ကသာ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ မီးရထားဘူတာဝင်းအတွင်း သံလမ်းဘေးတွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် နံနက် ၇ နာရီက အင်းတော်ဘူတာရပ်ဝင်းအတွင်းသံ လမ်းဘေး၌ အမျိုးသားတစ်ဦးမှောက်လျက် သေဆုံးနေကြောင်း သတင်းအရ အင်းတော်ရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်သောင်းစိန်ထွန်းနှင့်အဖွဲ့က ဘူတာတာဝန်ကျ ဒုရုံပိုင်ဦးကျော်စွာလင်း၊ အောင်မေတ္တာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးကျော်ဆွေတို့နှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မီးရထားပေါ်၌ ဈေးလိုက်ရောင်းသူ ဦးစိန်လင်းဆိုသူဖြစ်ပြီး ၎င်းသည် အရက်အလွန်အကျွံသောက်စားရာမှ အန်ဖတ်ဆို့ပြီး မှောက်လျက် အနေအထားဖြင့်သေဆုံးနေသည်ကိုစစ်ဆေးတွေ့ရှိရ၍ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးသိရှိနိုင်ရန် သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားသောအမှုဖြစ်ကြောင်း သိရသည်။

သေဆုံးသူမှာ ဦးစိန်လင်း (၆၅ နှစ်) (ကျပန်း) ဈေးရုံ ဘိုတဲရပ် ကောလင်းမြို့နေသူဖြစ်ကြောင်း သိရသည်။ **လူအောင်(ကသာ)**

လူကုန်ကူးမှု ပပျောက်ဖို့ တစ်မျိုးသားလုံး ပါဝင်ကြစို့

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)ရှိ ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့် ပစ္စည်းအမည် - ပလတ်စတစ်ကုန်ကြမ်းများနှင့်ကုန်ချောများ
တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီ
ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) ၀၆၇-၄၀၈၃၈၁

အမည်မှန်
မင်္ဂလာတောင်ညွန့်၊ အထက(၄) ဆဋ္ဌမတန်း(A)မှ မောင်လွင်မိုး (ဘ-ဦးသက်ဦးဝင်း)၏ အမည်မှန်မှာ မောင်လွင်မိုးအောင် ဖြစ်ပါကြောင်း။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၅၈ နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃၉

ဒေါ်တင်တင်ခိုင် **နှင့်** ၁။ ဦးအုန်းကျော်
၂။ ဦးလှစိုး
၃။ ဦးကြည်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

၁။ အမှတ် (၄/၄၀/၁၂၄)၊ ရှေ့သို့လမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးအုန်းကျော် (ယခုနေရပ်လိပ်စာမသိ)၊ ၂။ အမှတ်(၅၁)၊ မြလေးပန်းလမ်း၊ ရေတာရှည်လမ်းသစ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးလှစိုး (ယခုနေရပ်လိပ်စာမသိ)၊ ၃။ အမှတ် (၂၆၆)၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးကြည် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၅၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်တင်တင်ခိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၂ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၃၆/က၊ မြေကွက်တည်နေရာအမှတ် ၁၃၆/က၊ မင်းရဲကျော်စွာ ၆လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးရန်နှင့်ဇနီး ဒေါ်ပြုံးကွယ်လွန်သဖြင့် ဦးခင်အောင် ၁၂/ဥကတ(နိုင်)၁၂၇၉၆၁၊ ဒေါ်ခင်အုံးမြင့် ၁၂/ဥကတ(နိုင်)၀၂၀၅၅၇က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၀၈၊ မြေကွက်တည်နေရာအမှတ် ၂၀၈၊ သိင်္ဂီ(၄/တောင်)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ညိမ်း(ခ) ဒေါ်ညိမ်းခင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ညိမ်း(ခ)ဒေါ်ညိမ်းခင် (မိခင်) နှင့် ဦးထွန်း (ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်အေး ၁၂/ကမတ(နိုင်)၀၀၅၂၂၀ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ်၄၈၃၊ မြေကွက်တည်နေရာအမှတ် ၄၈၃၊ ဓမ္မရိပ်သာလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဟန်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဟန်တင်(ဖခင်)နှင့် ဒေါ်လှကျင်(မိခင်) တို့ ကွယ်လွန်သဖြင့် ဦးတိုးမြင့် ၁၂/ဒပန(နိုင်)၀၀၅၈၃၉၊ ဦးတိုးကြည် ၁၂/ဒပန(နိုင်)၀၀၆၁၈၉၊ ဦးတိုးရီ ၁၂/ဒပန(နိုင်)၀၀၆၁၈၇၊ ဒေါ်ငြိမ်းကြည် ၁၂/ဒပန(နိုင်)၀၀၅၇၉၂၊ ဒေါ်စန်းစန်းငွေ ၁၂/ဒပန(နိုင်)၀၀၅၉၅၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ် ၈၅၊ မြေကွက်တည်နေရာအမှတ် ၈၅၊ မြရိပ်ညိုလမ်း၊ ရွှေပြည်သာ ဦးကိုကိုလေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၈/၂၀၁၃(၈-၃-၁၃)ဖြင့် ဒေါ်အေးအေးမြင့်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိပြီး တရားမဇာရီမှုအမှတ် ၁၃/၂၀၁၃၊ (၉-၅-၁၃)အရ ဘိလစ် ဒေါ်အေးမြတ်သူ ၁၄/အဂပ(နိုင်)၁၄၁၅၆၇က တရားရုံးအနိုင်ဒီကရီ၊ တရားမဇာရီမှု၊ ဘိလစ်ခန့်စာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လုံခြုံရေးအထောက်အကူပြု သီပေါမြို့လုံးကျွတ်သန့်ရှင်းရေးဆောင်ရွက်

သီပေါ အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် လုံခြုံရေးအထောက်အကူပြုမြို့လုံးကျွတ် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး ဦးဆောင်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ် (၁၁) ရပ်ကွက်မှ ပြည်သူအင်အား၁၀၀၀ကျော်တို့သည်အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီမှ စတင်၍ မိုင်းပွန်လမ်း၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်လမ်းတစ်လျှောက်တို့တွင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင် ရှင်းလင်းပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီးဝန်းကျင်တို့၌ ရေစီး၊ ရေလာကောင်းမွန်ရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူအကျိုးပြုလုပ်ငန်းများဆောင်ရွက်ကြသည်။

ထို့အပြင် သီပေါမြို့ပေါ် (၁၁) ရပ်ကွက်တွင်လည်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကြီးကြပ်မှုဖြင့် မိမိတို့ နေအိမ်ရှေ့မျက်နှာစာနှင့် ဥပစာအတွင်းချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များကိုရှင်းလင်းခြင်း၊ ကောနေသောမြောင်းများကို ပြန်လည်တူးဖော်ဆောင်ရွက်ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သယ်ယာဉ်နှစ်စီး၊ စေတနာရှင်ပြည်သူနှစ်ဦး၏ မော်တော်ယာဉ်သုံးစီးတို့ဖြင့် စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းစသည့် လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းနှင့် မြို့မိမြို့ဖများကကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

နည်းပညာနှင့်အခြားလိုအပ်ချက်များအတွက် အကူအညီတောင်းခံနိုင်

ရန်ကုန် အောက်တိုဘာ ၁၉

ကိုရီးယားအစိုးရမှ ကမ္ဘာ့မိတ်ဖက်နိုင်ငံများသို့ စေတနာ့ဝန်ထမ်း စေလွှတ်သည့်အစီအစဉ်တစ်ရပ်ကို World Friends Korea Volunteer Program ဟူသော အမည်သစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအများအပြားတွင် အကူအညီလိုအပ်နေသော မိတ်ဆွေများအတွက် အကူအညီပေးရေးအစီအစဉ်အဖြစ် ရည်ရွယ်ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ WEF အစီအစဉ်တွင် အစီအစဉ် (၇) ရပ်ပါဝင်ပြီး အဓိကအားဖြင့် World Friends KOICA Volunteer Program နှင့် World Friends Advisor Program တို့ ပါဝင်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အသိပညာဖလှယ်ရေးကို အဓိကထားဦးတည်ကာ ကိုရီးယားနိုင်ငံ၏ မိတ်ဖက်နိုင်ငံများအပေါ် အကူအညီပေးရေးအတွက် အဆိုပါ အစီအစဉ်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုရှိသော ကိုရီးယားနိုင်ငံသားများအား မိတ်ဖက်နိုင်ငံများသို့ ၄င်းတို့၏ ကဏ္ဍအလိုက်ကျွမ်းကျင်မှု၊ အသိပညာ ဗဟုသုတများ၊ အတွေ့အကြုံများကို မျှဝေပေးပြီး ဒေသခံတို့၏ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများအတွက် လက်တွေ့ အကူအညီပေးရန် စေလွှတ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အိုင်တီနည်းပညာနှင့်ဆက်သွယ်ရေးစသော လုပ်ငန်းများလည်း ပါဝင်သည်။

၁၉၉၀ ခုနှစ်တွင် WEF အစီအစဉ်ကို စတင်ကာ စေတနာ့ဝန်ထမ်း ၄၄ ဦးကို နီပေါနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံများသို့ စေလွှတ်ခဲ့ကာ စေတနာ့ဝန်ထမ်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ယခုလက်ရှိအချိန်၌ စေတနာ့ဝန်ထမ်း ၁၅၀၀ ကျော်ဖြင့် အာရှ၊ အာဖရိကနှင့် ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ်မှ စတင်၍ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကာ နှစ်နိုင်ငံ နည်းပညာနှင့်အခြားကဏ္ဍများ အကူအညီပေးမည့် စေတနာ့ဝန်ထမ်း စေလွှတ်ခြင်းကို စတင်ခဲ့သည်။ ၁၉၉၈ ခုနှစ်မှစတင်ကာ စေတနာ့ဝန်ထမ်း ၁၃၀ ကျော်ကို မြန်မာနိုင်ငံသို့ စေလွှတ်နိုင်ခဲ့ပြီး လက်ရှိအချိန်၌ စေတနာ့ဝန်ထမ်း ၁၉ ဦးနှင့် အကြံပေး ဝန်ထမ်းခုနစ်ဦးဖြင့် ဝန်ကြီးဌာန ၁၁ ခုအောက်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များထမ်းဆောင်လျက်ရှိသည်။

သို့ဖြစ်၍ နည်းပညာနှင့်အခြားကဏ္ဍများအကူအညီပေးရေးအတွက် ကိုရီးယားနိုင်ငံမှ စေတနာ့ဝန်ထမ်းပညာရှင်များ တောင်းခံလိုသော ဝန်ကြီးဌာနများအနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြား စီးပွားရေး၊ ဆက်သွယ်ရေးဌာန (FERD) သို့ လိပ်မူကာ စေတနာ့ဝန်ထမ်းအလိုရှိကြောင်း တောင်းခံလွှာကို ဖြည့်စွက်တောင်းခံနိုင်ကြောင်း သိရသည်။ အဆိုပါ တောင်းခံလွှာမိတ္တူကို KOICA Myanmar Office သို့ ပူးတွဲပေးပို့ရန် လိုအပ်ပြီး တောင်းဆိုသောဌာန၏ လိုအပ်ချက်နှင့် စေတနာ့ဝန်ထမ်း၏ တတ်ကျွမ်းမှု စသည်တို့ကို အကဲဖြတ်စိစစ်ကာ အရည်အချင်းပြည့်မီသော စေတနာ့ဝန်ထမ်းများကို KOICA မှ ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စံကားဝါ**

မီးရှူးမီးပန်း၊ ပြောက်အိုးများဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၅ ရက် ည ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၈×၃၉ လမ်းကြား (၅၈) လမ်းနေဇော်ဇော်(၃၂ နှစ်)၏ နေအိမ်ရှေ့တွင် မီးရှူးမီးပန်း၊ ပြောက်အိုးများ ရောင်းချနေကြောင်း သတင်းအရ မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ မီးရှူးမီးပန်း၊ ပြောက်အိုး စုစုပေါင်း ၁၃ မျိုး တန်ဖိုးငွေကျပ် ၁၄၃၅၀၀ နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အလားတူ ထိုနေ့ည ၁၀ နာရီ ၁၅မိနစ်က မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် သိပ္ပံလမ်း×၆၀ လမ်းနေ ကျော်ထင်(၂၈ နှစ်)၏ နေအိမ်ရှေ့တွင် မီးရှူးမီးပန်း၊ ပြောက်အိုးများရောင်းချနေကြောင်း သတင်းအရ မဟာအောင်မြေမြို့မရဲစခန်းက တပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ မီးရှူးမီးပန်း၊ ပြောက်အိုးများ ရောင်းချနေကြောင်း၊ ပြောက်အိုးစုစုပေါင်း ခြောက်မျိုး၊ တန်ဖိုးငွေကျပ် ၅၀၀၀၀နှင့် အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဇော်ဇော်နှင့် ကျော်ထင်တို့အား အမှုဖွင့်အရေးယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် တပ်ကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ညောင်လွန့်ကျေးရွာတွင် မီးရှူး မီးပန်း၊ ပြောက်အိုးများ ရောင်းချနေကြောင်းသတင်းအရ သက်သေများနှင့်အတူ ညောင်လွန့်ဈေးအတွင်း ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ရမည်းသင်းမြို့နေသူများဖြစ်သည့် မခင်ဖုန်းစံ(၂၈ နှစ်) ထံမှ မီးရှူးမီးပန်း၊ ပြောက်အိုးရှစ်မျိုး၊ ပုတီဘွား(ခ)မဇင်မင်းထက်(၂၃ နှစ်) ထံမှ မီးရှူးမီးပန်း၊ ပြောက်အိုးရှစ်မျိုး၊ လက်ဆည်ကန်ရပ်ကွက်နေ ဇင်မာခိုင် (၂၃ နှစ်)ထံမှ မီးရှူးမီးပန်း၊ပြောက်အိုး ၂၀ နှင့် ပျော်ဘွယ်မြို့ ရွှေပြည်ရန်အောင်ရပ်ကွက်နေ မိုးမင်းဦး(၃၂နှစ်) ထံမှ မီးရှူးမီးပန်း၊ ပြောက်အိုး၂၁မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၅၀၀၀ တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် တပ်ကုန်းမြို့မရဲစခန်းက ခင်ဖုန်းစံ၊ ပုတီဘွား(ခ) မဇင်မင်းထက်၊ မဇင်မာခိုင်၊ မိုးမင်းဦးတို့ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မင်းကင်း အောက်တိုဘာ ၁၉

လူမှုရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုမြင့်မားရန် မောက္ကတော်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနလိုအပ်

"စစ်ကိုင်းတိုင်းဒေသကြီးမင်းကင်းမြို့နယ် ပျဉ်းကိုင်းကျေးရွာဟာ လမ်းပန်းဆက်သွယ်ရေး အင်မတန်မှ ကိုဆိုးပါတယ်။ မင်းကင်းမြို့နယ်ကနေပြီးတော့မှ ချင်းတွင်းမြစ်အတိုင်း ၁၅ မိုင်လောက်စုန်လိုက်ရင် မောက္ကတော်ကျေးရွာရောက်ပါတယ်။ အဲဒီ မောက္ကတော်ကျေးရွာကနေ စေတလုံးချောင်းရိုးအတိုင်း ဆန်တက်တဲ့အခါမှာ မိုင် ၂၀ ကျော်သွားပြီးမှ ပျဉ်းကိုင်းကျေးရွာရောက်ပါတယ်။ စေတလုံးချောင်းဆိုတာဟာလည်း မိုးရွာတဲ့အခါ ရေကဝါးလုံးထိုး ဆင်းပြီးတော့ ရေမရှိတဲ့အချိန်ဆိုလျှင် ချောင်းက ပေ ၂၀၀ ကနေ ၃၀၀ ခန့်ကျယ်တဲ့ သဲချောင်းကြီးဖြစ်ပါတယ်။ လမ်းဟူ၍ သတ်သတ်မှတ်မှတ်မရှိပါဘူး။ ဒါကြောင့် အသက်အန္တရာယ် တစ်ခုခုကြုံရပြီဆိုလျှင် ၃၅ မိုင်ကျော် ဝေးတဲ့ မင်းကင်းမြို့ကို ခြေကျင်ဖြစ်စေ၊ လှည်းဖြင့်ဖြစ်စေလာပြီးကုန်းတစ်တန် ရေတစ်တန်သွားရတဲ့အခါမှာအသက်အန္တရာယ်စိုးရိမ်ရပါတယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းလှိုင်က ပြောသည်။

ဆက်လက်ပြောပြ

"မောက္ကတော်ကျေးရွာဟာဝေးလံချောင်ကျတဲ့ကျေးရွာဖြစ်လို့ လူဦးရေလည်းနည်းပါတယ်၊ စီးပွားရေးလည်း ခက်ခဲပါတယ်၊ ဒီနေရာမှာ သတ်မှတ်ချက်တွေအတိုင်း မူဘောင်တွေအတိုင်း ဆောင်ရွက်နေပါက ဒီဒေသဟာ ကျန်းမာရေးစောင့်ရှောက်မှုကောင်းလာစရာ အကြောင်းမရှိကြောင်း၊ လူမှုရေးနှင့်ကျန်းမာရေးဟာ ဆက်လက်နိမ့်ကျနေမှာဖြစ်ကြောင်း၊ ဒါကြောင့် မောက္ကတော်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန တစ်နည်းအားဖြင့် RHC ရရန်တင်ပြထားပါတယ်"ဟု ယင်းပုဂ္ဂိုလ်ကပင် ဆက်လက်ပြောပြသည်။ **သျှင်နေမင်း**

မြိုင်သန်းခေါင်စာရင်းကောက်ယူရေး ပညာပေးဟောပြော

မြိုင် အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မြိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ပူးပေါင်းကွင်းဆင်း၍ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအသိပညာပေးဟောပြောပွဲကို မြိုင်မြို့နယ် ပေပင်တိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးဦးခင်ဆွေကလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းနှင့်ပတ်သက်၍ ရပ်မိရပ်ဖတို့အားအသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အထွေထွေဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းအောင်က သန်းခေါင်စာရင်းလုပ်ငန်းဆိုင်ရာပြောကြား၍ လဝကတိုက်နယ်မှူး ဦးတင်အောင်ဖြိုး၊ ဦးအောင်ကျော်မိုး၊ ပေပင်တိုက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဦးတို့က တက်ရောက်လာကြသူများ၏ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ဆိုင်သော မေးမြန်းဆွေးနွေးမှုများ ဖြေကြားသည်။ မြိုင်မြို့နယ်အတွင်း ကျေးရွာပေါင်း ၃၂၉ ရွာ၊ ရပ်ကွက်(၁၊၂၊၃) ရှိ ပြည်သူများသို့ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတိုက်နယ်မှူးများကလည်း ၄င်းတို့တိုက်နယ်အလိုက် ကွင်းဆင်း ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

သွေးသည် အသက်

မေတ္တာမိုး ပရဟိတဖောင်ဒေးရှင်း

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့ မင်းကျောင်းပရဟိတ ပရိယတ္တိပဋိပတ္တိဘက်စုံ သာသနာပြုကျောင်းတိုက်ကြီးအတွင်း၌ ဘက်စုံ ပရဟိတ ဆရာတော်မှ ဖွင့်လှစ်ထားသော မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကလေးငယ် ၄၀၀ ကျော်တို့ကို စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ထာဝရပဒေသာပင်စိုက်ထူလှူဒါန်းလိုသူများ-

ဆွမ်းပဒေသာပင်တစ်ပင်လျှင်-ကျပ် ၁၀၀၀၀

ရေပဒေသာပင်တစ်ပင်လျှင်-ကျပ် ၁၀၀၀၀

မီးပဒေသာပင်တစ်ပင်လျှင်-ကျပ် ၁၀၀၀၀

ဆေးပဒေသာပင်တစ်ပင်လျှင်-ကျပ် ၁၀၀၀၀

ပညာရေးပဒေသာပင်တစ်ပင်လျှင်-ကျပ် ၁၀၀၀၀ တို့ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန်ဌာန

ဖုန်း-၀၉-၅၃၆၀၄၃၆၊ ၀၉-၄၂၃၆၈၀၇၆၉၊ ၀၉-၃၁၆၅၁၉၁၂

နှစ်ပေါင်း (၁၃၅)နှစ်ရှိသော သိမ်ကျောင်းတော်အား

အသစ်ပြန်လည်ပြုပြင်ရန်နှိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့ သာသနာစခဲ့သော မင်းကျောင်းပရဟိတပရိယတ္တိပဋိပတ္တိ ဘက်စုံသာသနာပြုကျောင်းတိုက်ကြီး၌ နှစ်ပေါင်း (၁၃၅)နှစ်ကျော်ရှိသော သိမ်ကျောင်းအား အသစ်ပြန်လည် ပြုပြင်မည်ဖြစ်သောကြောင့် လှူဒါန်းလိုသူများ ၁၀ ပေ ပတ်လည်တစ်ခန်းလျှင် ကျပ် ၅သိန်း ၈သောင်း၊ ဘုရားခန်းတစ်ခန်း ကျပ် ၁၅သိန်းဖြင့် လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဘက်စုံပရဟိတဆရာတော်အား တရားပွဲပင့်လျှောက်လိုသူများသည် ၂၀-၁၀-၂၀၁၃ ရက်မှစ၍ တရားပွဲပင့်လျှောက်နိုင်ပါပြီ။

ဆက်သွယ်လှူဒါန်းရန်ဌာန

ဆရာတော် ဖုန်း-၀၉-၅၃၆၀၄၃၆

ပရဟိတရုံးခန်း ဖုန်း-၀၉-၄၂၃၆၈၀၇၆၉

အခမဲ့ဆေးပေးခန်း ဖုန်း-၀၉-၃၁၆၅၁၉၁၂

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၆၃၄/ခ၊ မြေကွက်တည်နေရာအမှတ် ၆၃၄/ခ၊ စာဂ၂၂လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးစန်းလွင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစန်းလွင် ကွယ်လွန်သဖြင့် ဒေါ်တင်ကြည် ၁၂/မဂတ(နိုင်)၀၃၂၀၅၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁၇-၉-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍအချပ်ပို စာမျက်နှာ(၂)တွင် ပါရှိသော အများသိစေရန်ကြေညာခြင်းအား

ပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်ခင်သင်းနွယ် ၁၂/သဃက(နိုင်)၁၀၈၄၉၁၊ ဦးအောင်မြသန်း ၁၂/သဃက(နိုင်)၁၀၈၈၆၅၊ မောင်ဝေဖြိုးအောင်(ခ)ဝေယံဦး ၉/မထလ (နိုင်)၀၇၃၂၉၂၊ မန္တေးယုအောင် ၁၂/ဒဂတ(နိုင်)၈၄၆၀၃၆၊ မောင်သူရအောင် ၁၂/ဒဂတ(နိုင်)၀၄၅၈၅၀ (ထူးသစ်ဇေ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)နှင့် အများသိစေရန် ကြေညာခြင်းအား ဒေါ်အမာရီမှ အထက်ပါပုဂ္ဂိုလ်များနှင့် (ထူးသစ်ဇေ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)တို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး ပြေလည်သွားသဖြင့် အထက်ပါကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဒေါ်အမာရီ ၁၂/သဃက(နိုင်)၁၃၆၆၄၃
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊
(၁၈)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် (၁၈၁၈)

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀က+ခ၊ မြေကွက်အမှတ် ၂၀၊ မြေကွက်တည်နေရာအမှတ် ၆၊ မာလာမြိုင် ၉လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးအောင်ထွန်းလင်း၊ ဦးခင်မောင်ဝင်း အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူခင်ပွန်း ဦးခင်မောင်ဝင်း ကွယ်လွန်သဖြင့် ဒေါ်နီနီခိုင် ၁၄/မအပ(နိုင်) ၁၁၇၁၀၇က တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်ထွန်းလင်းကိုယ်စား SPအမှတ် ၈၀၆၀/ ၂၁-၅-၂၀၁၃ဖြင့်ရသူ ဦးလှဖူး ၅/ဒပယ(နိုင်)၀၂၉၁၆၁နှင့် ဒေါ်နီနီခိုင်ကိုယ်စား GPအမှတ် ၇၈၀၀/၁၆-၅-၂၀၁၃ ဖြင့်ရသူ ဦးလှသော် ၁၂/လမန(နိုင်)၀၁၁၈၅၆တို့ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ခဲယမ်းများဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၉

အမှတ်(၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ရက် မွန်းတည့် ၁၂ နာရီကမူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်နေ ဒေါ်နန်းခမ်းနန်း(၆၅ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ဒေါ်နန်းခမ်းနန်း နှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် တစ်မြို့တည်းနေ အိုက်အေး(၂၃နှစ်)ပါလေးဦးကိုတွေ့ရှိရပြီးနေအိမ်အတွင်း အိပ်ရာခေါင်းအုံးအောက်ရှိ ပိုက်ဆံအိတ်အတွင်း အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား၂၀၀ ပါ တစ်ထုပ်၊ BIRDY ကော်ဖီမစ်အိတ်ခွံဖြင့်ထည့်ထားသည့် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ် ဆေးပြား ၁၆၇ ပြားတစ်ထုပ် စုစုပေါင်း ဆေးပြား၃၆၇ ပြား တန်ဖိုးငွေကျပ် ၇၃၄၀၀၀၊ ခုတင်အံဆွဲအတွင်းမှ ၉ မမကျည်ကတ်နှင့်ကျည်ကတ်အတွင်းထည့်ထားသော ၉ မမကျည်သုံးတောင့်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဒေါ်နန်းခမ်းနန်းပါ၄ဦးတို့ကို တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ယာဉ်ဝဲဘက်ရှေ့ဘီးပေါက်၍ လမ်းလယ်ကျွန်းကိုတိုက်မိ

နေပြည်တော် အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီးပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၆၃/၅-၆)ကြားတွင် အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ကယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေးအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှမန္တလေးသို့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေ ကောင်းထက်အောင် (၂၂နှစ်) မောင်းနှင်လာသည့် ၂c/. . . တိုယိုတာဗစ်ခဲရောင်ယာဉ်သည်(ဝဲပုံ) ဝဲဘက်ရှေ့ဘီးပေါက်ပြီး လမ်းလယ်ကျွန်းတွင် ကာရံထားသောဘယ်ရီယာတုံးသုံးတုံးကိုဝင်ရောက်တိုက်မိကာ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိ ရပ်တန့်သွားခဲ့သည်။ ထိုသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်ပါခြောက်ဦးအနက် တစ်ရပ်ကွက်တည်းနေသူများဖြစ်သည့် ဒေါ်ခင်မျိုးအေး(၅၀ နှစ်)တွင် ဝဲခြေဖမိုးပေါက်ပြဲ၊ ဝဲခြေသလုံးဖူးရောင် ဒဏ်ရာ၊ ဒေါ်ရွှေစင်မာ(၄၂ နှစ်)တွင် ဝဲခြေသလုံးအောင့် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ကောင်းထက်အောင်ကို ပေပင်လေး အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဆက်သွယ်ရေးပစ္စည်းများ တရားမဝင်သယ်ဆောင်လာသူကိုအရေးယူထား

နေပြည်တော် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဘန့်ဘွေးရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက အေးရှားဝေါလ် တိုးဂိတ်တွင် ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် လားရှိုးမှ မန္တလေးဘက်သို့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နေ သိန်းထိုက်ဦး(၂၆ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ သိန်းထိုက်ဦးလွယ်ထားသည့် အနက်ရောင်ကျောပိုးအိတ်အတွင်းမှ RZL-AB စာတန်းပါ အနက်ရောင် လက်ကိုင်စကားပြောစက်ပါ စကားပြောစက် ၁၈ လုံး၊ အားသွင်းခွက်နှင့် ဆက်စပ်ပစ္စည်း ၂၃ စုံ၊ စကားပြောစက်တိုင်မျိုးစုံ ၄၅ တိုင်၊ ကြိုးပါချိတ်ကလစ် ၁၅ ခုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဆက်သွယ်ရေး ပစ္စည်းများ တရားမဝင် သယ်ဆောင်လာသူ သိန်းထိုက်ဦးကို နောင်ချိုမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သက်ကြီးအဘွားအို ကြိုးဆွဲချသေဆုံး

မိတ္ထီလာ အောက်တိုဘာ ၁၉

မိတ္ထီလာမြို့နယ် ရေဝေကျေးရွာအုပ်စုအင်းမကျေးရွာတွင် အောက်တိုဘာ ၁၆ ရက်က အင်းမကျေးရွာနေ ဒေါ်နန်း (၈၄ နှစ်) သည် ၎င်း၏ နေအိမ်ထုပ်တန်းတွင် အရှည်ကိုးပေရှိ ပလတ်စတစ်ကြိုးဖြင့် လည်ပင်းကြိုးဆွဲချသေဆုံးသွားခဲ့သည်။အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ရှမ်းမငယ် ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက် ရှိသည်။

တင်လှိုင်(မိတ္ထီလာ)

ကောလင်းမြို့နယ် တောင်ပုံကျေးရွာ ဇော်ချောင်းအတွင်း လူတစ်ဦးရေနစ်

ကောလင်း အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် တောင်ပုံရွာအနီး ဇော်ချောင်းအတွင်း လူတစ်ဦးရေနစ်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် ကောလင်းမြို့နယ် တောင်ပုံရွာအနီး ဇော်ချောင်းအတွင်း လူတစ်ဦးရေနစ်သေဆုံးနေကြောင်း သတင်းအရ ခန်သာနယ်မြေရဲကင်းမှူး ဒုရဲအုပ်သန်းဇော်နှင့်အဖွဲ့သည် သက်သေများနှင့်သွားရောက်စစ်ဆေးရာသေဆုံးသူမှာ ကိုမျိုး(ခ) ကျော်စွာဝင်းဖြစ်ပြီး ၎င်းသည် အရက်မူးပြီး ဇော်ချောင်းအတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးသွားသဖြင့် အဖော်များဖြစ်သော နိုင်လင်းစိုး၊ ရဲလွင်၊ ကျော်ထွန်းတို့မှ ဝိုင်းဝန်းဆယ်ယူပြီး ရွာလူကြီးများထံ အကြောင်းကြားခဲ့ကြောင်း၊ သေဆုံးသူ၏ ခန္ဓာကိုယ်တွင် ပြင်ပဒဏ်ရာ မတွေ့ရှိရဘဲ ရေနစ်သည့်လက္ခဏာများဖြင့်သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရ၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် သိရှိနိုင်ရန် သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားသော အမှုဖြစ်ကြောင်းသိရသည်။

လှအောင်(ကသာ)

ငွေးပင်တောရွာကားလမ်းမပေါ် ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွား

မြင်းမူ အောက်တိုဘာ ၁၉

မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာ မိုင်တိုင်အမှတ် ၅၈/၆ နှင့် ၅၈/၇ အကြား အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ စခန်းမှူး ရဲအုပ်တင်မောင်ရွှေနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း စန်းညွန့်အောင် (၄၀ နှစ်)ချောင်းဦးမြို့နယ် မောင်းနှင်သော ၈c/---လိုက်ထရပ် အဖြူရောင်သည် ငွေးပင်တောရွာအလယ်တွင် ကျောင်းသားများအား တင်ဆောင်ပြီး ပြန်ထွက်စဉ် မုံရွာဘက်မှ မောင်းနှင်လာသော ယာဉ်မောင်းဖြိုးသူဝင်း (၂၇ နှစ်) မုံရွာမြို့နေသူ မောင်းနှင်သည့် ယာဉ်အမှတ်၁က/---ဒိုင်နာနှင့်တိုက်မိပြီး ဒိုင်နာခါးရှည်ယာဉ်မှာ လမ်း၏ဝဲဘက်လမ်းဘေးအိမ်ဝင်းတံတိုင်းကို ဝင်ရောက်တိုက်မိရပ်တန့်ခဲ့သည်။ **(အပေါ်ပုံ)**ယာဉ်နှစ်စီးတိုက်မှုကြောင့် လိုက်ထရပ်ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြသည်။

ဒဏ်ရာရ လူနာများအား မြတ်သုခကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းက လူနာတင်ယာဉ်ဖြင့် မြင်းမူဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးအား မြင်းမူရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

ကိုကိုနိုင်(မြင်းမူ)

ရန်ငြိုးရန်စကြောင့် ဓားဖြင့်ထိုး

ဝမ်းတွင်း အောက်တိုဘာ ၁၉

ဝမ်းတွင်းမြို့နယ် ပင်းတလဲ ရဲစခန်းပိုင် ကန်ပတ်လည်ကျေးရွာတွင် အောက်တိုဘာ ၁၆ ရက် ည ၇ နာရီခွဲက ကန်ပတ်လည်ကျေးရွာ မခင်ပု နေအိမ်၌ မခင်ပုနှင့်တစ်ရွာတည်းနေ ကိုမောင်ထွေးတို့ တီဗွီကြည့်နေစဉ် တစ်ရွာတည်းသား ဝင်းစိုး(ခ) မောင်မဲက အိမ်ပေါ်တက်လာပြီး မောင်ထွေး နောက်ကျောကိုဓားဖြင့် ထိုးပြီးထွက်ပြေးခဲ့သည်။ မောင်ထွေး (၃၂ နှစ်)မှာ မခင်ပု နေအိမ်ဝင်းအတွင်းတွင် ဓားဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ပင်းတလဲ ရဲစခန်းက ဝင်းစိုး(ခ) မောင်မဲအား ဖမ်းဆီးစစ်ဆေးရာ သေဆုံးသူ မောင်ထွေးနှင့်သူသည် ယခင်က ငရုတ်ခင်းရေသွင်းသည့် ကိစ္စနှင့်စကားများခဲ့ပြီး မကျေနပ်၍ ဓားဖြင့်ထိုးခြင်းဖြစ်သည်ဟုဆို၏။ စိုးဝင်း(ခ) မောင်မဲအား ပင်းတလဲရဲစခန်းမှ ဖမ်းဆီးအရေးယူထားကြောင်းသိရသည်။

တင်လှိုင်(မိတ္ထီလာ)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ် ၃၁၇၊ မြေကွက်တည်နေရာအမှတ်-၃၁၇၊ သုမိတ္တာ (၉)လမ်း၊ ၁ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးတင်မောင် ၁၂/ဥကမ(နိုင်) ၀၃၄၄၂၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်နှင့်ဇနီး ဒေါ်စန်းရင်တို့ ကွယ်လွန်သဖြင့် ဦးမြင့်သိန်းဇော် ၁၂/ဥကမ(နိုင်)၀၂၀၁၀၁၊ ဦးတင်စိုး ၁၂/ဥကမ(နိုင်)၁၄၅၉၇၅၊ ဦးသန့်ဇော် ၁၂/ဥကမ(နိုင်)၁၅၉၇၇၁၊ ဦးကျော်ကျော်မောင် ၁၂/ဥကမ(နိုင်)၀၉၇၆၅၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ် ၁၀၈၉၊ မြေကွက် တည်နေရာအမှတ်-၁၀၈၉၊ ၄၃ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးလှမြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမြင့်ထံမှ အရောင်းအဝယ်အရပ်စာချုပ်ဖြင့် ဝယ်ယူသူ ဦးညီညီကျော် ၁၀/လမန(နိုင်)၀၈၉၆၉၁မှ နေထိုင်ခွင့်ပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ် ၆၀မြေငှားစာချုပ်(ဂရန်)သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/စီ၊ မြေကွက်အမှတ် ၂၃၈၏ Portion ၀ ဒသမ ၁၇၀၈ဧက၊ မြေကွက် တည်နေရာအမှတ် ၂၉၇၊ မင်းကြီးလမ်း၊ တောင်သူကုန်း၊ အင်းစိန် မရစ်အမည်ပေါက် မြေပိုင်မြေ B လ/န ၃-ခ မြေအား အမည်ပေါက် မရစ်ထံမှ အမွေထိန်းလက်မှတ်စာ ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ် ၁၉/က/၁၉၉၀ အမွေဆက်ခံခွင့် အက်ဥပဒေပုဒ်မ ၃၀၇အရ စီမံခန့်ခွဲခွင့်၊ ၂၉-၁၁-၁၉၉၁၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်အမှတ် ၄၆၀၉/၁၂ (၁၄-၉-၁၂)၊ မိမိပိုင်သည့် Portion ကို ခွဲစိတ်မည်ဖြစ်ကြောင်း ဝန်ခံချက်တို့တင်ပြ၍ ဒေါ်ဂျေဘတ်(စ်)မှ မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၃၂၊ မြေကွက်တည်နေရာအမှတ် ၃၂၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးသိန်းရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းရွှေကွယ်လွန်သဖြင့် ဒေါ်လှစန်း ၁၂/မရက(နိုင်)၀၆၃၂၆၁က တရားဝင် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31589922
09 31268183

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၈၁/က၊ မြေကွက်တည်နေရာအမှတ် (၅၈၁/က)၊ ဇာနည် ၁၁ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မိုး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မိုးနှင့်ခင်ပွန်း ဦးကြည်မောင် ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်မိုး ၁၂/ဥကတ(နိုင်)၁၅၇၃၂၈၊ ဦးမောင်မောင်ဝင်း ၁၂/ဥကတ(နိုင်)၁၄၄၇၂၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၆၆၅၀ (၃၀-၄-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်အေးအေးမွန် ၁၂/မဂတ(နိုင်)၀၁၀၈၃၄က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၅၂၃ (၆-၉-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆(သမိုင်း)၊ မြေကွက်အမှတ် ၄၇/ဗ၂၁၊ မြေကွက်တည်နေရာအမှတ် ၃၂၊ အောင်မင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးဘကျော် အမည်ပေါက် မြေပိုင်မြေ ၃(ခ)ရပြီးမြေအား အမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၃၇၅၀/၂၀၁၁(၇-၇-၂၀၁၁)ဖြင့် ဦးကြည်စိုး၊ ဦးကြည်သိန်းတို့မှ ပိုင်ဆိုင်လာပြီ ၄င်းတို့ထံမှ အရောင်းအဝယ် စာချုပ်အမှတ် ၃၇၅၃/၂၀၁၁(၅-၉-၂၀၁၁)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်ဆုမွန်အေး ၁၂/ဒဂန(နိုင်) ၀၂၆၆၁၈ က အမွေဆက်ခံပိုင်ဆိုင်စာချုပ် မိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ အမှားပြင်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁-တိုးချဲ့၊ မြသီတာ အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၁.A/၆၅ ၊ ဧရိယာ ၀ ဒသမ ၁၅၈၈ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပါက်မှာ ဦးအောင်သိမ်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား ရောင်း/ဝယ် စာချုပ် ၃၀၈၈/၂၀၁၃တင်ပြ၍ ဦးရန်နိုင်စိုးမြင့် ၁၂/လမန(နိုင်)၀၀၀၆၅၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄၁၊ မြေကွက်အမှတ်၇၅၀၊ မြေကွက် တည်နေရာအမှတ်၇၅၀၊ ပုန်းညက်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဒေါ်ညွန့်စိန် MHA-၀၁၅၄၉၇ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ညွန့်စိန်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့်ဝယ်ယူသူ ဒေါ်မေဇင်အောင် ၁၂/မလန(နိုင်)၀၀၀၄၈၀က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာခြင်း

ကျွန်မ ခင်မိုမိုဇင် ၈/အလန(နိုင်)၁၁၇၄၇၆နှင့် ကိုဇော်သက်အောင် ၈/အလန(နိုင်)၁၃၁၉၇၁ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ ရှေ့မှောက်၌ ၂၉-၆-၂၀၁၃ ရက်တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မခင်မိုမိုဇင်
အောင်လံမြို့

နယ်သတင်းနှင့်ကြော်ငြာ

(၁၈)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်းပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

(၁၈)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာခုနစ်ကျမ်းပူဇော်ပွဲနှင့်လောကချမ်းသာအဘယလာဘမုနိ(ကျောက်တော်ကြီး)ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကို အောက်တိုဘာ ၁၁ ရက်က ဘုရားကြီး၏ ဂန္ဓကုဋီတိုက်တွင် ကျင်းပသည်။

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်ရပ်အစွမ်

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၇၈၊ ခုနစ်လွှာ၊ အနော်ရထာလမ်းမနေ (ဦးတန်ကျောင်အိမ်း)၏ဇနီး၊ (ဦးမောင်ကြိုင်)၊ ဦးသက်နိုင်-(ဒေါ်စန်းစန်းရီ)၊ ဦးထွန်းမြင့်-ဒေါ်ခင်လှအေး၊ ဦးတင်ဆွေ၊ ဦးတင်ဝင်း-ဒေါ်မေနု၊ ဦးစန်းမြင့်၊ (ဦးဝင်းဝင်း)-ဒေါ်ခင်သန်းဝင်း၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်တင်တင်အေး၊ ဦးထွန်းထွန်း-ဒေါ်ခင်အေးကြူတို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏အဘေးသည် ၁၉-၁၀-၂၀၁၃ရက် နံနက်၁၀း၂၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဝင်းတင် (သုံးဆယ်မြို့)

အသက်(၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဗေဒင်ကုန်းရပ်ကွက်နေ (ဦးလှအောင် - ဒေါ်သန်းကြည်)တို့၏သား၊ (ဦးမှဲ့-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ရှင်သံဝရ [ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်၊ B.A (Final)]၏ခမည်းတော်၊ ဦးဝင်းရှင်-ဒေါ်ငယ်လေးတို့၏အစ်ကို၊ မစန်းစန်းဌေး-ကိုဇော်ထူး၊ (ကိုဌေးအောင်ဝင်း)၊ မမြင့်မြင့်ဌေး-(ကိုဇော်မြင့်ထွေး)၊ ကိုမျိုးအောင်ဝင်း-မယုယုသော်၊မညွန့်ညွန့်ဝင်း-ကိုဇော်ဇော်မောင်၊ မစန်းစန်းဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်မြမြဝင်း၏ခင်ပွန်းသည် ၁၇-၁၀-၂၀၁၃ ရက် (ကြာသပတေးနေ့) မလေးရှားစံတော်ချိန် ၁း၂၀နာရီ၊ မြန်မာစံတော်ချိန် ၁၁း၄၀နာရီတွင် UM HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီး သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုရဲမှူးဆလိုင်းဒူးမန်း(ငြိမ်း)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ ဏ္ဍာ ၉လမ်း၊ အမှတ် ၁၀၄၇နေ ဦးမွန်ကီယို-ဒေါ်နုစန်းတို့၏သား၊ (ဒေါ်ကြင်မွေး)၏ခင်ပွန်း၊ ကိုငယ်ငယ်ထွေး-မဝေဝေနှင်း၊ကိုကျော်သူစန်-မစုစုမွန်၊ မသက်သက်မွန်၊ ကိုအောင်အောင်ဦး-မသူဇာမွန်၊ ဗိုလ်ကြီးသန့်ဇင်ဦး(မိုင်းဆတ်၊ ခတင်-၁၀၀)တို့၏ဖခင်၊ မောင်ရဲရင့်အောင်၊ မယွန်းရတီသူတို့၏အဘိုးသည် ၁၈-၁၀-၂၀၁၃ရက် (သောကြာနေ့)ည၇း၂၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရေးမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်တင်အေးကြည်သန်း

(ကေတီ)

အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးကြီးသန်းစိန်-ဒေါ်မြမေ)တို့၏စတုတ္ထသမီး၊ဦးငွေစန်း-ဒေါ်စန်းနွဲ့တို့၏သမီးချွေးမ၊ ဦးသန်းနိုင် (ကိုပေါက်) (Operation Director. CEA Projects Co.,Ltd., Director. CEA Trading Co.,Ltd.)၏ဇနီးသည် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၃ ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

မြန်မာတိုင်းရင်းသမားတော်ကြီး ဆရာကြီး ဦးကြီးရင်(သန်လျင်)

မြို့မသုခဆေးတိုက်နှင့် ဆေးကုဌာန

အသက်(၈၅)နှစ်

သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊မြို့မလမ်း၊ အမှတ်(ခ/၂၇)နေ(ဆရာကြီးဦးအဝိန်-ဒေါ်သန်းမြ)တို့၏သား၊ (ဦးမောင်ခင်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ (ဒေါ်မြကြည်)၏ခင်ပွန်း၊ ဆရာဦးမျိုးအောင်-ဒေါ်ဌေးဌေးအောင်(အထက-၁၊ သန်လျင်)၊ ဆရာဦးဌေးအောင်-ဒေါ်အေးအေးစန်း(အမက၊ မှုလွန်၊ တပ်တွင်း)၊ ဒေါ်ယဉ်ယဉ်နွဲ့၊ ဦးဖုန်းဇော်-ဒေါ်အေးအေးပြုံး(ခရမ်းဆီဆိုင်)၊ ဦးဝင်းမိုး(Uniteam Marine)-ဒေါ်နုနုငယ်(The Halo Trust)တို့၏ဖခင်၊ မောင်ဝေယံမျိုး(B.E Civil)၊ မရွှေရည်ထိုက်၊ မကြည်ဖြူသန့်၊ မောင်ပြည့်စုံ၊ မမေအင်ကြင်း၊ မောင်အောင်ပိုင်၊ မရှမဝ၊ မရှုမငြီးတို့၏အဘိုးသည် ၁၈-၁၀-၂၀၁၃ရက်(သောကြာနေ့) နံနက် ၅း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်အုန်း [ကျန်းမာရေးမှူး(ငြိမ်း)၊ တောင်တွင်းကြီးမြို့]

အသက်(၇၈)နှစ်

တောင်တွင်းကြီးမြို့၊ မောင်းတိုင်(၁)ရပ်ကွက်နှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ် ၅၄(လေးလွှာ)နေ ဒေါ်ခင်ဥ(အမက၊ ငြိမ်း)၏ခင်ပွန်း၊ မခင်ဝါဝါတင်၊ မခင်သန္တာတင်၊ မောင်ထွန်းထွန်းအောင်-မကေခိုင်ကျော်တို့၏ဖခင်၊ မောင်ဟိန်းဉာဏ်ထက်၏အဘိုးသည် ၁၈-၁၀-၂၀၁၃ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၃ရက် ညနေ ၄နာရီတွင် တောင်တွင်းကြီးမြို့မသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရွှေမင်းဝန် ဦးဘုန်းမြင့်

(English Speaking Class)

မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်အမှတ်(၁၅၀၄)

ရွှေမင်းဝန်(စာပေ)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၅လမ်း၊ အမှတ် ၄၉ (C)နေ (ဦးမောင်စိန်-ဒေါ်လှကြည်)တို့၏သား၊ (ဦးလှသောင်း-ဒေါ်ကျင်ငွေ)တို့၏ သားသမက်၊ ဦးသောင်းမြင့်-ဒေါ်အုန်းရင်တို့၏ညီ၊ ဒေါ်စန်းကြည်(ရွှေမင်းဝန်စာပေ)၏ခင်ပွန်း၊ (မောင်ကျော်မျိုးသူ)၊ မအေးရီ၊ မလတ်လတ်ငြိမ်း(ဇေကမ္ဘာကုမ္ပဏီ)-မောင်ကျော်ထွန်းမြတ်၊ မောင်အောင်မျိုးမြတ်(နည်းပြ၊ ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်၊ မောင်အားမာန်ဘုန်းမြတ် (Grade-6,C၊ အလက-၁၊ ဒဂုံ)၏အဘိုး၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေးသည် ၁၈-၁၀-၂၀၁၃ရက် နံနက် ၈း၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါက်တာကြည်ကြည်ဝင်း (တောင်ငူမြို့)

M.B.,B.S (IM-1) (1965 Intake)

အသက်(၇၁)နှစ်

တောင်ငူမြို့၊ ၄/၁၆၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ(ဦးကောက်-ဒေါ်ကျင်မြ)တို့၏ တတိယသမီး၊ ဦးခင်မောင်ဝင်း-ဒေါ်မြမြဝင်း(နေရောင်ဆီစက်)၊ (ဦးရဲဆွေ)-ဒေါ်ရီရီဝင်း (RTC တောင်ငူ)တို့၏ညီမ၊ ဦးသက်ဝင်း-ဒေါ်ကြူကြူစော (USA)၊ ဦးလွဏ်းမောင်-ဒေါ်သင်းသင်းဝေ(ငြိမ်းချမ်းရေးစာပေ)၊ ဦးမိုးဝင်း-(ဒေါ်ခင်ငွေလှိုင်)(နှင်းဆီခိုင် ငုံးမျိုးခြံ)၊ ဦးရဲဝင်း-ဒေါ်စမ်းစမ်းမြင့်(ရွှေဝါ ပဲဆီသန့်လုပ်ငန်း)တို့၏အစ်မ၊ တူ၊ တူမ ၁၉ယောက်တို့၏အဒေါ်သည် ၁၈-၁၀-၂၀၁၃ရက် (သောကြာနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့၊ ဖြဟ္မစိုရ်မေတ္တာနှင့်စေတနာ လူမှုရေးကူညီမှုအသင်း၏နာယက ဦးရဲဝင်း-ဒေါ်စမ်းစမ်းမြင့် (ရွှေဝါ ပဲဆီသန့်လုပ်ငန်း)တို့၏အစ်မ ဒေါက်တာကြည်ကြည်ဝင်း အသက်(၇၁)နှစ်သည် ၁၈-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဖြဟ္မစိုရ် မေတ္တာနှင့်စေတနာ လူမှုရေးကူညီမှုအသင်း
တောင်ငူမြို့

ဒေါ်သန္တာတင်(ခ)

ဒေါ်ချောစု (မော်လမြိုင်)

B.Sc (Physics)

အသက်(၄၃)နှစ်

မော်လမြိုင်မြို့၊အမှတ် ၃၉၅၊ အောက်လမ်းမကြီးနေ ဒေါက်တာဦးဘွန်တင်-(ဒေါ်ယဉ်ယဉ်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်၁၃၂၊သုမင်္ဂလာ ဖလမ်း၊သုမင်္ဂလာ အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးဝင်းမောင်-ဒေါ်သင်းသင်းနွယ်၊ ဦးကျော်လင်းတို့၏ညီမ၊ ဦးဝင်းနိုင်၏ဇနီး၊ မောင်ကျော်ဇေသန့်၏မိခင်သည် ၁၈-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၃း၀၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၃ရက်(စနေနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အမကြီး

ဒေါ်အုန်းသန်း (ဖြူးမြို့နယ်)

မိုးကုတ်ယောဂီ

အသက်(၅၇)နှစ်

ဦးဘသန်း-ဒေါ်အုန်းတင်တို့၏သမီး၊ ဖြူးမြို့နယ်နေ ဦးဝင်းမောင်၏ဇနီး၊ဦးမျိုးဝင်းသန်း - မနီလာမျိုးတင့် (ကျော်နိုင်လျှပ်စစ်ပစ္စည်းဖြန့်ချိရေး)၊ ကိုစိုးမင်းသန်း-ဒေါက်တာပန်ဆုလွင် (MOVE Trading Company., Ltd.)တို့၏မိခင်၊ မဆုဝေထက် (Grade-6၊ အထက-၁၊ ဒဂုံ)၊ မောင်ဉာဏ်အုန်းမင်းတို့၏အဘွားသည် ၁၉-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် တောင်ကြီးမြို့၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ယနေ့ မာတိကာ

မူဆယ်သီတင်းကျွတ်ပွဲတော်တွင် ရခိုင်ရိုးရာ ကျင်ကိုင်ပွဲ စည်ကားစွာကျင်းပ စာ - ၇

နေပြည်တော် ဆာဖာရီဥယျာဉ်တွင် သစ်ကုလားအုတ် ပထမဆုံးအကြိမ် မွေးဖွား စာ - ၁၀

မဟာချိုင်မြို့ရှိ ရဲများ နေ့စဉ်ဖမ်းဆီး ငွေညှစ်နေမှုကြောင့် မြန်မာအလုပ်သမားများ အခက်အခဲဖြစ်နေကြရ စာ - ၁၂

မြန်မာအမျိုးသမီးဘောလုံး ဆုနှင့် မလွဲနိုင်၊ ပထမဆုရအောင်မျှော်မှန်းကြိုးစားနေ စာ - ၁၃

နယ်နိမိတ်ချင်း ထိစပ်နေသော နယ်စပ်ဂိတ်များ ဝင်ထွက်မှုစနစ်တကျဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအကျိုးရှိမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် မူဆယ်-ရွှေလီ နယ်စပ်ဝင်ထွက်ဂိတ်အား စနစ်တကျဖြစ်စေရေးနှင့် လွယ်ကူလျင်မြန်စေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီခွဲက သန်းခေါင်စာရင်းဆိုင်ရာရှင်းလင်းပွဲအပြီးတွင် မူဆယ်မြို့ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများနှင့် နယ်စပ်ဝင်ထွက်ဂိတ်များမှ အပြန်အလှန်ဝင်ထွက်သွားလာမှုကို စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ ဝင်ထွက်ပေါက်များအဖြစ် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လေဆိပ်တို့အား သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်း၊ ထီးခီး-ဖွန်နရွန် စသည့် ဂိတ်လေးဂိတ်အား ယခုနှစ် ဩဂုတ် ၂၈ ရက်တွင် နိုင်ငံတကာဝင်ထွက်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ စာမျက်နှာ ၃ ကော်လံ ၃ ◆

The Aizawi Thunder အဖွဲ့ဆိုင်ကယ်အစီး ၃၀၀ ချင်းတောင်တက်မည်

သတင်းနှင့်ဓာတ်ပုံ - ထန်းငါ(ချင်း)

ကလေး အောက်တိုဘာ ၁၉

Bullet ဆိုင်ကယ်စီးပြီး နယ်လှည့်သွားလာနေသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ The Aizawi Thunder အဖွဲ့သည် ချင်းပြည်နယ်ရှိ နာမည်ကြီးအသည်းနှလုံးပုံ ရိဒ်ရေကန်ကို ချစ်ကြည်ရေးခရီးအနေဖြင့် ဆိုင်ကယ်အစီး ၃၀၀ ခန့်**(ဝဲပုံ)**ဖြင့် သွားရောက်ကြမည်ဟု သိရသည်။

အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းမြို့တွင် ကျင်းပမည့် 5th North East Riders' Meet တွင် ပါဝင်ရင်း ယခုကဲ့သို့ ချင်းတောင်ပေါ်ရှိ ရိဒ်ရေကန်ကို နှစ်နိုင်ငံချစ်ကြည်ရေးခရီးအနေဖြင့် သွားရောက်ကြမည်ဟု The Aizawi Thunder အဖွဲ့ခေါင်းဆောင် လားရင့်ချန်နာတိုချောင်းက ပြောသည်။

"ကျွန်တော်တို့ နဂိုစီစဉ်ထားတာက ကလေးမြို့ တာဟန်းအထိ သွားဖို့ပါ၊ ဒါပေမယ့်လမ်းတွေက အလွန်ဆိုးနေတော့ တာဟန်းဘက်ကိုတော့ မရောက်တော့ဘူး။ ရိဒ်ရေကန်ကို တက်ကြမှာပါ"ဟု လားရင့်ချန်နာက ပြောသည်။ The Aizawi Thunder မှ Royal Enfield Bullet ဆိုင်ကယ်သမား ၃၀၀ တို့သည် အိန္ဒိယ-မြန်မာနယ်စပ် အမှတ်(၂) ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဖလမ်းခရိုင် ရိဒ်ခေါ်ဒါရ်မြို့နယ်ခွဲရှိ ရိဒ်ရေကန်နှင့်အနီးနား ပတ်ဝန်းကျင်ကျေးရွာများကို သွားရောက်လေ့လာကြမည်ဖြစ်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ❍

ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

မိုးသည်းထန်စွာရွာ ချောင်းရေတိုက်စား လမ်းခင်းကွန်ကရစ်တုံးမျော

မကွေး အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ ကံပြား-မြို့သစ်လမ်းပေါ်ရှိ ဖိုလေးလုံးကျေးရွာအနီး မိုင်တိုင်အမှတ် (၆၇/၄) နှင့် (၆၇/၅) ကြားရှိ လိပ်ကန်းရေကျော်သည် မိုးသည်းထန်စွာရွာပြီး ချောင်းရေတိုက်စားသွားသောကြောင့် အောက်တိုဘာ ၁၈ ရက် ည ၇ နာရီခန့်က လမ်းခင်းကွန်ကရစ်တုံးများ မျောပါသွားခဲ့ကြောင်း သိရသည်။

၄င်းရေကျော် မျောပါသွားသဖြင့် အောက်တိုဘာ ၁၈ ရက်ညက ယာဉ်များ စာမျက်နှာ ၅ ကော်လံ ၁ ●

လီဗာပူးတို့ စိန့်ဂျိမ်းပတ်တွင် တစ်မှတ်လိုက်ယူ

အာကာကျော်

လန်ဒန် အောက်တိုဘာ ၁၉

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲများကို အောက်တိုဘာ ၁၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးတို့ နယူးကာဆယ်ကွင်း စိန့်ဂျိမ်းပတ်တွင် နောက်မှဂိုးများ လိုက်သွင်းယူပြီး တစ်မှတ်ရယူနိုင်ခဲ့သည်။

လီဗာပူးအတွက် စတာရစ်ဂိုးသွင်းယူစဉ်။

အိမ်ရှင် နယူးကာဆယ်အတွက် အဖွင့်ဂိုးကို ယိုဟမ်းကာဘရေးက ကိုက် ၃၀ အကွာမှ လှလှပပသွင်းယူခဲ့၍ ဦးဆောင်ဂိုးရရှိခဲ့သည်။ ယင်းနောက် လီဗာပူးဝါရင့်ကစားသမားကြီး စတီဗင်ဂျရတ်က ပယ်နယ်တီမှတစ်ဆင့် ချေပခဲ့သည်။ ပွဲကစားချိန် မိနစ် ၄၀ အကြာ ရန်ဂါးဘီဝါက ဆွာရက်ဇ်ကို ကြမ်းတမ်းစွာ ကစားခဲ့သဖြင့် ပယ်နယ်တီကန်ခွင့်ရခဲ့ခြင်း ဖြစ်သည်။ နယူးကာဆယ်ကစားသမား ရန်ဂါးဘီဝါကိုလည်း အနီကတ်ပြ ထုတ်ပယ်လိုက်၍ နယူးကာဆယ်တို့ ပထမပိုင်းမပြီးမီကတည်းက လီဗာပူးကို ၁၀ ဦးနှင့်ထိန်းကစားခဲ့ရသည်။ သို့သော် ဒမ်းမက်က နယူးကာဆယ်အတွက် ပြန်လည်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း စတာရစ်က ပြန်လည်ချေပခဲ့သည်။ ထို့ကြောင့် လီဗာပူးတို့ အဝေးကွင်းတွင် တစ်မှတ်စီခွဲယူခဲ့ရသည်။

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်။ တနင်္ဂနွေနေ့

Advertisement

BBS U HLA BU'S TOEFL

TOEFL Oct 28

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး
(၂၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲကျင်းပမည်

ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ (၂၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲကို (၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၁၄ရက်) ၁၆-၁၁-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ပြီး မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပွဲကို (တန်ဆောင်မုန်းလပြည့်နေ့) ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) အရုဏ်တက်ချိန်တွင် ကျင်းပမည်ဖြစ်ပါသည်။ ရက်ကန်းပြိုင်ပွဲကို စင်တော်ကြီး ၁၂ စင်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆု ငွေကျပ်တစ်သိန်းခြောက်သောင်း အပါအဝင် ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူ အသက်(၁၆)နှစ်မှ (၅၀)အတွင်းရှိ ရက်ကန်းကျွမ်းကျင်သူ အမျိုးသမီးများ ၂၁-၁၀-၂၀၁၃ရက်မှ ၃၀-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီမတိုင်မီ ဂေါပကအဖွဲ့သို့ လျှောက်ထားနိုင်ပါသည်။ လျှုဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅သို့ ဆက်သွယ်လျှုဒါန်းနိုင်ပါကြောင်း။

ရွှေဘုန်းပွင့်စေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

Myanmar Environment Institute (MEI)

မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ

Certificate of Environmental Studies (8th Batch)

- Ecosystems; Terrestrial and Aquatic Ecosystems
- Biodiversity and its Conservation
- Introduction to Environmental Geology
- Pollution and Urban Environment
- Social Issues and Environment
- Environmental Management, Planning and Law Enforcement
- Introduction to Environmental Management System (EMS)
- Field Work

Myanmar Environment Institute (MEI)

(C), (005), Delta Plaza

ဖုန်း - 09- 420109463 , 09-73013448

ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်
အောင်ချမ်းမြေ့
ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း
[JAPANESE LANGUAGE TRAINING CENTRE]

No.249, 2B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၅၁၅၉၈၇၀၊ ၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅

- **၃၁-၁၀-၂၀၁၃ရက်မှ စတင်မည်။**
- သင်ကြားနိုင်သည့်အချိန် 09:00 AM to 04: 00 PM (Break 1 hour)
- သင်တန်းကာလ လေးလ၊ တစ်ပတ်ငါးရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
- ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း ၄၅၀ အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
- အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- ''အောင်''ပြီး ''ချမ်းမြေ့''မှ တွေ့ရှိဖို့ ''အောင်ချမ်းမြေ့'' ကိုလာခဲ့ပါ။
- ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိကျောင်းများတွင် ကျောင်းအပ်လက်ခံဆောင်ရွက်ပေးသည်။

FAME **Uritec®**

For urinary tract infection

ကာချမ်းသယ်ဆီ

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Urocrush®**

For renal stones

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးမင်းထွန်း ၉/ပသက(နိုင်)၁၀၄၇၉၉၈၏ ဖုန်း-၀၉-၄၃၀၁၄၄၂၁ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဦးအေးမင်းထွန်း**

Fully Auto

Ph:09-7319941

တိုက်ခန်းသစ်အမြန်ရောင်းမည်

မေခအိမ်ရာရှေ့၊ လေးထောင့်ကန် လမ်းမကြီးဘေး၊ ကန်တော်မွန်အိမ်ရာအတွင်း မြေညီထပ်အား အဖိုးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။

ဖုန်း-၀၉-၅၀၈၁၆၆၀

ပြည်ပအလုပ်အကိုင် ကြော်ငြာ

လစာ

S$ - 520 + OT

S$ - 430 + OT

S$ - 430 + OT

သူခုစိ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။

ပြည်တွင်း-ပြည်ပ

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ် -၁၅

မန်နေဂျာ	နှင့်	၁။ ဦးသိန်းဖေ
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်စောကျင်
သာစည်မြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၆၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့နယ်၊ ဟံဇားကျေးရွာ၊ ကွင်းအမှတ် (၁၆၈၃/ဟံဇားတောင်)၊ ဦးပိုင်အမှတ် ၁၀၉၊ ဧရိယာ ဝ၁၃သမ၄၆ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ တစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာ၊ အရောင်းဆိုင်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဂိုဒေါင်၊ ဆန်စက်ရုံနှင့် စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ် ၃၁၆ သိန်း။
လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

အစဉ်အလာနှင့် သမ္မာအရ

ဥယျာဉ်မှူး

အမျိုးသမီးဗိုလ်လောင်း (OTT ဝင်ခွင့်)

သဃ်န်းကျွန်း၊ စံပြဈေးအနီး၊ ဖုန်း-၀၉-၅၁၁၄၈၀၄၊ ၀၉-၄၂၀၀၄၂၈၀၀

သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ အရံစေတီတော်များအား ရွှေဆေးသက်န်းကပ်လှူရန်အတွက်

တိုက်တွန်းနှိုးဆော်ပန်ကြားလွှာ

၁။ သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ အရံစေတီတော်များအား ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဖူးမြော်နိုင်ရေးအတွက် ပွင့်လင်းရာသီအမီ ရွှေဆေးသက်န်းများကို ဂေါပကအဖွဲ့မှ အသစ်တစ်ဖန် ပြန်လည်ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်အပေါင်းတို့အနေဖြင့် စေတီရံတစ်ဆူလျှင် အလှူငွေ ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်းတိတိ)ဖြင့် ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂။ ပဒေသာပင်စိုက်ထူထားရှိသော ထာဝရအလှူရှင်များအား သီးခြားနှိုးဆော်လွှာများ ပေးပို့မည်ဖြစ်ပြီး ပဒေသာပင်စိုက်ထူထားခြင်းမရှိသော မူလအလှူရှင်များအနေဖြင့် ၃၁-၁၀-၂၀၁၃ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းပါရန်နှင့် ၄င်းရက်ထက်ကျော်လွန်ပါက အခြားအလှူရှင်အသစ်များ၏လှူဒါန်းမှုကို လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး

ဖုန်း-၀၅၆-၂၁၁၄၃/၂၂၀၃၂

မြစ်ကြီးနားအသင်း(ရန်ကုန်)၏

စုပေါင်းမဟာဘုံကထိန် ဖိတ်ကြားလွှာ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ရွှေတိဂုံစေတီတော် ဩဝါဒခံဆရာတော်ကြီးများအပါအဝင် ပင့်သံဃာ ၁၈ပါးတို့အား ကထိန်သင်္ကန်းနှင့်တကွ အခြံအရံလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျောက်စိမ်းတွင်းဓမ္မာရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အသင်းသူအသင်းသားများနှင့် အလှူရှင်များ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(ပြည်နယ်ရိုးရာ ထမင်း၊ ဟင်းလျာဖြင့် ဧည့်ခံပါမည်။)

သင်္ကန်းတစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/နှုန်းဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ လှူဒါန်းနိုင်ပါသည်-

(၁)	ဦးစောနွဲ့သန်းစိန်	ဖုန်း-၃၇၅၄၂၁၊ ၀၉-၅၀၉၉၁၁၆
(၂)	ဒေါ်ဘေဘီ	ဖုန်း-၅၇၇၈၁၂၊ ၀၉-၅၁၇၃၃၇၈
(၃)	ဒေါ်တင်တင်ညွန့်	ဖုန်း-၅၅၅၅၂၉၊ ၀၉-၈၆၃၅၅၂၅
(၄)	ဒေါ်ခင်မကြီး	ဖုန်း-၃၇၁၀၉၇
(၅)	ဒေါက်တာအေးအေးစူး	ဖုန်း-၃၉၂၈၈၅
(၆)	ဒေါ်လှလှချိန်	ဖုန်း-၀၉-၅၀၇၇၉၂၃
(၇)	ဒေါ်ကြည်ကြည်ဆွေ	ဖုန်း-၀၉-၅၁၆၆၂၄၈
(၈)	ဒေါ်မိမိမူ	ဖုန်း-၅၀၃၄၄၆၊ ၀၉-၅၁၅၁၆၇၉
(၉)	ဒေါ်ခင်မြဝေ	ဖုန်း-၅၆၁၈၂၄၊ ၀၉-၅၁၄၆၉၅၅
(၁၀)	ဒေါ်ညိုမာသွယ်	ဖုန်း-၀၉-၅၀၂၁၈၅

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ လိုင်စင်ကန်ထရိုက်တာ ဒေါက်တာခင်ခင်မြင့်(LC-၃၆၇)မှ လိုင်စင်ကန်ထရိုက်တာ ဒေါက်တာစိန်ဝင်း(LC-၇၉)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ရက်ပေါင်း ၃၀အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ဝေါမြို့နေ ဦးထွန်းရီ-(ဒေါ်တီ)၊
ပဲခူးမြို့နေ ဦးကြင်ဝမ်-ဒေါ်လှသိန်း(ဂျူးသိန်းဆေးပေါ့လိပ်)
တို့၏မြေး၊
ရန်ကုန်မြို့နေ ဒေါက်တာညွန့်ဦး (Steel Horse Co., Ltd.)-
ဒေါ်ခင်ပြုံးဆွေတို့၏သားလတ်

မောင်မျိုးညွန့်ထူး @ Peter Lin

B.Sc (Hons.) (Business Computing and Information Technology) (University of Wales, UK)
M.D (Triple Luck Co., Ltd.)
Director (Myint Mo Hlwan Construction Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃ လမ်း၊ အမှတ် ၆ နေ
ဦးမြင့်စန်း (Former Marine Engineer F/G 1 E)-
(ဒေါ်ရီရီမြင့်) (လှဘုရင်၊ ဗိုလ်ချုပ်ဈေး)တို့၏သမီးလတ်

မအေးစုမွန် @ Rebecca Lin

B.C.Sc (Computer Science) (University of Computer Studies, Yangon)
Graduate Diploma in System Analysis
(National University of Singapore, Singapore)
Senior Analyst (Singapore Post Co., Ltd.)

တို့၏ ၁၇-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲနှင့် ၁၉-၁၀-၂၀၁၃ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ပါသော နှစ်ဖက်သော ဂုဏ်သရေရှိဧည့်သည်များနှင့် မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးညွန့်ထူး-မအေးစုမွန်

ပင်လုံနှင်းဆီ

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် (ဘော်ဒါ)

၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်း

Sweet Angel Nail Art & Beauty Training School

[illegible]	[illegible]	[illegible]
[illegible]	150'000	2 months
[illegible]	150'000	2 months
[illegible]	150'000	1 month
[illegible]	150'000	2 months
[illegible]	150'000	2 months

“Lucky Bag & Swallow Plastic စက်ရုံမိသားစု၏ ဝမ်းနည်းခြင်း” ဝါကျွတ်ဆုတောင်းလွှာ”

Lucky Bag & Swallow Plastic စက်ရုံမှ ထုတ်လုပ်နေသော နိုင်ငံတကာအဆင့်မီထုတ်ကုန်များကို အစဉ်အားပေးနေသော ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပဲခူး၊ ပုသိမ်၊ မော်လမြိုင်၊ စစ်တွေ၊ မြိတ်၊ လားရှိုး၊ မုဆယ်၊ အရေပူ၊ မိတ္ထီလာ၊ မြင်းခြံ၊ မင်းဘူး၊ ပခုက္ကူ၊ ပြည်၊ အောင်လံ၊ နေပြည်၊ ပျော်ဘွယ်၊ ဟင်္သာတ၊ ဟိုပန်၊ တာချီလိတ်၊ မြစ်ကြီးနား၊ မိုးကောင်း၊ ဖန်းဇော်၊ ကျောက်ပန်းတောင်း၊ ပုလော၊ ထားဝယ်၊ ရေး၊ တျန်ရှိနေသောမြို့နယ်ကြီးများအားလည်းကောင်း၊ ဂျပန်နိုင်ငံမှ မှာယူဖြန့်ချိနေသော **TOKUTOKUYA/ECI** ကုမ္ပဏီအားလည်းကောင်း၊ ပလပ်စတစ်နည်းပညာများနှင့်ပတ်သက်၍ အကြံဉာဏ်များပေးကြသော နိုင်ငံတကာမှ ပလပ်စတစ်ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များအားလည်းကောင်း၊ မြန်မာပြည်အနှံ့အပြား ပလပ်စတစ်အရောင်းဖြန့်ချိရေး ကိုယ်စားလှယ်တော်ကြီးများ၊ ဈေးလုပ်ငန်း၊ အအေးခန်းစက်ရုံများ၊ စားသုံးကုန်လုပ်ငန်းရှင်များ၊ ပလပ်စတစ် ပုံနှိပ်လုပ်ငန်းအပ်နှံသူများနှင့် လက်လီ၊ လက်ကား ဝယ်ယူအားပေးနေကြသော မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသူငယ်ချင်းနှင့် မိတ်ဟောင်း မိတ်သစ်အပေါင်းတို့အားလည်းကောင်း ဝါကျွတ်ချိန်ခါကာလသမယတွင်

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Lucky Bag & Swallow Plastic
ကုမ္ပဏီလီမိတက်

DUAL TECH Vocational Training Centre

(UK) အင်္ဂလိပ်နိုင်ငံ ဒီပလိုမာသင်တန်းများ (၆လ/၁နှစ်)

- Mechanical
- Electrical
- Electronic
- Air-Con & Refrigeration
- Double Diploma in (EP & EC)
- Civil (Construction)
- M & E (MP & EP)

15% Off

Foundation သင်တန်းများရှိ

- TV,VCD,DVD,EVD ပြုပြင်ခြင်းသင်တန်း
- Controls
- Engineering Civil (Construction) (BC, Drawing, Estimate, RC,Survey)

Air-Con & Refri: DUAL TECH မှ ရရှိနိုင်သည်

1 → ... ရန်ကုန်မြို့။ 01 8560596,09 73020803
2 → ... ရန်ကုန်မြို့။ 09 73243776, 0973069882
3 → ... ရန်ကုန်မြို့။ 09 420313719

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ နဝရတ်ကွန်ဒိုအိမ်ရာ၊ အခန်းအမှတ် ၃၀၂ ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဆွေဇာလွင် ၁၂/ပဘတ(နိုင်)၀၀၀၁၈၅ ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင် ဝယ်ယူထားသူ ဒေါ်ချန်သန်းသန်း(ခ) သန်းသန်းအေး ၂/လကန(နိုင်)၀၄၅၃၆၄က ပိုင်ရှင်အမည်ပြောင်းလဲ၍ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ရာဇာဓိရာဇ်အိမ်ရာ၊တိုက်အမှတ်၂၅၁၊ အခန်းအမှတ် ၂၀၁ နှင့် ၂၀၂ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးဉာဏ်မြင့် ၇/အတန(နိုင်)၀၁၁၄၃၁ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နီနီစိုး ၂/လကန(နိုင်)၀၄၃၁၅၀ က ပိုင်ရှင်အမည်ပြောင်းလဲ၍ ပိုင်ဆိုင်မှု စာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဆရာကြီးယ်စင်ကိုကို (M.A, Eng.,) (Thesis) (UK)
ဦးစီးတည်ထောင်သော
English Composition Class

... Sentence (4)မျိုး Clause (5)မျိုး Speech (2)မျိုး Voice (2)မျိုး Usage (4)မျိုး Phrase (12)မျိုး ...

“သင်တန်းချိန်”

Tuition Fees
Basic & Intermediate Level = 20000/-
Advanced Level = 30000/-

Free:- Composition ... IELTS (Foundation and Preparation)နှင့် Vocabulary, Grammar, Idiom, English Speaking ...

နေရာ - ... ရန်ကုန်မြို့။ ဖုန်း- ... www.kyalsinaung.blogspot.com

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၆၃

ဦးထွန်းလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထင်ကျော်)	နှင့်	၁။ ဒေါ်သစ်သစ်ဌေး ၂။ ဦးအောင်ကျော်ကျော် ၃။ ဒေါ်ဇာခြည်ဝင်း
တရားလို		**တရားပြိုင်များ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းရပ်ကွက်၊ ကျိတ်တန်းလမ်း၊ အမှတ် ၄၃နေ ဒေါ်သစ်သစ်ဌေး၊ ဦးအောင်ကျော်ကျော်၊ ဒေါ်ဇာခြည်ဝင်း (ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

သင်တို့အပေါ်၌ ဦးထွန်းလွင်က “အရောင်းအဝယ်ကတိစာချုပ်အတိုင်း ရောင်းချသော မြေနှင့်အဆောက်အအုံအတွက် မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု” ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၃ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာ ရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မောင်လတ်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၅/ကနေ ဒေါ်တင်မြ ၁၂/အစန(နိုင်)၀၂၆၇၃၈၏လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာသည်မှာ-

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊မြေကွက်အမှတ် ၁/ခ ၅၆၊ မြေအကျယ် ၀ဒသမ ၀၄၄ ဧက၊ နှစ် ၆၀ဂရန်မြေ အမျိုးအစား၊ အမှတ် ၂၇၄၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေနှင့်မြေပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်တို့ ကို ဒေါ်တင်မြမှ ၂၀၀၈ခုနှစ်ကတည်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၃၁၉၇/၀၈ ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ ဂရန်အမည်ပေါက်ပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အိမ်တွင် ယခုအခါ သားဖြစ်သူဦးမျိုးသီဟ(ကွယ်လွန်)၏ဇနီး ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင် ၁၂/ဥကတ(နိုင်)၁၃၅၆၈၄အား မေတ္တာဖြင့် နေထိုင်ခွင့်ပြုထားပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်မြ၏တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အပြင် နည်းလမ်းတစ်ရပ်ရပ်ဖြင့် စီမံခန့်ခွဲခြင်းတို့ကိုလည်း မပြုလုပ်ကြပါရန်၊ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**ညွှန်ကြားချက်အရ-**
ဒေါ်တင်မြ	**ဒေါ်ခင်လှသန်း B.A(Law),LL.B(စဉ်-၂၁၅၅)**
၁၂/ အစန(နိုင်)၀၂၆၇၃၈	**ဒေါ်မာလာစန်း LL.B(Q) (စဉ်-၇၂၉၀)**
	တရားလွှတ်တော်ရှေ့နေများ
	ဖုန်း-၀၉-၅၀၂၆၇၀၇၊၀၉-၅၅၀၂၆၁၂

ကြည်စိုး LC
... 09 510 40 41

မိဘအမည်မှန်

ရေစကြိုမြို့၊ အထက(ခွဲ) စိတ္တာသုခ၊ စတုတ္ထတန်း(က)မှ မောင်ပြည့်စုံဖြိုး၏ မိဘအမည်မှန်မှာ ဦးစိန်လွင် ၈/ရစက(နိုင်)၁၅၇၃၄၈နှင့် ဒေါ်ဝင်းဝင်းမော် ၈/ရစက(နိုင်)၀၀၃၃၆၄ တို့ ဖြစ်ပါသည်။

[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	ကြည့်မြင်တိုင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်း သိမ်းဆည်းရမိသော တရားရုံးပြီးပြတ်မော်တော်ယာဉ် ၈၉ စီးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၁၀-၂၀၁၃ရက် ၀၉:၀၀နာရီ (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက် - ၁-၁၁-၂၀၁၃ရက် ၁၆:၀၀နာရီ (သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း-၀၅၇-၂၇၃၀၃ (မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး)

တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်

အယူတော်ခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမအယူခံမှုအမှတ်-၇၈

ဒေါ်လှပို	နှင့်	၁။ ဒေါ်အေးမြတ်မွန်
(၎င်း၏ကိုယ်စားလှယ်စာရသူ		(၎င်း၏တရားဝင်
(ဦးရဲနိုင်)		ကိုယ်စားလှယ်စာရသူ
အမှတ် ၇၄၊ ဦးဘကျော်လမ်း၊		ဒေါ်စန်းစန်းဝင်း)
တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊		၂။ ဒေါ်ချစ်
ရန်ကုန်တိုင်းဒေသကြီး		(၎င်း၏တရားဝင်
		ကိုယ်စားလှယ်စာရသူ
		ဦးဝင်းကြည်)
အယူခံတရားလို		**အယူခံတရားပြိုင်များ**

(တာမွေမြို့နယ်တရားရုံး၏ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် -၈၆တွင်ချမှတ်သော ၂၃-၄-၂၀၁၃ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ်အယူတော်ခံမှု။)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းမီးရထားအိမ်ရာ၊ အခန်း(ဘီ)၊ တိုက် ၂၈နေ အယူခံတရားပြိုင် (၁)ဒေါ်အေးမြတ်မွန် (၎င်း၏တရားဝင်ကိုယ်စားလှယ်စာရသူ ဒေါ်စန်းစန်းဝင်း)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဦးဘကျော်လမ်း၊ အမှတ် ၇၄/၆နေ အယူခံတရားပြိုင် (၂)ဒေါ်ချစ် (၎င်း၏တရားဝင်ကိုယ်စားလှယ်စာရသူ ဦးဝင်းကြည်) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် တာမွေမြို့နယ် တရားမရုံးတော်ကချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူတော်ခံရာဤရုံးတော်တွင်မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၁ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ထို့ပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့်၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာဆွေ)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

[illegible]
Hein Htet San Law Firm
[illegible]

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒုပဒေအမိန့်- ၂၁၊ နည်းဥပဒေ ၂၂)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊တရားမကြီးမှုအမှတ် - ၅၃ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၈

ဒေါ်ဇင်ဇင်ဝင်း	နှင့်	ဒေါ်ရန်မိန်
ဒီကရီအနိုင်ရသူ		**တရားရှုံး**

တောင်ကြီးမြို့၊ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၃၆၇ နေ ဒေါ်ရန်မိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဇင်ဇင်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက် (၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လင်းလင်း
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒုပဒေအမိန့်- ၂၁၊ နည်းဥပဒေ ၂၂)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊တရားမကြီးမှုအမှတ် - ၅၁ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၉

ဒေါ်ဇင်ဇင်ဝင်း	နှင့်	ဦးတုန်းလှိုင်
		ဒေါ်ဆိုင်းသောင်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ(၁၂)၊ ကမ္ဘောဇလမ်းခွဲ(၂)၊ အမှတ်(၄၇/၁၂) နေဦးတုန်းလှိုင်၊ ဒေါ်ဆိုင်းသောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁ တွင်ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ဇင်ဇင်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်(၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော် ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လင်းလင်း
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

အမည်ဖြည့်စွက်ခေါ်ပါရန်

ကျွန်တော် မောင်အောင်မျိုးဌေး ၁၀/မပန(နိုင်)၀၉၀၈၃၈ (ဘ) ဦးအောင်ကျော်မင်းအား အောင်မျိုးဌေး(ခ) အောင်ဇော်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၈-၂၀၁၃ ရက်ထုတ် ဤသတင်းစာတွင် ပါရှိသော ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါ ဦးတင်မောင်အုန်း၏ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၀၅၂၆၉ အစား ၁၂/တမန(နိုင်)၀၅၆၅၆၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိတိုက်အမှတ် ၂၄၊ အခန်းအမှတ် ၁၀၃ကို အမည်ပေါက်ပိုင်ဆိုင်သူ ဆလိုင်းဒူးမန်း ၁၄/ဘကလ(နိုင်)၀၈၁၂၆၆ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းလှ ၁၄/ဇလန (နိုင်)၁၀၁၇၈၆ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့်တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖခင်အမည်မှန်

အထက(၅)၊ နေပြည်တော် သတ္တမတန်း(က)တွင် ပညာသင်ကြားနေသော မဆုပြည့်လှိုင်၊ ပဉ္စမတန်း(ခ)တွင် ပညာသင်ကြားနေသော မဆုထက်လှိုင်နှင့် ဒုတိယတန်း(ခ)တွင် ပညာသင်ကြားနေသော မဆုမြတ်လှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလှိုင် ဖြစ်ပါကြောင်း။

သွေးသည် အသက်

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရတနာပုံလမ်း၊ (E-25) နေ ကျွန်တော် မောင်ဝေယံဦး(ဘ)ဦးစိန်တင် ၉/ခအဇ(နိုင်)၀၂၅၆၀၁ နှင့် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ငွေကြယ်ဖြူလမ်း၊ ၁၄/၉ နေ ကျွန်မ မအင်ကြင်းခိုင် (ဘ) ဦးမြင့်သိန်း ၁၃/တကန(နိုင်) ၂၁၅၀၅၄တို့သည် ၃၀-၉-၂၀၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကလေးသူငယ်တရားရုံးတော် တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဝေယံဦး-မအင်ကြင်းခိုင်

စာမူဖိတ်ခေါ်ခြင်း
သထုံမြို့နယ်အသင်း(ရန်ကုန်)
(၄၂)နှစ်မြောက် တည်ထောင်ခြင်း အထိမ်းအမှတ်မဂ္ဂဇင်း

သထုံမြို့နယ်အသင်း(ရန်ကုန်) (၄၂)နှစ်မြောက် တည်ထောင်ခြင်းအထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ပါသဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းနှင့် ရှားပါးဓာတ်ပုံများ ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

နိုင်ငံ့ဂုဏ်ဆောင်၊ သထုံမြို့နယ်ဂုဏ်ဆောင် သထုံသူ/သားများ၏ အမှတ်တရဓာတ်ပုံများ၊ သမိုင်းဝင်ဓာတ်ပုံများကို ငှားရမ်းကူညီပေးပါရန်နှင့် အသုံးပြုပြီးပါက ပြန်လည်ပေးပို့ပါမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

၂၀၁၄ January နောက်ဆုံးပတ်ထား၍ ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန်

၁။	ဦးအေးသန်း	ဖုန်း-၀၁-၅၄၈၈၇၈
၂။	ဦးမြတ်သန်း	ဖုန်း-၀၉-၄၂၀၇၃၃၂၄
၃။	ဦးထွန်းရွှေ	ဖုန်း-၀၁-၆၄၁၆၁၄
၄။	ဦးသန်းထွန်း	ဖုန်း-၀၉-၃၁၁၃၄၇၈၆
၅။	ဦးမြင့်စိုး	ဖုန်း-၀၉-၂၅၀၁၇၂၈၂၈

သထုံမြို့

၁။	ဦးတင်ဝင်း-ဦးမျိုးအောင်	ဖုန်း-၀၉-၄၉၈၀၃၆၂၇
၂။	ဦးမောင်မောင်တင်ဝင်း	ဖုန်း-၀၅၇-၄၀၅၃၈
၃။	ဒေါ်ခင်မာအေး	ဖုန်း-၀၅၇-၄၀၄၃၇
၄။	တက္ကသိုလ်ဖြူဖြူအောင်	ဖုန်း-၀၉-၃၇၂၀၃၀၄

[illegible]
Hein Htet San Law Firm
[illegible]

ကျေးဇူးဆပ်ပါမည်

ပဲခူးမြို့နေ ဦးအောင်နိုင်(ဘ)ဦးကြူးဟုန် ၇/ပခန(နိုင်)၁၇၀၆၃၇ ၏ Passport စာအုပ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၀၂၅၄၉၉၆၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(အေ)၊ အခန်းအမှတ် ၁၁၀၆ ကို မူလအမည် ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းဆီ(ခ)ဒေါ်ဝမ်လီရင် ၁၃/တခလ(နိုင်)၀၃၀၃၆၇ ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဦးဖေသန်း ၁၂/ပဘတ(နိုင်)၀၁၇၂၂၁ က ပိုင်ရှင်အမည်ပြောင်းလဲ၍ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

[illegible]

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး

ဥပဒေစကားဝိုင်း

၁၄-၁၀-၂၀၁၃ ရက်နေ့နှင့် ၁၆-၁၀-၂၀၁၃ ရက်နေ့တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေစကားဝိုင်းကို စီစဉ်တင်ဆက်သွားခဲ့ပါသည်။

ယနေ့အချိန်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များအကြားတွင်လည်းကောင်း၊ သတင်းမီဒီယာများတွင်လည်းကောင်း ဆွေးနွေးနေကြသည်များမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်ရေးကြရန်၊ ပြင်ဆင်ကြရန်ဆိုသည့် အကြောင်းအရာပင် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အသက်ဖြစ်ပါသည်။ ပြည်သူများအားလုံး အခြေခံဥပဒေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ဥပဒေစကားဝိုင်းကိုရွေးချယ်ဆွေးနွေးတင်ပြခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများမှာ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးဦးသောင်းညွန့်၊ ကချင်တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင် ဒေါက်တာမနန်တူးဂျာ၊ **Myanmar Peace Centre** မှ ဥပဒေအကြံပေးပုဂ္ဂိုလ် ဒေါက်တာအင်ဒရူးဌက်ကျုံးလျန်၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အငြိမ်းစားညွှန်ကြားရေးမှူး ဥပဒေပညာရှင် ဦးသန်းအောင်တို့ ဖြစ်ပါသည်။

ဦးသောင်းညွန့်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာတဲ့ နောက်ခံသမိုင်းနှင့် ပတ်သက်၍ အကျဉ်းချုံးတင်ပြသွားပါမယ်။ ၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူပြီးတဲ့နောက်ပိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်မယ်ဆိုပြီးတော့ ကြေညာခဲ့ပါတယ်။ ဒီလိုကြေညာခဲ့တဲ့အခါမှာ အဲဒီတုန်းက အခြေအနေက ၁၉၈၈ ခုနှစ်မတိုင်မီမှာ ကျွန်တော်တို့ နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်ကြည့်တဲ့အခါကျတော့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ပါတီစနစ်နဲ့ ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်ဖို့ဆိုတဲ့ အခြေခံနဲ့ ရေးသားပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ဒီတော့ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ဖို့အတွက်ကို ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို သုံးစွဲပြီးတော့မှ ဆောင်ရွက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို သုံးစွဲပြီးတော့ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကိုသွားဖို့ မဖြစ်နိုင်တဲ့အတွက် ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်နိုင်အောင် အခြေခံဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းဖို့အတွက် လိုအပ်လာပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက် ဖို့အတွက် အခြေခံဥပဒေအသစ်ဆွဲဖို့အတွက် စဉ်းစားတဲ့အခါကျတော့ နည်းလမ်းမျိုးစုံကို စဉ်းစားကြပါတယ်။ နည်းလမ်းမျိုးစုံကို စဉ်းစားတဲ့အခါကျတော့ အကောင်းဆုံးနည်းလမ်းက ဘာလဲဆိုတော့ အမျိုးသားညီလာခံကျင်းပပြီး အဲဒီ အမျိုးသားညီလာခံကနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်အောင် လိုအပ်တဲ့အခြေခံမူတွေချမှတ်ပေးဖို့ဆိုပြီး စဉ်းစားလို့ရခဲ့ပါတယ်။ ဒီလို စဉ်းစားနိုင်အောင် အမျိုးသားညီလာခံကျင်းပရေးကိစ္စနဲ့ ပတ်သက်ပြီး အဲဒီတုန်းက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၂၈-၅-၁၉၉၂ ရက်နေ့မှာ တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီတွေရယ်၊ အဲဒီတုန်းက ရွေးကောက်ပွဲမှာ ရွေးချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်တွေရယ်၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေရယ်ကို ဖိတ်ခေါ်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရေးနဲ့ ပတ်သက်ပြီးတော့ အကြိုညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် လုပ်ခဲ့ပါတယ်။ အဲဒီအကြိုညှိနှိုင်းဆွေးနွေးပွဲကို ၂၃-၆-၁၉၉၂ ရက်နေ့ကနေ ၁၀-၇-၁၉၉၂ ရက်နေ့အထိ ဆွေးနွေးညှိနှိုင်းခဲ့တဲ့ရလဒ်က အားလုံးတက်ရောက်လာကြတဲ့သူတွေက ဖွဲ့စည်းပုံအသစ်ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံတစ်ရပ် ခေါ်ယူဖို့ဆိုပြီး သဘောတူကြပါတယ်။ ဒါက ပထမအချက်အနေနဲ့ပါ။

နောက်တစ်ချက်ကတော့ ဒီအမျိုးသားညီလာခံခေါ်ယူကျင်းပခဲ့တဲ့အခါမှာ ဒီညီလာခံကြီးကို တက်ရောက်မယ့်ကိုယ်စားလှယ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ တရားဝင်တည်ရှိနေတဲ့ ပါတီတွေထဲက ကိုယ်စားလှယ်တွေ၊ ရွေးချယ်တင်

အချပ်ပို(ခ)သို့

" ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် အခြေခံဥပဒေအသစ်ဆွဲဖို့အတွက် စဉ်းစားတဲ့အခါကျတော့ နည်းလမ်းမျိုးစုံကို စဉ်းစားကြပါတယ်။ နည်းလမ်းမျိုးစုံကို စဉ်းစားတဲ့အခါကျတော့ အကောင်းဆုံး နည်းလမ်းက ဘာလဲဆိုတော့ အမျိုးသား ညီလာခံ ကျင်းပပြီး အဲဒီ အမျိုးသား ညီလာခံကနေပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ် ရေးဆွဲ ပြဋ္ဌာန်း နိုင်အောင် လိုအပ်တဲ့အခြေခံမူတွေချမှတ်ပေးဖို့ဆိုပြီး စဉ်းစား လို့ရခဲ့ပါတယ်။ "

ပါဝင်ဆွေးနွေးသူများ၏ကိုယ်ရေးမှတ်တမ်းအကျဉ်း



၁။ **အမည်** - ဦးသောင်းညွန့်
၂။ **ပညာအရည်အချင်း** - B.Sc,BL(Advocate)
၃။ **မွေးဖွားရာဇာတိ** - မိတ္ထီလာမြို့
၄။ **တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း** - ၁၉၆၀-၁၉၆၇အထိနယ်ပိုင်၊ တရားမနှင့်အထူးအာဏာရ ရာဇဝတ်တရားသူကြီး၊ ၁၉၆၉ -၁၉၇၄ အထိ ရာဘက်ဆိုင်ရာ တရားမနှင့်စက်ရှင်တရားသူကြီး ရာထူးဖြင့် ရန်ကုန်မြို့တော် တရားမရုံးတွင် ဒုတိယတရားသူကြီးတာဝန်ထမ်းဆောင်၊ ၁၉၇၄-၁၉၈၈ အထိ နိုင်ငံတော်ကောင်စီ ဥပဒေပညာရှင်၊ ၁၉၈၈-၁၉၉၂ အထိ ညွှန်ကြားရေးမှူးချုပ် ရှေ့နေချုပ်ရုံး၊ ၁၉၉၂-၁၉၉၅ အထိ ဥပဒေအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး၊ ၁၉၉၅- ၂၀၁၁ အထိ အစိုးရအဖွဲ့ရုံးဝန်ကြီး၊ ၁၉၉၃-၂၀၀၇ အထိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးတာဝန်။
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု** - နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ဝင်

၁။ **အမည်** - ဒေါက်တာမနန်တူးဂျာ
၂။ **ပညာအရည်အချင်း** - B.D.S ရန်ကုန်
၃။ **မွေးဖွားရာဇာတိ** - မိုးညှင်းမြို့နယ်၊ ပါဟုတ်ကျေးရွာ
၄။ **တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း** - သွားဘက်ဆိုင်ရာဆရာဝန်
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု** - လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ ထူထောင်ရန် ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားဆဲ။

၁။ **အမည်** - ဒေါက်တာအင်ဒရူးဌက်ကျုံးလျန်
၂။ **ပညာအရည်အချင်း** - ဖွဲ့စည်းပုံအခြေခံဥပဒေဘာသာရပ်နှင့်ဥပဒေပါရဂူဘွဲ့ရ (အမေရိကန်)
၃။ **မွေးဖွားရာဇာတိ** - မတ္တရာမြို့
၄။ **တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း** - ဘွဲ့လွန်ပါရဂူသုတေသီ (အမေရိကန်)၊ တွဲဖက်ညွှန်ကြားရေးမှူး၊ ဒီမိုကရေစီ အခြေခံဥပဒေဌာန(အမေရိကန်)
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု** - ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းဗဟိုဌာနဥပဒေအကြံပေး

၁။ **အမည်** - ဦးကျော်ဝင်း
၂။ **ပညာအရည်အချင်း** - သိပ္ပံဘွဲ့(ဓာတု)
၃။ **မွေးဖွားရာဇာတိ** - မုံရွာမြို့
၄။ **တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း** - စာရေးဆရာ
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု** - စာရေးဆရာ၊ အမျိုးသားလွှတ်တော် (နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မတီဝင်)



၁။ **အမည်** - ဦးသန်းအောင်
၂။ **ပညာအရည်အချင်း** - ဝိဇ္ဇာ(ဥပဒေဘွဲ့)
၃။ **မွေးဖွားရာဇာတိ** - ရန်ကုန်မြို့
၄။ **တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း** - ညွှန်ကြားရေးမှူး (ငြိမ်း)၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု** - ဥပဒေပညာရှင်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေစကားဝိုင်း

အချုပ်ပိုဒ် (က)မှ

ရွေးကောက်ခံရတဲ့ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားမျိုးနွယ်တွေ၊ လူမျိုးစုကိုယ်စားလှယ်တွေပေါ့လေ၊ တောင်သူလယ်သမားကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ အခြားဖိတ်ကြားသင့်တဲ့ပုဂ္ဂိုလ်တွေ စသည်ဖြင့် အစုအဖွဲ့ စုစုပေါင်း (၈)ဖွဲ့က ကိုယ်စားလှယ်တွေကို ဖိတ်ကြားပြီး ညီလာခံကျင်းပသင့်တယ်ဆိုပြီး ညှိနှိုင်း ရရှိခဲ့ပါတယ်။

အဲဒီညှိနှိုင်းရရှိတဲ့ အချက်နှစ်ချက်အပေါ် မူတည်ပြီး ၉-၁-၁၉၉၃ ရက်နေ့မှာ စတင်ကျင်းပခဲ့ပါတယ်။ ကိုယ်စားလှယ်အစုအဖွဲ့ (၈) ဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်နဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။

အဲဒီကျင်းပတဲ့နေရာမှာ တရားဝင်တည်ရှိနေတဲ့ အဓိကနိုင်ငံရေးပါတီလို့ ဆိုရမယ့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီတို့၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့ စတဲ့ပါတီတွေမှာပါတဲ့ ကိုယ်စားလှယ်တွေ ပါခဲ့ပါတယ်။ အဲဒီ ၉-၁-၁၉၉၃ ရက်နေ့က စတင်ကျင်းပခဲ့တဲ့ ညီလာခံကြီးမှာ အခြေခံဥပဒေရေးဆွဲနိုင်ဖို့အတွက် လိုအပ်တဲ့ အခန်းခေါင်းစဉ်တွေ၊ အခြေခံမူတွေ ချမှတ်နိုင်ခဲ့ပါတယ်။

ညီလာခံကြီး ချောချောမွေ့မွေ့နဲ့ ကျင်းပနေတဲ့အချိန်မှာ ၃၀-၃-၁၉၉၆ ရက်နေ့ကျတော့ ညီလာခံကြီးကို ယာယီရပ်ဆိုင်းလိုက်ရတဲ့အခြေအနေမျိုး ဖြစ်လာပါတယ်။ ညီလာခံကြီးကို ဘာကြောင့် ယာယီရပ်ဆိုင်းလိုက်ရသလဲဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ရှင်းလင်းလိုပါတယ်။ ညီလာခံကြီးကျင်းပနေတဲ့အချိန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကနေပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နဲ့ လုပ်ငန်းကော်မတီကို ၄င်းတို့ပါတီနဲ့ အစိုးရ အဖွဲ့တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးပါဆိုပြီး တင်ပြလာပါတယ်။

ဒီလိုတင်ပြလာတဲ့အခါ ကျွန်တော်တို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ရယ်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရယ်ကို ပေးထားတဲ့တာဝန်က အခုလိုနိုင်ငံရေးပါတီတစ်ခုခုက အစိုးရအဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးဖို့ဆိုတဲ့ လုပ်ပိုင်ခွင့်ပေးမထားပါဘူး။ အဲဒီလိုပေးမထားတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တင်ပြချက်ကို ဆောင်ရွက်မပေးနိုင်ခဲ့ပါဘူး။ အဲဒီလို ဆောင်ရွက်မပေးနိုင်တဲ့အတွက်ကြောင့်လည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားညီလာခံကို ဆက်မတက်ဘဲနေခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ ၃၀-၃-၁၉၉၆ ရက်နေ့မှာ ယာယီရပ်ဆိုင်းထားတဲ့ ဒီအမျိုးသားညီလာခံကြီးကို ၃၀-၈-၂၀၀၃ ရက်နေ့မှာ နိုင်ငံတော်ကနေပြီး ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ကြေညာလိုက်ပါတယ်။

အဲဒီလိုကြေညာလိုက်တဲ့အခါမှာ ပထမဦးဆုံးဆောင်ရွက်မယ့်အစီအစဉ်က ရပ်ဆိုင်းထားတဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပဖို့ ဖြစ်ပါတယ်။ အဲဒီလို အစီအစဉ်ပါတာနဲ့အညီ အမျိုးသားညီလာခံကို ၁၇-၅-၂၀၀၄ ရက်နေ့ ပြန်လည်ကျင်းပခဲ့ပါတယ်။ အဲဒီလိုပြန်လည်ကျင်းပဖို့ စီစဉ်တဲ့အခါမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကျွန်တော်တို့နဲ့အတူ အမျိုးသားညီလာခံပြန်လည်တက်ရောက်ပြီး ဆောင်ရွက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမယ့် မတက်ရောက်ခဲ့ပါဘူး။ အဲဒီလို ၂၀၀၄ ခုနှစ်မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်ကျော်လောက် တက်ရောက်ခဲ့ပါတယ်။

မူလပထမပိုင်းမှာ ဖိတ်ကြားခဲ့တဲ့ အစုအဖွဲ့ (၈)ဖွဲ့၊ ညီလာခံကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်ကျော်လောက်နဲ့ ဆက်လက်ပြီးတော့ ကျန်ခဲ့တဲ့အပိုင်းတွေအတွက် အသေးစိတ်အခြေခံမူတွေ ဆက်လက်ချမှတ်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာမှာ ညီလာခံဟာ ၃-၉-၂၀၀၇ ရက်နေ့မှာ ကျန်တဲ့အပိုင်းတွေနဲ့ပတ်သက်ပြီးတော့ အမျိုးသားညီလာခံရဲ့ လိုအပ်တဲ့ အခြေခံမူတွေ ချမှတ်နိုင်တဲ့အတွက်ကြောင့် အမျိုးသားညီလာခံရဲ့ လုပ်ငန်းတာဝန်အားလုံး ချောချောမောမောနဲ့ ပြီးဆုံးခဲ့ပါတယ်။

တစ်ခုရှိတာက အားလုံး နိုင်ငံရေးပါတီတွေ၊ တက်ရောက်လာခဲ့တဲ့ အစုအဖွဲ့ (၈)ဖွဲ့က ကိုယ်စားလှယ်တွေအားလုံး ညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နဲ့ ညီလာခံကြီးကို တက်ညီလက်ညီဆွေးနွေးကြပြီးတော့ ကိုယ့်ရဲ့အမြင်လေးတွေကို ဖော်ပြီးတော့မှ တင်ပြကြမယ်ဆိုလို့ရှိရင် ၁၉၉၆ ခုနှစ်က ရပ်ဆိုင်းထားခဲ့တဲ့ အမျိုးသားညီလာခံကြီးဟာ ဒီလောက်တောင်မှ ကြာချင်မှ ကြာလိမ့်မယ်လို့ တွေးစရာအချက်တစ်ချက်ရှိလာပါတယ်။ အမျိုးသားညီလာခံကနေပြီးတော့ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူတွေ ချမှတ်ပေးတဲ့အခါမှာ ဒီအခြေခံမူတွေအပေါ်မှာ မူတည်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲဖို့ တာဝန်တစ်ရပ်ဖြစ်လာပါတယ်။

အဲဒီတာဝန်ကို ထမ်းဆောင်နိုင်အောင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကနေပြီး အခြေခံဥပဒေရေးဆွဲရေးကော်မရှင်တစ်ရပ်ကို ၁၈-၁၀-၂၀၀၇ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီကော်မရှင်ကနေ အမျိုးသားညီလာခံကချမှတ်ပေးခဲ့တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေအပေါ် မူတည်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရာမှာ ၁၉-၂-၂၀၀၈ ရက်နေ့မှာ အောင်မြင်စွာ ရေးဆွဲပြီးစီးခဲ့ပါတယ်။

ဒါက ဒုတိယအဆင့်ဖြစ်သွားပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းလည်း ပေါ်ပေါက်လာပြီ။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပေါ်ပေါက်လာပြီးတဲ့အခါမှာ ဒါကိုပြည်သူတွေရဲ့ဆန္ဒ ခံယူဖို့အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေပြဋ္ဌာန်းချက်နဲ့အညီ အဆင့်ဆင့်သော ကော်မရှင်တွေကို ဖွဲ့စည်းပြီးတဲ့နောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပဖို့ ၁၀-၅-၂၀၀၈ ရက်နေ့ကို သတ်မှတ်ခဲ့ပါတယ်။

သို့သော်လည်း အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ပေါ်ပေါက်လာတဲ့ နာဂစ်မုန်တိုင်းဒဏ်ကို ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းတို့က ခံခဲ့ရပါတယ်။ အဲဒါကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းအတွင်းမှာ ရှိတဲ့ မြို့နယ် (၄၀)နဲ့ ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့ မြို့နယ် (၇)မြို့နယ် စုစုပေါင်းမြို့နယ် (၄၇) မြို့နယ်အတွက် မူလသတ်မှတ်တဲ့ရက်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမယ့်ကိစ္စကို ယာယီရပ်ဆိုင်းထားပြီးတော့ ကျန်တဲ့တစ်ပြည်လုံးအတိုင်းအတာနဲ့ မြို့နယ် (၂၇၀) လောက်ကို မူလသတ်မှတ်တဲ့ရက်မှာပဲ အောင်မြင်စွာကျင်းပ ပြီးစီးခဲ့ပါတယ်။

နာဂစ်ဒဏ်ကြောင့် ယာယီရပ်ဆိုင်းထားခဲ့ရတဲ့ အဲဒီမြို့နယ် (၄၇)မြို့နယ်မှာ ၂၄-၅-၂၀၀၈ ရက်နေ့မှာ ဒီဆန္ဒခံယူပွဲကို ကျင်းပပေးနိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးတဲ့အခါမှာ ပြည်သူတွေရဲ့ဆန္ဒက စုစုပေါင်းထောက်ခံဆန္ဒမဲ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းပေးခဲ့တာကို မှတ်တမ်းမှတ်ရာတွေအရ သိရှိခဲ့ရပါတယ်။ ဒီတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကနေ အတည်ပြုပေးခဲ့ပါတယ်။ ၂၉-၅-၂၀၀၈ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းကြောင်း ကြေညာပေးခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်

ဦးသောင်းညွန့်

ပေါက်လာတဲ့သမိုင်းကြောင်းကတော့ ဒါလောက်ပါပဲ။ အဲဒီမှာတစ်ခုပြောချင်တာက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပတဲ့အခါမှာ နိုင်ငံတကာအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ၊ ပြီးတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ သံရုံးက သံအမတ်တွေနဲ့ သံအရာရှိတွေ၊ ဒီပုဂ္ဂိုလ်တွေကို ဆန္ဒမဲပေးနေတဲ့ နေရာတွေမှာ တစ်ပြည်လုံးအတိုင်းအတာနဲ့ လေ့လာခွင့်တွေ ပေးခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေအနေနဲ့လည်း သူတို့ တွေ့ရှိချက်အရ ကျေနပ်တဲ့ အနေအထားမျိုးသိရှိခဲ့ရပါတယ်။ ဒီတော့ ဒါဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့ သမိုင်းကြောင်းကို အကျဉ်းအားဖြင့်ပြောဆိုလိုခြင်း ဖြစ်ပါတယ်။

တစ်ခုက ဒီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တစ်ဖက်က အစိုးရအဖွဲ့၊ တရားရုံးချုပ် စသည်ဖြင့် ဖွဲ့ကြတယ်။ နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးမယ့်၊ အချုပ်အခြာအာဏာကိုခွဲဝေကျင့်သုံးမယ့် Institutions တွေပေါ့လေ။ အဖွဲ့အစည်းတွေပေါ်လာတဲ့အခါမှာ အခုဆိုရင် အခြေခံဥပဒေအရ သတ်မှတ်ထားတဲ့ သက်တမ်းငါးနှစ်ကာလမှာ အခု ဒီအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးနေတာဟာ သက်တမ်းထက်ဝက်၊ လပေါင်းအားဖြင့် ၃၀ ကျော်၊ ဒီလောက်ကာလအတွင်းမှာ တစ်ဖက်က ပြည်ထောင်စုလွှတ်တော်ဆိုလည်း အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် ပူးပေါင်းထားတာ၊ ဒီဘက်က သမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့၊ ဒီ Institution နှစ်ခုသည် အခြေခံဥပဒေက မျှော်မှန်းတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ပတ်သက်လို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အနေအထားရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုတော့ အမှန်တကယ် လျှောက်လှမ်းနေပြီ။ ဒီမိုကရေစီလမ်းကြောင်းပေါ်တက်နေပြီ ဆိုတာကို ပြည်ပနိုင်ငံတွေကလည်း အသိအမှတ်ပြုလာကြပြီ။ အသိအမှတ် ပြုလာတာနဲ့အညီ နိုင်ငံတကာကနေ ကျွန်တော်တို့ကို လျစ်လျူရှုထားတဲ့ အခြေအနေကနေပြီးတော့ အခုပြည်ပနိုင်ငံတွေက နိုင်ငံအကြီးအကဲတွေ၊ ကိုယ်စားလှယ်တွေ၊ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ကိစ္စတွေ၊ ဒါတွေ တွေ့နေကြရပါပြီ။ ဆိုလိုတဲ့သဘောကတော့ ပြည်တွင်းတင်မကဘူး၊ နိုင်ငံတကာသည် ဒီမိုကရေစီလမ်းကြောင်းကို မြန်မာနိုင်ငံဟာ အမှန်တကယ် လျှောက်နေပါသလားဆိုတာကို လက်ခံလာကြတဲ့ အနေအထား တွေ့ရပါတယ်။

ဒီလို တိုတောင်းလှတဲ့ကာလလေးမှာ အခြေခံဥပဒေအရ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်ဟာ အခုနိုင်ငံတကာ အသိအမှတ်ပြုလာတယ်။ သို့သော် စောစောက ဦးသန်းအောင်ပြောသွားသလို တချို့ပညာရှင်တွေ၊ တချို့ နိုင်ငံရေးပါတီတွေ၊ တချို့ပုဂ္ဂိုလ်တွေဟာ ဒီအခြေခံဥပဒေကို အသစ်ရေးဆွဲဖို့လိုတယ်။ ဒါမှမဟုတ် ပြင်ဆင်ဖို့လိုတယ်

“ကျွန်တော်တို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုတော့ အမှန်တကယ် လျှောက်လှမ်းနေပြီ။ ဒီမိုကရေစီလမ်းကြောင်းပေါ်တက်နေပြီဆိုတာကို ပြည်ပနိုင်ငံတွေကလည်း အသိအမှတ်ပြုလာကြပြီ။ အသိအမှတ်ပြုလာတာနဲ့အညီ နိုင်ငံတကာကနေ ကျွန်တော်တို့ကို လျစ်လျူရှုထားတဲ့ အခြေအနေကနေပြီးတော့ အခုပြည်ပနိုင်ငံတွေက နိုင်ငံအကြီးအကဲတွေ၊ ကိုယ်စားလှယ်တွေ၊ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ကိစ္စတွေ၊ ဒါတွေ တွေ့နေကြရပါပြီ။ ဆိုလိုတဲ့သဘောကတော့ ပြည်တွင်းတင်မကဘူး၊ နိုင်ငံတကာသည် ဒီမိုကရေစီလမ်းကြောင်းကို မြန်မာနိုင်ငံဟာ အမှန်တကယ်လျှောက်နေပါသလား ဆိုတာကို လက်ခံလာကြတဲ့အနေအထားတွေ့ရပါတယ်။”

အချုပ်ပိုဒ်(ဂ)သို့

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေစကားဝိုင်း

အချပ်ပို(ခ)မှ

စသည်ဖြင့် အဲဒီလိုဆွေးနွေးကြတဲ့ အနေအထားမှာ အင်္ဂလိပ်လိုပြောရင် Premature ပေါ့လေ။ သိပ်များ စောလွန်းမနေဘူးလား။ ဘာလို့လဲ ကျွန်တော်တို့က ဒီမိုကရေစီကျင့်စဉ်နဲ့ ပတ်သက်လို့ အလှမ်းကွာခဲ့တာက ၁၉၆၂ ခုနှစ်ကနေပြီး ၂၀၁၀ ခုနှစ်ထိအောင် အလှမ်းကွာခဲ့တယ်။ ဒီကာလအတွင်းမှာ ဒီမိုကရေစီကျင့်စဉ်ကို ပြည်သူတွေအနေနဲ့လည်းပဲ အခွင့်အရေးမရခဲ့ကြသလို ပေါ်ပေါက်ခဲ့တဲ့ လွှတ်တော်ကလည်း ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးခဲ့ရတဲ့အခြေအနေမရှိပါဘူး။ ဒီတော့ ဒီအခြေအနေလေးမှာ အတိုင်းအတာတစ်ရပ်ထိအောင် ဒီအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးပြီးတော့မှ လိုအပ်တဲ့ပြင်ဆင်ဖို့သင့်တယ်ဆိုလို့ရှိရင်လည်း ပြင်ဆင်ဖို့သင့်တဲ့ကိစ္စလေးတွေကို အားလုံးညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နဲ့ စိတ်ရှည်လက်ရှည်နဲ့ ဆောင်ရွက်ကြမယ်ဆိုရင် ပြည်သူတွေမျှော်မှန်းတဲ့ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ဆိုတဲ့ ပန်းတိုင်သည် အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်၊ ညင်ညင်သာသာလေးနဲ့ရောက်သွားလိမ့်မယ်လို့ ပြောချင်ပါတယ်။ ကျွန်တော် အကျဉ်းချုံးပြီးတော့ တင်ပြတာဖြစ်ပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့၊ အခုလိုဆရာဆွေးနွေးသွားတဲ့အတွက် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သမိုင်းနောက်ခံလေးတွေကို မသိသေးတဲ့သူတွေလည်း သိသွားရသလို၊ သိရှိပြီးသားသူတွေအတွက်လည်း ပြန်လည်အမှတ်ရစေပါတယ်။ အသစ်ရေးမလား၊ ပြင်ဆင်မလားဆိုတဲ့ စဉ်းစားစရာ၊ တွေးခေါ်စရာကိစ္စနဲ့ပတ်သက်လို့ ဆရာရဲ့ အမြင်လေးကို တင်ပြသွားတဲ့အတွက်ကြောင့် ပြည်သူတွေအများကြီးဗဟုသုတရကြမှာဖြစ်ပါတယ်။ ဆက်ပြီးတော့ ဆရာ ဒေါက်တာမနန်တူးဂျာက တိုင်းရင်းသားတွေရဲ့ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိစေဖို့နဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တာလေးတွေ၊ ဖြည့်စွက်သင့်တာလေးတွေများ ရှိခဲ့ရင်လည်း ဆရာရဲ့ အမြင်လေးကို တင်ပြဆွေးနွေးပေးစေချင်ပါတယ်ခင်ဗျာ။

ဒေါက်တာ မနန်တူးဂျာ

ဒေါက်တာ မနန်တူးဂျာ

ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးရမယ်ဆိုရင် လက်ရှိ ၂၀၀၈ အခြေခံဥပဒေတည်ဆောက်ပုံဟာ ပြည်ထောင်စုစနစ်ပုံစံဖြစ်တယ်လို့မြင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီအခြေခံဥပဒေမှာ အခြေခံဥပဒေတွေရဲ့ အခရာဖြစ်တဲ့ အာဏာမဏ္ဍိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာသုံးရပ်စလုံးကို ပြဋ္ဌာန်းထားတယ်၊ ပြီးရင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကိုလည်း ခွဲဝေပေးထားတာ တွေ့ရပါတယ်။ ဆွေးနွေး ချင်တာတစ်ခုက လက်ရှိအခြေခံဥပဒေဟာ လွန်ခဲ့တဲ့ အခြေခံဥပဒေ တွေဖြစ်တဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေများထက် သာလွန်တဲ့ အချက်တွေလည်းရှိပါတယ်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့ပတ်သက်ပြီး ပြောမယ်ဆိုလို့ရှိရင် လက်ရှိ အခြေခံဥပဒေရဲ့ အားသာချက်က ၁၉၄၇ ခုနှစ်အခြေခံဥပဒေဟာ တစ်ပြည်ထောင်စနစ်ဖြစ်တာနဲ့အညီ ဥပဒေပြုရေးအာဏာကို ပြည်နယ်တွေကို ခွဲမပေးထားဘူး။ ဒါကြောင့် အဲဒီအချိန်အခါတုန်းက ပြည်နယ်တွေမှာ လွှတ်တော်ဆိုတာမရှိခဲ့ဘူး။ ဒါပေမယ့် အခုလက်ရှိအခြေခံဥပဒေအနေနဲ့ကတော့ ဥပဒေပြုရေးအာဏာကိုလည်း ပြည်နယ်တွေကိုခွဲထားပေးတဲ့အတွက်ကြောင့် လက်ရှိအချိန်အခါမှာ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ ဥပဒေပြု လွှတ်တော် ပေါ်ပေါက်လာပြီဖြစ်ပါတယ်။

၁၉၇၄ ခုနှစ် အခြေခံဥပဒေထက်သာလွန်တဲ့ အချက်ကို ပြောမယ်ဆိုလို့ရှိရင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာ တစ်ပါတီဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်ပြဋ္ဌာန်းတဲ့ အခြေခံဥပဒေဖြစ်ပါတယ်။ အခုလက်ရှိ အခြေခံဥပဒေကျတော့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေဖြစ်တယ်။ ဒါတွေဟာ သာလွန်ချက်တွေဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ဆွေးနွေးချင်တာက အခုလက်ရှိ အခြေခံဥပဒေဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း ယခင်အခြေခံဥပဒေနှစ်ရပ်ထက် ပိုပြီးပေးထားတာတွေ့ရပါတယ်။ ဥပမာပြောရမယ်ဆိုရင် ခုနတင်ပြခဲ့သလို ဒီပြည်နယ်တွေမှာ လွှတ်တော်ဆိုတာလည်း ရှိပါတယ်။ ပြီးရင် ဝန်ကြီးချုပ်ဦးဆောင်တဲ့ ပြည်နယ်အစိုးရဆိုတာလည်း သတ်သတ်မှတ်မှတ် ဖွဲ့စည်းထားတာ ရှိပါတယ်။

အလားတူပဲ ပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေထဲက ပြည်နယ်မရရှိတဲ့ တိုင်းရင်းသားများအနေနဲ့ မိမိတို့နေထိုင်ကြတဲ့ပြည်နယ်တွေမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဆိုတာတွေကို သတ်မှတ် ဖွဲ့စည်းပေးထားတာကို တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အခုလက်ရှိသုံးစွဲနေတဲ့ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ တိုင်းရင်းသားများရဲ့ အခွင့်အရေးတွေဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော်တင်ပြချင်တာက အခုလက်ရှိအခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်သွားတယ်ဆိုရင် နောင်တစ်ချိန်ကျလို့ရှိရင် အများက လိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုတဲ့အဆင့်ကို ကျွန်တော်တို့ရရှိသွားနိုင်တယ်လို့ မြင်ပါတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုလို့ရှိရင် အခုလက်ရှိမှာလည်း ပြည်နယ်နဲ့တိုင်းဥပဒေပြုရေးအာဏာတွေ ပေးထားပါတယ်။ လွှတ်တော်တွေရှိပါတယ်။ နောက်ပြီးတော့ ဒီဥပဒေပြုရေးအာဏာတွေကို ဒီထက်မကပိုပြီး တိုးမြှင့်ပေးလိုက်မယ်ဆိုရင် အများပြည်သူတွေ လိုလားတောင့်တနေတဲ့အဆင့်ကို ရောက်သွားတယ်လို့ ကျွန်တော်မြင်ပါတယ်။

အလားတူပဲ ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေမှာ ဖွဲ့စည်းထားတဲ့ အစိုးရတွေနဲ့ပတ်သက်ပြီး ဗဟိုအစိုးရအနေနဲ့ ဘယ်သူတွေက ပါဝါတွေကို လျှော့တန်သလောက်လျှော့ချပြီး ပါဝါ Decentralization လုပ်တန်သလောက် လုပ်ပြီးတော့မှ ပြည်နယ်အစိုးရတွေကို အာဏာတိုးပေးမယ်ဆိုရင်၊ ပြီးတော့ သယံဇာတနဲ့ပတ်သက်ရင်လည်း ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာတွေ့တဲ့ သယံဇာတတွေကို ပြည်နယ်အစိုးရနဲ့ ဗဟိုအစိုးရအကြား ညှိနှိုင်းဆောင်ရွက်ပြီးမှ မျှမျှတတခွဲဝေသုံးစွဲနိုင်

“ ၁၉၇၄ ခုနှစ် အခြေခံဥပဒေထက်သာလွန်တဲ့ အချက်ကို ပြောမယ်ဆိုလို့ရှိရင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာ တစ်ပါတီဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်ပြဋ္ဌာန်းတဲ့ အခြေခံ ဥပဒေဖြစ်ပါတယ်။ အခုလက်ရှိ အခြေခံဥပဒေကျတော့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက် စီးပွားရေးစနစ်ကို ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေဖြစ်တယ်။ ဒါတွေဟာ သာလွန်ချက်တွေဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ဆွေးနွေးချင်တာက အခုလက်ရှိ အခြေခံဥပဒေဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း ယခင်အခြေခံ ဥပဒေနှစ်ရပ်ထက်ပိုပြီးပေးထားတာ တွေ့ရပါတယ်။ ”

ကြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အားလုံး မျှော်မှန်းနေတဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးအဆင့်ကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခုလက်ရှိအခြေခံဥပဒေကို တဖြည်းဖြည်းချင်းလိုအပ်သလို ပြင်ဆင်သွားခြင်းအားဖြင့် နောင်တစ်ချိန်ကျလို့ရှိရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည့်စုံတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုအဆင့်ကို ရောက်ရှိ သွားနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော်ဆက်လက်ဆွေးနွေး တင်ပြချင်တဲ့အချက်ကတော့ တန်းတူညီမျှရေးဖြစ်ပါတယ်။ အဲဒီ့တန်းတူညီမျှရေးနဲ့ပတ်သက်ပြီးတော့မှပြောမယ်ဆိုလို့ရှိရင်တော့ လူမျိုးအရသော်လည်းကောင်း၊ ကိုးကွယ်တဲ့ဘာသာရေးအရသော်လည်းကောင်း ခွဲခြားဆက်ဆံခြင်းမရှိဘဲနဲ့ ဒီမိုကရေစီအစိုးရအောက်မှာ အားလုံးတန်းတူအခွင့်အရေးရမယ်ဆိုရင် ဒီကိစ္စပြေလည်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားများအနေနဲ့ အဓိကထားကြတဲ့ စာပေယဉ်ကျေးမှု အစရှိတာတွေကိုလည်း အစိုးရအနေနဲ့ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်၊ ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ပေးလိုက်ကြမယ်ဆိုလို့ရှိရင် တိုင်းရင်းသားများ ပျော်ရွှင်ကျေနပ်ကြမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ချုပ်ပြီး ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အခုလက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လိုအပ်သလို တဖြည်းဖြည်းချင်းပြုပြင်သွားမယ်ဆိုရင် နောင်တစ်ချိန်မှာ ကျွန်တော်တို့ လိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုအဆင့်ကို ရောက်ရှိသွားနိုင်ပါတယ်လို့ ကျွန်တော် အခိုင်အမာယုံကြည်တယ်လို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့ အခုလို ဆရာအနေနဲ့ ဆရာ့ရဲ့ အမြင်လေးကို ပွင့်ပွင့် လင်းလင်းတင်ပြဆွေးနွေးသွားတဲ့အတွက် ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးနဲ့ ပတ်သက်ပြီး ဆရာရဲ့ အကြံပြု ချက်လေး၊ ဆွေးနွေးချက်လေးကို ရှင်းရှင်းလင်းလင်းသိလိုက်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ဆရာဒေါက်တာ အင်ဒရူးငွန်ကျုံးလျန်အနေနဲ့ သယံဇာတအရင်းအမြစ်တွေနဲ့ ဘဏ္ဍာငွေတွေကို ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ ဘယ်လိုခွဲဝေသင့်တယ် ဆိုတာနဲ့ ပတ်သက်ပြီး ဆရာ့အမြင်လေးကို တင်ပြဆွေးနွေးပေးစေလိုပါတယ် ခင်ဗျ။

ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်

ကျွန်တော်ဒီနေ့ဆွေးနွေးချင်တဲ့ ကိစ္စကတော့ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြားမှာ သဘာဝသယံဇာတအရင်းအမြစ်ကနေရရှိတဲ့ ဘဏ္ဍာငွေတွေကို ဘယ်လိုခွဲဝေမလဲ၊ နောက်ပြီးတော့ ကျေးလက်နဲ့ မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်တွေကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ကျွန်တော်တို့ တဖြည်းဖြည်းချင်းနဲ့ ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာ ဆိုတဲ့အချက်ဖြစ်ပါတယ်။

ဆရာကြီးဒေါက်တာမနန်တူးဂျာ ပြောသွားသလို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖက်ဒရယ်စနစ် ဒါမှမဟုတ် ဖက်ဒရယ်မူလို့ ပြောလို့ရမယ့် လက္ခဏာအချက် (၅)ချက်ကို အခြေခံထားတာကို ကျွန်တော်နည်းနည်းပြောလိုပါတယ်။

ပထမအချက်က စာနဲ့ရေးသားထားတဲ့ အခြေခံဥပဒေရှိပါတယ်။ အဲဒါ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဖြစ်ပါတယ်။ ဒုတိယအချက်က အစိုးရနှစ်ခု၊ ပြည်ထောင်စုနဲ့တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်ဆိုတဲ့ အစိုးရကို ဖန်တီးပေးထားပါတယ်။

တတိယအချက်က ပြည်သူထံကနေ ဆင်း

အချပ်ပို (ဃ)သို့

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေစကားဝိုင်း

အချပ်ပို (ဂ)မှ

သက်လာတဲ့ အချုပ်အခြာ အာဏာကြီးကို ခက်မကြီးသုံးဖြာနဲ့ ပိုင်းခြားပေးထားပါတယ်။ တရားစီရင် ရေးရှိတယ်။ အုပ်ချုပ်ရေးရှိတယ်။ ဥပဒေပြုရေးရှိပါတယ်။

စတုတ္ထအနေနဲ့ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုတွေ ဖြစ်လာတဲ့အခါမှာ သမာသမတ်ကျကျ ဖြေရှင်းပေးမယ့် အခြေခံဥပဒေဆိုင်ရာခုံရုံးလည်း ရှိပါတယ်။ ပဉ္စမအနေနဲ့ လူဦးရေကိုအခြေမခံဘဲ ဒေသန္တရနဲ့မျိုးနွယ်စုတွေ ဒီအနေအထားတွေ အခြေခံတဲ့အမျိုးသားလွှတ်တော်ကိုလည်းဖွဲ့စည်းပေးထားပါတယ်။

ဒီအချက် (၅)ချက်နဲ့ ပြည့်စုံတဲ့အတွက် ၂၀၀၈ ခုနှစ်အခြေခံဥပဒေဟာ ဖက်ဒရယ်စနစ်ဒါမှ မဟုတ် ဖက်ဒရယ်မူကို အခြေခံထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့အနေအထား၊ သူ့ရဲ့ ရေးသားပုံ၊ ဖွဲ့စည်းပုံတွေကြောင့် ပြည်သူ တွေလိုလားတဲ့ ဖက်ဒရယ်အဆင့်ကို ရောက်ပြီလား၊ မရောက်သေးဘူးလား ဆိုတာကတော့ ကျွန်တော်မပြောနိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့လိုချင် တဲ့ဟာကို တဖြည်းဖြည်းချင်းဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ လုပ်လို့ရပါတယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။

ဒုတိယအချက်အနေနဲ့ ၂၀၀၈ ခုနှစ်အခြေခံဖွဲ့စည်းပုံဥပဒေအရ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခါစ ကျွန်တော်တို့တိုင်းပြည်မှာ သဘာဝသယံဇာတတွေ ပေါများလှတဲ့ တိုင်းပြည်မှာ ဒီအရင်းအမြစ်တွေကို ခွဲဝေမှုတွေမလုပ်တတ်ရင်၊ ဘဏ္ဍာငွေတွေကို ခွဲဝေမှုမလုပ်တတ်ရင် ကျွန်တော်တို့ အကြီးအကျယ်ကြီးမားတဲ့ ပြဿနာတွေ၊ စိန်ခေါ်မှုတွေ တွေ့လာနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုသဘာဝသယံဇာတတွေနဲ့ ဒီဘဏ္ဍာငွေတွေခွဲဝေမှု၊ ကျေးလက်နဲ့ မြို့ပြဆင်းရဲချမ်းသာကွာဟမှုကျွန်တော်တို့ မဖြေရှင်းခင်မှာ ဒီအခြေခံဥပဒေနဲ့ ဒီတည်ဆဲ ဥပဒေတွေရဲ့ သဘောသဘာဝဆက်နွယ်ပုံတွေကို နည်းနည်း ပြောလိုပါတယ်။

ဘာလို့လဲဆိုတော့ ဗြိတိသျှလက်အောက်ကို ကျရောက် ပြီးကတည်းက ဒီနေ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ အသက်ဝင်လာတဲ့ ၂၀၁၀ ခုနှစ် နောက်ပိုင်းအထိ ခေတ်ပေါင်းများစွာ ဖြတ်သန်းခဲ့ပါတယ်။ ဗြိတိသျှတွေ အုပ်ချုပ်တုန်းက သူတို့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ နောက်ပိုင်းလွတ်လပ်ရေးရ ပြီးတော့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ တော်လှန်ရေးကောင်စီခေတ်တုန်းက သူတို့ပြဋ္ဌာန်းထားတဲ့တည်ဆဲဥပဒေတွေ၊ ဆိုရှယ်လစ်အစိုးရခေတ်တုန်းကပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ တပ်မတော်အစိုးရ လက်ထက်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ ကျွန်တော်တို့မှာ တည်ဆဲဥပဒေပေါင်း ၄၀၀ ကျော်ရှိပါတယ်။

ယခုအစိုးရသစ်တက်လာပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေပေါင်း ၄၀ ကျော်ရှိတယ်လို့

ဒေါက်တာ
အင်ဒရူးငွန်
ကျုံးလျန်

ကျွန်တော်တို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိစ္စဓူဝ ကျွန်တော်တို့တိုင်းပြည်ရဲ့ အစိုးရအုပ်ချုပ်ရေးယန္တရားရဲ့ ဒီလည်ပတ်စေတဲ့အရာက ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေတောင် မဟုတ်သေးဘဲနဲ့ အမှန်ဆို ကျွန်တော်တို့ နိစ္စဓူဝ တည်ဆဲဥပဒေ တွေနဲ့ အသက်ရှင်နေရပါတယ်။

အစိုးရသစ်တက်လာပြီးတဲ့ နောက်ပိုင်းပြည်ထောင်စုလွှတ်တော်ကလည်း တချို့ဥပဒေကိုပြင်ဆင်တာတို့၊ ပြုပြင်တာတို့၊ ပြောင်းလဲတာတို့၊ အသစ် ပြဋ္ဌာန်းတာတို့လုပ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အခုအချိန်မှာ အခြေခံဥပဒေအသစ်ရေးမလား၊ ဒါမှမဟုတ် လက်ရှိ ၂၀၀၈ ခုနှစ်ကို ပြင်မလားဆိုတဲ့အဆင့်ကို မရောက်ခင်တောင်မှ ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့ ကိုက်ညီခြင်းရှိ၊ မရှိဆိုပြီး တည်ဆဲဥပဒေ ၄၀၀ ကျော်ကို အရင်ကြည့်တာက ပိုပြီးတော့ အရေးကြီးတယ်လို့ ထင်ပါတယ်။

ဘာလို့လဲဆိုတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့မကိုက်ညီတဲ့ ဗြိတိသျှ အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ဖို့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေ တချို့ဟာ လက်ရှိ ၂၀၀၈ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ပြဋ္ဌာန်းထားတာနဲ့ ဆန့်ကျင်တဲ့ဟာတွေ အများကြီးရှိပါတယ်။ အဲဒီလိုပဲ အစိုးရ အသွင်မတူတဲ့ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားတဲ့ ဥပဒေဟာလည်း ကျွန်တော်တို့ ၂၀၀၈ ခုနှစ်နဲ့ မကိုက်ညီတဲ့အခါကျတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လုံးဝအသက်ဝင်ပြီးတော့ အလုပ်လုပ်ကိုင်ဖို့အတွက် အခက်အခဲဖြစ်စေပါတယ်။

အဲဒီတော့ ဒီဟာတွေကို ကျွန်တော်တို့ မဖြေရှင်းရင် ဘာဖြစ်မလဲဆိုတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှေ့ကဆရာကြီးတွေ တင်ပြသွားသလို ဇယား(၁)ရှိတယ်။ ဇယား(၂) ရှိတယ်။ ဇယား(၅) ရှိပါတယ်။ ကျွန်တော်တို့ ဒီသုံးခုနဲ့အလုပ်လုပ်တဲ့အချိန်မှာ ဇယား(၁)နဲ့ ဇယား(၂) ကြားမှာ ပြဿနာအဖြစ်စေဆုံးက သူ့မှာပြဋ္ဌာန်းထားတဲ့ ပုဒ်မတွေမဟုတ်ဘဲနဲ့ အဲဒီဇယား(၁)နဲ့ ဇယား(၂) ဘယ်လိုအလုပ်လုပ်မလဲ၊ ဘယ်အချက်မှာ ဇယား (၁)အရ လုပ်ဆောင်မလဲ၊ ဘယ်အချက်မှာ ဇယား(၂)အရ လုပ်ဆောင်မလဲ၊ ဘယ်အချက်မှာဇယား(၅)အရလုပ်ဆောင် မလဲဆိုတဲ့ဟာက တည်ဆဲဥပဒေတွေ ဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေသာ ကောင်းကောင်းမလုပ် ထားနိုင်ရင် ဇယား(၂)မှာ ဘယ်လောက်ပဲပြဋ္ဌာန်းပေးထားထား ကျွန်တော်တို့က ဇယား (၂)အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ သဘာဝသယံဇာတနဲ့ ပတ်သက်ပြီးတော့ လုပ်ကိုင်ဖို့အခွင့်အလမ်း တော်တော်နည်းပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်သုံးခု တင်ပြလိုပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဇယား(၂)ထဲမှာ ဘာပေးထားသလဲဆိုတော့ ကျောက်မျက်ရတနာသယံဇာတကိစ္စမှာ ပြည်နယ်အစိုးရနဲ့ တိုင်းဒေသကြီးအစိုးရကို လုပ်ကိုင်ခွင့်ပေးထားပါတယ်။ ဒါပေမယ့် သူတို့က တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက သယံဇာတ၊ ကျောက်မျက်ရတနာကိစ္စနဲ့ ပတ်သက်ပြီး ဥပဒေပြုပေမယ့် တကယ်တမ်း အကောင်အထည်ဖော်နေတာက အရင်တုန်းက သယံဇာတဆိုင်ရာ တည်ဆဲဥပဒေတွေနဲ့ အကောင်အထည်ဖော် နေပါတယ်။ အဲဒီမှာ ပြဿနာဖြစ်ပါတယ်။

ဒုတိယအချက်က စည်ပင်သာယာရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေကို ဥပဒေပြုခွင့်ပေးထားပါတယ်။ ဒါပေမယ့် ဒီနေ့ အထိ ကျွန်တော်တို့ တိုင်းပြည်မှာ ကျင့်သုံးနေတဲ့ စည်ပင်သာယာရေး တည်ဆဲဥပဒေတွေနဲ့ပဲ တိုင်းပြည်မှာ နိစ္စဓူဝစည်ပင်သာယာရေးကိစ္စတွေကို ဖော်ဆောင် နေတာဖြစ်ပါတယ်။ တတိယအချက်မှာ ရေချိုငါးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဥပဒေပြုခွင့်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ပေးထားပါတယ်။ ဒါပေမယ့် ရေချိုလုပ်ငန်းတော့ ထားပါတော့။ ငါးလုပ်ငန်းနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေကလည်း လက်ရှိတည်ဆဲဥပဒေလုပ်ဆောင်နေတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လုပ်ပိုင်ခွင့်မရှိသလို ဖြစ်သွားတာပေါ့။

နောက်ဆုံးတစ်ခု ဥပမာပြချင်တာက သစ်လုပ်ငန်း ဖြစ်ပါတယ်။ သစ်တောနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ တည်ဆဲဥပဒေတွေနဲ့ လုပ်နေပါတယ်။ တစ်ဖက်မှာလည်း ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့်ပေးထားတယ်။ ဒါပေမယ့် ကျွန်းသစ်အပါအဝင် သစ်မာမှအပ ကျန်တဲ့ဟာကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ လုပ်ပိုင်ခွင့်ရှိပေမယ့် အဲဒီ့ထဲမှာမှ စာရင်းအရ (၁၅၀)လောက်ပါသွားတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွက် သစ်ကနေ သူတို့ဘဏ္ဍာငွေရဖို့က ဝါးပဲကျန်ပါတော့မယ်။

အဲလိုမျိုး အခြေခံဥပဒေတွေတော့ ကောင်းပါရဲ့၊ ဒါပေမယ့် အဲဒီ့ ကောင်းတဲ့ အခြေခံဥပဒေတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်တဲ့အချိန်မှာ ကျင့်သုံးတဲ့ ဒီတည်ဆဲဥပဒေတွေကို ကျွန်တော်တို့ အရင်ဆုံးစိစစ်ရမယ်။ အဲဒီဟာတွေ စိစစ်ပြီးမှ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)ရယ်၊ (၂)ရယ်၊ (၅)ရယ် ကောင်းကောင်းလုပ်လာတဲ့အခါကျရင် ကျွန်တော်တို့ အဲဒီ့အခါမှ ဇယား(၁)ကနေ နည်းနည်းများနေမလား၊ ဇယား (၂)ကိုပြောင်းရင် မကောင်းဘူးလား၊ (၂)ကဟာကို(၃)ကိုပြောင်းရင် မကောင်း ဘူးလား၊ (၅)ထဲမှာ ဒီ(၁)နဲ့(၂)ကို ဘယ်လိုညှိမလဲဆိုတာကို အခြေခံဥပဒေပြုပြင် နေတဲ့ကိစ္စတွေကို လုပ်ဆောင်ရင်တော့ ကျွန်တော်တို့ နည်းလမ်းကျတယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ အကောင်းဆုံးသော မြန်မာပြည်အတွက် အကောင်းဆုံးသောအခြေခံဥပဒေရှိခဲ့တယ်ဆိုပါစို့။ အဲဒီ့ဥပဒေ တွေရဲ့အောက်မှာ တည်ဆဲဥပဒေတွေက အလုပ် လုပ်နေတာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ တည်ဆဲဥပဒေတွေကို မပြောင်းနိုင်ဘူးဆိုရင် ဘယ်လိုကောင်းတဲ့ အခြေခံဥပဒေမျိုးဖြစ်စေ ဖြစ်စေ၊ ကျွန်တော်တို့မှာ မကျေနပ်ချက်တွေကတော့ အမြဲတမ်းရှိနေမှာပဲ။ အဲဒီတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်က အသစ်ရေးဖို့ ကျွန်တော် လုံးဝမစဉ်းစားရဲပါဘူး။ ပြုပြင်ဖို့တောင်မှနည်းနည်းစောနေလား၊ တည်ဆဲ ဥပဒေတွေကို အရင်ပြုပြင်ပြီးတော့ အဲဒီ့အခါကျမှ တည်ဆဲဥပဒေ (၄၀၀)ကျော်နဲ့ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိတဲ့အခါကျမှ တကယ်တမ်း ၂၀၀၈ ခုနှစ်အခြေခံဥပဒေဟာတကယ်အလုပ်လုပ်နိုင်သလား၊ မလုပ်နိုင်ဘူးလား၊ ပြည်သူတွေရဲ့ လိုလားချက်ကို တကယ်ဆန္ဒ ဖြည့်စွမ်းနိုင်သလားဆိုတဲ့ဟာကို သိနိုင်မယ်လို့ ယူဆပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့မှာ ပုဒ်မ (၄၄၆) ရှိပါတယ်။ အဲဒီ့ (၄၄၆) က လက်ရှိတည်ဆဲဥပဒေတွေဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ရင် အတည်ဖြစ်ရမယ်။ ဆန့်ကျင်ရင် ပျက်ပြယ်ရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မကိုက်ညီတဲ့ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေ၊ အက်ဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာချက်တွေ၊ ပြန်တမ်းတွေအများကြီးရှိနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီ့ဟာတွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးပြီးတော့၊ သုတေသန ပြုပြီးတော့ အများပြည်သူသိဖို့၊ လွှတ်တော်တွေ သိဖို့၊

အချပ်ပို(င)သို့

“နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့မှာ ပုဒ်မ (၄၄၆) ရှိပါတယ်။ အဲဒီ့ (၄၄၆) က လက်ရှိတည်ဆဲဥပဒေတွေဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ရင် အတည်ဖြစ်ရမယ်။ ဆန့်ကျင်ရင် ပျက်ပြယ်ရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မကိုက်ညီတဲ့ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေ၊ အက်ဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာချက်တွေ၊ ပြန်တမ်းတွေအများကြီးရှိနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီ့ဟာတွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးပြီးတော့၊ သုတေသနပြုပြီးတော့ အများပြည်သူသိဖို့၊ လွှတ်တော်တွေ သိဖို့၊ အစိုးရတွေသိဖို့၊ အခြားသက်ဆိုင်ရာဌာနအသီးသီးတွေသိဖို့ လုပ်ပေးမယ့် ကော်မရှင်လိုဟာမျိုး တစ်ခုခု လောက်တော့ ကျွန်တော်တို့ တိုင်းပြည်မှာလိုအပ်နေတယ်လို့ ကျွန်တော်တော့ယူဆပါတယ်။”

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေစကားဝိုင်း

အချပ်ပို(ဃ)မှ

အစိုးရတွေသိဖို့၊ အခြားသက်ဆိုင်ရာဌာနအသီးသီးတွေသိဖို့ လုပ်ပေးမယ့် ကော်မရှင်လိုဟာမျိုး တစ်ခုခုလောက်တော့ ကျွန်တော်တို့တိုင်းပြည်မှာ လိုအပ်နေတယ်လို့ ကျွန်တော်တော့ယူဆပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့ပါခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ ဒေါက်တာ အင်ဒရူးဆွေးနွေးသွားလိုက်တော့ သယံဇာတနဲ့ ဘဏ္ဍာငွေခွဲဝေမှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုခွဲဝေသင့်တယ်ဆိုတဲ့ အမြင်လေးကို ကျွန်တော်တို့ မမြင်သေးတဲ့အပိုင်းတွေလည်း အများကြီး တွေ့ရပါတယ်။ ပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ကြမလား။ အသစ်ရေးကြမလား ဝိဝါဒကွဲပြားနေတဲ့ အပေါ်မှာလည်း ဆရာအမြင်လေးကို ပြတ်ပြတ်ထင်ထင် မြင်သာတယ်လို့ ကျွန်တော်ယူဆပါတယ်ဆရာ။ ဆက်လက်ပြီးတော့ ဆရာဦးကျော်ဝင်း အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပါဝင်တဲ့ လွှတ်တော်အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေမှုနဲ့ ပတ်သက်ပြီး လက်ရှိအနေအထားအရထားရှိရမယ့် သဘောထားအမြင်လေးနဲ့ ပတ်သက်ပြီး ဆရာရဲ့အမြင်လေးကိုဆွေးနွေးပေးစေချင်ပါတယ်ခင်ဗျာ။

ဦးကျော်ဝင်း။ ကျွန်တော်ဉာဏ်မီ သလောက်ဆွေးနွေးကြည့်ပါမယ်။ ဒီကိစ္စပြောရရင်တော့ ကျွန်တော်တို့ တိုင်းပြည်တစ်ခုတည်း ကွက်ဖြစ်တာမဟုတ်ဘူးလို့ ထင်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဖြစ်တဲ့ ကိစ္စဖြစ်ပါတယ်။ သမိုင်းနဲ့ချိပြီး ပြောရရင် ကမ္ဘာပေါ်မှာကမ္ဘာစစ်ကြီးတွေ မတိုင်ခင်ကတော့ တပ်မတော်ဆိုတာ Professional Institution လွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ခုပါ။ Political Metric ရဲ့ အပြင်ဘက်မှာလို့ ပြောလို့ရပါတယ်။ သို့သော် လက်တွေ့မှာ ကမ္ဘာပေါ်မှာ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်လိုက်တော့ တိုင်းပြည်တိုင်းအတွက်က လုံခြုံရေးသည်ပင် နိုင်ငံရေး ဖြစ်လာပါတယ်။ အဲဒီတော့ တပ်မတော်ကိုယ်တိုင်ကလည်း Political Institution အဖြစ်ပြောင်းသွားတာလည်းရှိတယ်။

ဒါက ကျွန်တော်တို့ ကြိုက်ခြင်း၊ မကြိုက်ခြင်းနဲ့ သိပ်မဆိုင်ဘူးလို့ ထင် တယ်။ အခြေအနေကိုက ဒီလိုဖြစ်လာကြတာစစ်ပြီးခေတ်ရောက်တဲ့အခါဒီကိစ္စက တော်တော်များများ အများကြီးစဉ်းစားရမယ့်ကိစ္စဖြစ်တယ်လို့ ထင်ပါတယ်။ နိုင်ငံရေးမက်ထရစ်ထဲမှာ ထဲထဲဝင်ဝင်ပါလာတဲ့ တပ်မတော်ကို ဘယ်လိုနေရာချထားကြမလဲ၊ ဒီမိုကရေစီနဲ့ သဟဇာတဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်လက်လှမ်းမီသလောက် ပထမဦးဆုံးထွက်တဲ့ကျမ်း၊ ဒီကျမ်းလို့ပြောနိုင်တဲ့ ၁၉၇၅ ခုနှစ်ကထွက်တဲ့ စာအုပ်ထဲမှာ အဲဒီမှာ ဂျပန်နဲ့ဂျာမနီသွားတဲ့လမ်းကြောင်း ဖြစ်ပါတယ်။ သူကတော့ စစ်ဝါဒကို ပြန်လည် ခေါင်းထောင်မလာရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ တပ်မတော်ကို Political Metric အပြင်ဘက်မှာထားတဲ့၊ တတ်နိုင်သလောက် မဖွံ့ဖြိုးအောင် ရည်ရွယ်ချက်ရှိရှိလုပ်ထားတဲ့ သဘောရှိပါတယ်။

စောစောက ဖက်ဆစ်ဝါဒ၊ စစ်ဝါဒပြန်မပေါ်ရေးဆိုတဲ့ ရည်မှန်းချက် အောင်မြင်ပေမယ့် လုံခြုံရေးဘက်က ကြည့်ရင် ဂျပန်ရော၊ ဂျာမနီရောဟာ စစ်အေးခေတ်တစ်လျှောက်လုံးမှာ လုံခြုံရေးအားအနည်းဆုံးဖြစ်နေတယ်။ ကိုယ်ပိုင်လုံခြုံရေးအင်အားမရှိဘဲနဲ့ အမေရိကန်ထီးရိပ်ကို တစ်ဖက်သတ် မှီခိုနေရတဲ့ အနေအထားရှိပါတယ်။ အကျိုးဆက်အနေနဲ့ သူကစီးပွားရေးအရ ဆူပါပါဝါအဖြစ်တတ်နိုင်ပေမယ့် တကယ်ဆူပါပါဝါအဆင့်နှစ်နိုင်ငံစလုံး ရောက်မလာဘူး။

တပ်ကို လွှတ်လိုက်တဲ့ Autonomous Institution တစ်ခုအနေနဲ့ ထားသင့်တယ်။ အဲဒီဘောင်ထဲမှာပဲ အမေရိကန်ရဲ့ ပေါ်လစီမှာ ဒီ Impact တွေ တော်တော်ပါတယ်လို့ ထင်ပါတယ်။

ကျွန်တော်နားလည်သလောက်ပြောရရင် အမေရိကမှာ Election နဲ့ မဟုတ်ဘဲနဲ့ Official Organization အရ ခွင့်ပြုထားတဲ့ အဖွဲ့အစည်းသုံးခု ရှိတယ်လို့ ထင်ပါတယ်။ တစ်ကတော့ တပ်မတော်၊ ပင်တဂွန်ပေါ့။ နောက်တစ်ခုကတော့ ရှေ့နေချုပ်၊ နောက်တစ်ခုက ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဲဒါက အမေရိကန်ဖွံ့ဖြိုးတိုးတက်မှုမှာ အားသာချက်လို့ သုံးသပ်ကြတာတွေလည်းရှိတယ်။ ဒါက

ဦးကျော်ဝင်း

တပ်ကို ဘယ်လိုနေရာချထားမလဲ ဆိုတဲ့ဟာပေါ့။ အဲဒီစာအုပ်ထဲမှာ ကျွန်တော်တို့ လွတ်လပ်ခါစဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် တိုက်ရိုက် သက်ဆိုင်တာသိပ်မတွေ့ဘူး။ ကျွန်တော်တို့ကျတော့ ဒီပြင်နိုင်ငံတွေရဲ့ တပ်မတော်တွေနဲ့ကိုမတူဘူး။ ကျွန်တော်တို့ရဲ့ တပ်မတော်တွေက အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုနဲ့အတူ ပေါ်ပေါက်လာတာတွေများတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တပ်မတော်ဆိုရင် ၁၃၀၀ ပြည့်မှာ သန္ဓေတည်တယ်၊ ဘီအိုင်အေ ခေတ်မှာ စမွေးဖွားလာတယ်။

ဖက်ဆစ်တော်လှန်ရေးနဲ့အတူ အရွယ်ရောက်တယ်။ စဖွဲ့ကတည်းက Volunteer ပုံစံဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာလည်း ကျွန်တော်တို့လို နိုင်ငံတွေမှာ ပြည်တွင်းစစ်တွေနဲ့ ကြုံရတယ်။ စစ်ဖြစ်နေတဲ့ တိုင်းပြည် တစ်ပြည်မှာဆိုရင် တပ်မတော်ရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းတွေ ပြန်ကြည့်ရင် ထိုင်းပဲဖြစ်ဖြစ်၊ တောင်ကိုရီးယားပဲဖြစ်ဖြစ်၊ အင်ဒိုနီးရှားပဲ ကြည့်ကြည့်၊ တိုင်းပြည်တွေရဲ့ အပြောင်းအလဲ မှာ တပ်မတော်ရဲ့ အခန်းကဏ္ဍကထဲထဲဝင်ဝင်ပါနေတာ တွေ့ရတယ်။ သူတို့လည်း ဒီလိုပဲလို့ ထင်ပါတယ်။

ဒါပေမယ့် ၁၉၈၉ ခုနှစ် နောက်ပိုင်း တိတိကျကျပြောရရင် ဘာလင် တံတိုင်းပြိုပြီးနောက်ပိုင်း ပညာရှင်တွေ သတ်မှတ်တာက အပြောင်းအလဲ သုံးခုဖြစ်လာတယ်၊ တစ်ကတော့ ဒီမိုကရေစီစနစ်ဟာ တစ်ကမ္ဘာလုံးသဘောဆောင်လာတယ်၊ နိုင်ငံအားလုံးက ဒီမိုကရေစီစနစ်ကို ဦးတည်လာတယ်။ နှစ်ကတော့ ဆိုဗီယက်ကွန်မြူနစ်ဝါဒ ကျဆုံးသွားတယ်။ သုံးက စစ်အေးပြီးသွားတယ်။

ဒီလိုအခြေအနေသစ်တွေအောက်မှာ တပ်တွေဘယ်လိုပြန်ပြီးတော့ နေရာချကြမလဲဆိုတဲ့ ခေါင်းစဉ်ကလည်း Current Affair လို့ထင်ပါတယ်။ တစ်ချိန်ကတော့ စစ်အေးရဲ့ အထွတ်အထိပ်ကာလပေါ့။ ၁၉၆၀ ပြည့်လွန် နှစ်ကာလဆိုတော့ ကျွန်တော်တို့နိုင်ငံတွေတင်မကပါဘူး။ လွတ်လပ်ခါစ နိုင်ငံတော်တော်များများနိုင်ငံတွေမှာ စစ်ဘက် အာဏာသိမ်းမှုတွေ ရှိခဲ့တာကိုး။

သို့သော် အခုစစ်အေးလွန်ခေတ် နောက်ပိုင်းရောက်တော့ တပ်ကို Professional Institution ဖြစ်အောင် ဘယ်လိုနေရာချကြမလဲ။ ဒီကိစ္စတွေကလည်း အတော်အရေးကြီးလိမ့်မယ်ထင်ပါတယ်။ သိပ်မကြာ သေးခင်က ဖတ်ရတဲ့ စာအုပ်တစ်အုပ်ဆိုရင် ဒါနဲ့အများဆုံးသက်ဆိုင်ပါတယ်။ အဲဒီစာအုပ်ထဲမှာ ကျွန်တော်တို့နဲ့တော်တော်အသွင်သဏ္ဍာန်တူတဲ့ အာရှနိုင်ငံတွေနဲ့လက်တင်အမေရိကနိုင်ငံတွေရဲ့ အပြောင်းအလဲတွေလည်းပါတယ်။ ရည်ရွယ်ချက်ကတော့ တပ်ကို Professional Institution ဖြစ်အောင် ဒီမိုကရေစီနဲ့ သဟဇာတ ဖြစ်အောင် ဘယ်လိုနေရာချထားကြမလဲ ဆိုတဲ့ ကိစ္စတွေပေါ့။

> “၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်ကိုထည့်ထားတာလည်း လိုအပ်ချက်အရ ထည့်ထားတာလို့ မြင်ပါတယ်။ တစ်သက်လုံးရာသက်ပန်ထည့်မယ့်အနေအထားမရှိဘူးလို့ ကျွန်တော်နားလည်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ပြန်ဖတ်ကြည့်တော့ ပြည်သူ့လွှတ်တော်ဖွဲ့စည်းပုံထဲမှာ ၁၁၀ ထက်မပိုသော တပ်မတော်သားကိုယ်စားလှယ်ဆိုပြီး ပါထားတယ်။ ၂၅ ရာခိုင်နှုန်းထက်မပိုသောဆိုတော့ ဒါဟာ အလွန်ဆုံးပါဝင်မှုပဲ၊ ဒီထက်မပိုတော့ဘူး၊ လိုအပ်ရင် လျှော့ချင်ရင် လျှော့သွားမယ့်သဘောလို့ ယူလို့ရမယ် ထင်ပါတယ်။ ”

အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့က တပ်မတော်အစိုးရ ကနေပြီးတော့ အရပ်ဘက်အစိုးရပြောင်းရေးအတွက် လိုအပ်ချက်အရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်လာရ တာကိုး။ သို့သော် အဲဒီမှာ အငြင်းပွားကြတဲ့ ပြဿနာတစ်ခုကတော့ ၂၅ ရာခိုင်နှုန်းပေါ့။ ဒါကလည်း စောစောကဟာတွေနဲ့ ဆက်စပ်ပြီးတော့ လိုအပ်ချက်အရကိုက တပ်က Political Institution ဖြစ်တယ်။ နောက်တစ်ခုက ကျွန်တော်တို့တိုင်းပြည်မှာ အခုထိလည်းပြန်ပေါ်နေတာ လက်နက်ကိုင်အင်အားစုတွေထဲက အင်အားအကြီးဆုံးလို့ဆိုရမယ့် ဗမာပြည်ကွန်မြူနစ်ပါတီတော့မရှိတော့ပါ ဘူး။ အဲဒီအနေအထားမှာတောင် လက်နက်ကိုင်အင်အားစုပေါင်းလိုက်ရင် တစ်သိန်းအထက်မှာရှိတယ်လို့ ကျွန်တော်ကြားဖူးတယ်။ လူဦးရေနဲ့ အချိုးချကြည့်ရင် လက်နက်ကိုင်တိုင်းရင်းသားတွေ တော်တော်များနေသေးတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ဒီအချိန်မှာတပ်က လုံခြုံရေးအကြောင်းပြချက်ဟာ ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒါဟာမှန်းလို့တော် တော်ခက်တယ်ပေါ့။ နောက်ပြီး နှစ်ပေါင်းရာစုနှစ်တစ်ဝက်လောက် အဆက် ပြတ်နေတဲ့ ဒီမိုကရေစီစနစ်ကိုပြန်အသက်သွင်းရတာ။ Constitution အသက်ဝင်တာကလည်း အခုနှစ်နှစ်ခွဲလောက်ပဲ ရှိသေးတယ်။ လ ၃၀ သာသာလောက်ပဲရှိသေးတယ်။ အပြည့်အဝ Function မဖြစ်သေးတာလည်း ဝန်ခံရမှာပဲထင်တယ်။

နိုင်ငံတော်သမ္မတကြီး ပြောတဲ့အထဲမှာလည်း ပါပါတယ်။ ဒီပွတ်တိုက်မှု တွေ ရှိနေဆဲဆိုတာ။ ကျွန်တော်တစ်ဦးချင်းအမြင်အရတော့ Constitution ဟာ အပြည့်အဝ Function မဖြစ်သေးတာနဲ့ပဲဆိုင်မယ်ထင်ပါတယ်။ ဒါက ဒုတိယအချက်ပေါ့။ နောက်တစ်ချက်ကတော့ ကုန်ခဲ့တဲ့လပေါင်း ၃၀ ကိုပဲ ပြန်ကြည့်။ စိန်ခေါ်ချက်တွေက မျှော်မှန်းထားတာထက် အများကြီးပိုများတယ်။ ဒီလိုအခြေအနေမျိုးအောက်မှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို ဖယ်ရှားရေးဟာ ဘယ်လိုစိန်ခေါ်မှုတွေဖြစ်စေနိုင်မလဲ။ နောက် Constitution ဆိုတာဟာ ရေးဆွဲတဲ့ကာလတစ်ခုမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေအားလုံးအလုပ်လုပ်လို့ရအောင် ကြားအဖြေတစ်ခုကိုထားရတဲ့ အခြေအနေတစ်ခုလို့ ထင်ပါတယ်။ အဲဒီတော့ ဒီမိုကရေစီနှုန်းစံတွေနဲ့ ကြည့်ရင်တော့ လိုအပ်ချက်တွေ ရှိကောင်းရှိမှာပေါ့။ ကျွန်တော်တို့ကိုပဲ မကြည့်နဲ့။ ဒီနေ့ ဒီမိုကရေစီ အရင့်ကျက်ဆုံးဆိုတဲ့ အမေရိကန်နိုင်ငံကိုပဲကြည့်ရင် ဒီမိုကရေစီစံအရကြည့်ရင် အားနည်းချက်တွေရှိမှာပဲ။ လူ့ယဉ်ကျေးမှုနဲ့ သိပ်မအပ်စပ်တဲ့ ကျွန်စနစ်တောင် ရှိသလောက်ရှိခဲ့သေးတာ။

ဒါကြောင့် ၂၅ ရာခိုင်နှုန်းသော တပ်မတော်သားကိုယ်စားလှယ်ကို ထည့်ထားတာလည်း လိုအပ်ချက်အရ ထည့်ထားတာလို့ မြင်ပါတယ်။ တစ်သက် လုံးရာသက်ပန်ထည့်မယ့် အနေအထားမရှိဘူးလို့ ကျွန်တော်နားလည်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ပြန်ဖတ်ကြည့်တော့ ပြည်သူ့လွှတ်တော်ဖွဲ့စည်းပုံထဲမှာ ၁၁၀ ထက်မပိုသော တပ်မတော်သားကိုယ်စားလှယ်ဆိုပြီး ပါထားတယ်။ ၂၅ ရာခိုင်နှုန်းထက်မပိုသောဆိုတော့ ဒါဟာ အလွန်ဆုံးပါဝင်မှုပဲ၊ ဒီထက် မပိုတော့ဘူး၊ လိုအပ်ရင်လျှော့ချင်ရင် လျှော့သွားမယ့်သဘောလို့ ယူလို့ရမယ် ထင်ပါတယ်။

အမျိုးသားညီလာခံကာလကလည်း ကျွန်တော်မှတ်မိနေတာ တစ်ခုက ချင်းက တစ်သီးပုဂ္ဂလကိုယ်စားလှယ်က တပ်မတော်သားကိုယ်စားလှယ်

အချပ်ပို (စ)သို့

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေစကားဝိုင်း

အချပ်ပို(င)မှ

၂၅ ရာခိုင်နှုန်းဆိုတဲ့ဟာကို လက်ရှိတော့ လက်ခံပြီးတော့ တဖြည်းဖြည်းနဲ့ အခြေအနေ ကြည့်ပြီးတော့ လျှော့ချမယ်ဆိုတာ ဆွေးနွေးခဲ့တာမှတ်မိနေပါတယ်။ သိပ်မကြာသေးခင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ဒီသဘောတွေ ပြောခဲ့တာရှိတော့ ဒါတွေက တဖြည်းဖြည်းနဲ့ လျော့သွားမယ့်အခြေ အနေရှိတယ်လို့ ထင်ပါတယ်။ လောလောဆယ် လျှော့ချဖို့ ဖြစ်နိုင်၊ မဖြစ်နိုင်။ အခုလက်ရှိအခြေအနေအရတော့ သိပ်များစောနေဦးမလား။ တစ်ချိန်မဟုတ်၊ တစ်ချိန်တော့ ရှိလာနိုင်ပါတယ်။ လျှော့ချဖို့ဆိုရင် ကျွန်တော်စဉ်းစားမိသလောက် အခုရှိနေတဲ့ ပြည်တွင်းစစ်ရပ်ဖို့လိုတယ်။ တိုင်းပြည်ငြိမ်းချမ်းရေးရဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးလိုအပ်ချက်ညှိယူရတာ တော်တော် လျော့သွားမယ်။ နံပါတ်နှစ်ကတော့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ အပြည့်အဝ Function ဖြစ်အောင် ဝိုင်းကြိုးစားရဦးမယ်ထင်တယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုအရကြည့်ရင် ယုံကြည်မှုက အားနည်းတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ မကွဲဘူးတဲ့ နိုင်ငံရေးပါတီမရှိဘူး။ ဂိုဏ်းဂဏသဘော မကွဲကြသည့်တိုင် ပွတ်တိုက်မှုတွေကတော့ အများကြီး။ ဒီအချိန်မှာ Blancing Power အင်အားချိန်ခွင်လျှာထိန်းနိုင်တဲ့ အဖွဲ့အစည်းတစ်ခုရှိဖို့ မလိုပေ ဘူးလား။

နောက်တစ်ချက်ကတော့ ဒီမိုကရေစီရင့်ကျက်လာတာနဲ့အမျှ၊ Constitution Function ဖြစ်လာတာနဲ့အမျှ ဒီ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်လျှော့ချရေးဟာ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ထင်ပါတယ်။ လောလောဆယ်က စောသေးတယ်လို့ထင်တယ်။ အခြား မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးကို ဖိတ်ခေါ်သလိုလည်းဖြစ်သွား နိုင်တယ်လို့ ထင်ပါတယ်။ ဒါက ၂၅ ရာခိုင်နှုန်းနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့ နားလည်ချက်ပါ။ အိမ်နီးချင်းတွေ ပြန်ကြည့်ရင်လည်း ဒီသဘောတွေ အများကြီး တွေ့ရတယ်လို့ ထင်ပါတယ်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံဆိုရင် ၁၉၈၈ ခုနှစ်လောက်အထိ ၄၀ ရာခိုင်နှုန်းထားတယ်၊ ကျွန်တော်တို့ကမှ ၂၅ ရာခိုင်နှုန်းထားတယ်။ ၁၉၈၉ ခုနှစ်ရောက်မှ ၂၅ ရာခိုင်နှုန်း ဖြစ်သွားတယ်။ ဘယ်တော့မှ အပြီးလျှော့သလဲဆိုတော့ ၂၀၀၄ ခုနှစ်မှ လျှော့တယ်။ အဲဒီမှာ လည်း ပြန်ကြည့်ရင် အားချေးပြဿနာပြီးတော့မှ ဖြစ်တယ်။ အခုကျွန်တော် တို့က ပြည်တွင်းစစ်က ရှိနေဆဲ။ အခု ပြည်တွင်းစစ်ရပ်စဲရေးအတွက် အစိုးရသစ်လက်ထက်မှာ ထိထိရောက်ရောက် ကြိုးစားနေတာလည်း အမှန်ပါ။ သို့သော် တစ်ပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး မဖြစ်သေးဘူး။



ဦးသန်းအောင်

ပြီးရင်လည်း နိုင်ငံရေးဆွေးနွေးပွဲလုပ်ရဦးမယ်။ အားလုံးသဘောတူညီမှု ရ မရဆိုတာ ကံသေကံမ မပြောနိုင်သေးဘူး။ တော်တော်များများရဖို့တော့ ရှိပါတယ်။ အခုလိုအခြေအနေမှာ အခု ကိစ္စကိုစဖို့ မသင့်သေးဘူးလို့တော့ ထင်ပါတယ်။

Constitution ဆိုတဲ့သဘောကလည်း ဘယ် Constitution မှ ပြီးပြည့်စုံ တယ်လို့မရှိပါဘူး။ ဒီလိုပဲ ပြင်ရင်းပြင်ရင်းနဲ့ ကောင်းသွားကြတဲ့ သဘောရှိပါတယ်။ တစ်ခါပြန်ကြည့်ရင် ကျွန်တော် တို့ရဲ့ Constitution မှ မဟုတ်ပါဘူး။ တခြား Constitution လည်း ဒီအတိုင်းပဲ။ ပြင်လိုက် ပေမယ့်ပြီးပြည့်စုံသွားမှာ မဟုတ်ပါဘူး။ ကျွန်တော် တို့သက်တမ်းအတွင်းမှာ လိုအပ်ချက်တွေ အားလုံး ပြင်နိုင်သည်ပဲထားဦး၊ ကျွန်တော်တို့ သားသမီးတွေ လက်ထက်မှာ နောက်ထပ်ပြင်စရာတွေပေါ်ကောင်း ပေါ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော် နားလည်သလောက်ကတော့ Constitution ဆိုတာ Generation အလိုက် လိုအပ်ချက်တွေကို ပြင်ပြင်သွားကြရတာမျိုးလို့ ထင်ပါတယ်။

ဒါကြောင့်လည်း Constitution ထဲမှာ တရားဝင်ပြင်ဆင်ရေးဆိုတဲ့ အပိုဒ်ကို ထည့်ထားကြဟန်တူပါတယ်။ အခုခက်နေတာက ကျွန်တော်တို့က ဘာမှ အသားမကျသေးတော့ အလွန်နုနယ်သေးတဲ့အချိန်မှာ လုံးဝဖျက်၊ အသစ်ရေးဆိုတော့ တော်တော်အန္တရာယ်များတယ်လို့ ထင်တယ်။ အဲဒီတော့ ဆရာတို့ကျတော့ ဥပဒေပညာရှင်အနေနဲ့ ဥပဒေရှုထောင့်က ဘယ်လိုမျိုး ဆိုးကျိုးတွေပေါ်နိုင်မလဲ။ ဒါလေးကို ဆရာတို့က ဆက်ဆွေးနွေးပေးစေ ချင်ပါတယ်။

ဦးသန်းအောင်။ ဆရာဦးကျော်ဝင်းက ကျွန်တော့်ကို ဆွေးနွေးဖို့ တိုက်တွန်း လာတဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ရေးကြမလား၊ ပြင်ကြမလားဆိုတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး ကျွန်တော်သိထားသမျှလေးကို ဗဟုသုတနဲ့ ဥပဒေရှုထောင့်ကနေပြီး ရှင်းပြချင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဆရာဦးကျော်ဝင်း ပြောသွားတဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုတဲ့အခန်း၊ အခန်း ၁၂ မှာ ပါပါတယ်။ ပုဒ်မ ၄၃၃ ကနေပြီးတော့ ပုဒ်မ ၄၃၆ အထိ ရှိပါတယ်။ အခုပြောနေကြတာက ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အသစ်ရေးကြမလား၊ ပြန်ပြင်မလားပြောနေကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အသစ်ပြန်ရေးဖို့ဆိုတဲ့ ပြဋ္ဌာန်းချက် မပါရှိပါဘူး။ ပြင်ဆင်ဖို့ ပြဋ္ဌာန်းချက်ပဲ ပါပါတယ်။

အသစ်ရေးကြမယ်ဆိုရင်လည်းပဲ အကြောင်းတရား(၃)ရပ်အပေါ်မှာ အခြေခံပြီးတော့မှပဲ ဖွဲ့စည်းပုံအသစ်ရေးလေ့ရေးထ ရှိပါတယ်။ ပထမ အကြောင်းတရားကဘာလဲဆိုတော့နိုင်ငံတစ်နိုင်ငံကိုတပ်မတော်က အာဏာသိမ်းလိုက်တယ်။ နောက်လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်တယ်။ အဲဒီအခါမျိုးမှာ အသစ်ရေးရတော့တာ။ ဒုတိယအကြောင်းတရားကတော့ လက်ရှိအစိုးရကိုပြည်သူတွေက မကြိုက်ကြတော့ဘူးဆိုရင် ဆူပူအုံကြွမှုတွေ ဖြစ်လာတယ်။ အစိုးရကိုဖြုတ်ချတယ်။ ကြားဖြတ်အဖွဲ့အစည်းတစ်ခုက အုပ်ချုပ်ရတယ်။ အဲဒီမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးကြရပါတယ်။ နောက်ဆုံးတစ်ခုကတော့ ပြည်သူတွေက လက်ရှိရှိနေတဲ့ စနစ်၊ နိုင်ငံရဲ့အသွင်သဏ္ဌာန်ကို ပြောင်းချင်တယ်။ ငြီးငွေ့လာကြပြီ။ စနစ်ဟောင်း ကနေ စနစ်သစ် တစ်ခုကို ပြောင်းချင်ပြီ။ ပြည်သူ တွေရဲ့ တညီတညွတ်တည်းသောဆန္ဒနဲ့ပေါ့လေ။အေးချမ်းတည်ငြိမ်စွာနဲ့ ပြောင်းချင်လာတဲ့အခါကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်ရေးပြီး ပြောင်းကြတယ်။

ဒီအကြောင်းတရား (၃)ရပ်ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ ပြန်ကြည့်ရင်တောင် သာဓကအနေနဲ့ တွေ့နိုင်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံ အသစ်ကို ရေးကြမယ်။ ပြင်ကြမယ်။ အသစ်ရေးရင် ဘာတွေလိုအပ်ချက်တွေနဲ့ စိန်ခေါ်မှုတွေရှိနိုင်သလဲ။ ပြင်ဆင်ရင် ဘာလိုအပ်ချက်တွေ ရှိမလဲ။ စိန်ခေါ်မှုတွေရှိမလဲ။ ဘယ်လိုအကျိုးအပြစ်တွေ ရနိုင်မလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ ဆက်ပြီးတော့ ဆွေးနွေးပါမယ်။

အသစ်ရေးတော့မယ်ဆိုရင် ဘာလိုအပ်လာလဲဆိုတော့ ပြန်လည်ပြုပြင်ရေး၊ ပြောင်းလဲရေးအတွက် အဲ့ဒီကာလအတွင်းမှာ ပြည်သူတွေရဲ့ အများသဘောဆန္ဒကိုရယူဖို့ လိုအပ်လာတယ်။ တကယ်လို့များ အများသဘော တူညီမှုမရဘူးဆိုရင် နိုင်ငံမတည်မငြိမ်မှုတွေ ဖြစ်လာမယ်၊ ကာလတွေ ရှည်ကြာတတ်ပါတယ်။ ဥပမာအားဖြင့် ကင်ညာနိုင်ငံကို ကြည့်လိုက်မယ် ဆိုရင် ကင်ညာနိုင်ငံမှာ ၁၉၉၇ ခုနှစ်ကနေပြီးတော့ ၂၀၁၀ခုနှစ်အထိ အဖြစ်ဆိုးနဲ့ ကြုံခဲ့ပါတယ်။ နောက်ဆုံး ၂၀၀၈ ခုနှစ်မှာ သူတို့နိုင်ငံမှာ အကြမ်းဖက်မှုတွေ ပေါ်ခဲ့တဲ့ နမူနာလေးရှိပါတယ်။

နောက်တစ်ခါ အသစ်ရေးတော့မယ်ဆိုရင် အသွင်ကူးပြောင်းရေး ကာလတစ်ခု လိုပါတယ်။ အဲ့ဒီအသွင်ကူးပြောင်းရေးကာလကလည်း ပဋိပက္ခနည်းရင် မြန်ပေမယ့် ပဋိပက္ခများရင် ကြာတတ်ပါတယ်။ နောက်တစ်ခုက အသွင်ကူးပြောင်းရေးကာလအတွင်းမှာ တရားမျှတမှုနဲ့ ပြန်လည်ရင်ကြားစေ့ရေးအတွက် လုပ်ငန်းစဉ်တွေ လိုအပ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးတဲ့အခါမှာလည်း ဘက်လိုက်မှုကင်းကင်းနဲ့ မျှမျှတတလုပ်ဖို့ လိုပါတယ်။ အဲ့ဒီလိုမှမလုပ်ဘူးဆိုရင် ကျွန်တော်တို့ အောင်မြင်မှုမရနိုင်ပါဘူး။

နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်တတ်ပါတယ်။ ဥပမာအားဖြင့် လက်ရှိ ဖြစ်ပေါ်နေတဲ့ အီဂျစ်နိုင်ငံကိုကြည့်ရင် အဲ့ဒီပုံစံပါပဲ။ နောက်တစ်ခုက ဘက်စုံ ပြီးပြည့်စုံတဲ့ပါဝင်မှုမျိုး လိုပါတယ်။ ပြည်သူတွေရဲ့ လိုလားထောက်ခံမှုမျိုးလိုပါတယ်။ နောက်တစ်ခါ ကျွမ်းကျင်ပညာရှင်တွေရဲ့ အထောက်အကူတွေ လိုပါတယ်။ ဒါဟာ လိုအပ်ချက်တွေနဲ့ စိန်ခေါ်မှုတွေပါ။

အသစ်ရေးမယ်ဆိုရင် အကျိုးထက် အပြစ်က များပါတယ်။ အကျိုးကတော့ သိသာတဲ့ ပြောင်းလဲမှုဖြစ်ပေါ်မယ်။ နောက်တစ်ခါ အဲ့ဒီလို ရေးတဲ့အခါ ပြည်သူတွေရဲ့ လိုအင်ဆန္ဒနဲ့ ကိုက်ညီအောင် ဆောင်ရွက်နိုင်ရင် ပြည်သူတွေရဲ့ ထောက်ခံမှု၊ လိုလားမှုအပြည့်အဝရရှိမယ်။ နောက်တစ်ခါ ပြောင်းလဲနေတဲ့ ခေတ်အခြေအနေနဲ့ ထင်ဟပ်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်။

ဒါပေမယ့် အပြစ်ပြန်ကြည့်လိုက်တဲ့အခါ အကျိုးစီးပွား၊ အတွေးအခေါ်၊ လူမှုစီးပွားတွေ ကွာဟချက်ကြီးမားတဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်နေတဲ့အခါကျတော့ အဲ့ဒီမှာ မတည်ငြိမ်မှုတွေ ဖြစ်လာနိုင်တယ်။ ဒါ့ထက်ဆိုးတာက နိုင်ငံရေး မတည်ငြိမ်မှုတွေ၊ အကြမ်းဖက်မှုတွေ ဖြစ်လာနိုင်တယ်။

အဲဒီအခါကျတော့ စစ်ဘက်ကနေပြီး ဝင်ရောက်စွက်ဖက်ရတဲ့ကိစ္စမျိုးတွေ ပေါ်လာတတ်ပါတယ်။ နောက်တစ်ခါ ငွေကုန်ကြေးကျတွေ များလာမယ်။ အချိန်ကာလတွေ ကြာလာမယ်။ အဲ့ဒီလိုကြာလာတာနဲ့အမျှ ကျွမ်းကျင်မှုလိုအပ်ချက်တွေလည်း လိုလာမယ်။ ဒါ့ထက်ဆိုးတာက အသွင်ကူးပြောင်းတဲ့ ကာလအတွင်းမှာ ဖြစ်ပေါ်လာမယ့် အခက်အခဲတွေအများကြီး ကြုံတွေ့နိုင်ပါတယ်။

ဒါက အသစ်ရေးရင်တွေ့ရမယ့် ဆိုးကျိုး၊ အပြစ်တွေ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ကြမယ်ဆိုရင်ကော။ ဒါကတော့ အခုလက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ကျွန်တော်တို့ အခန်း (၁၂) မှာပါတဲ့ ပြင်ဆင်တဲ့နေရာမှာ လိုက်နာရတဲ့ သတ်မှတ်ထားတဲ့ အချက်တွေကို လိုက်နာဖို့လိုသလို အဲ့ဒီမှာ သတ်မှတ်ထားတဲ့ ဆန္ဒမဲအရေ

အချပ်ပို(ဆ)သို့

> “ အသစ်ရေးမယ်ဆိုရင် အကျိုးထက် အပြစ်က များပါတယ်။ အကျိုးကတော့ သိသာတဲ့ ပြောင်းလဲမှုဖြစ်ပေါ်မယ်။ နောက်တစ်ခါ အဲ့ဒီလို ရေးတဲ့အခါ ပြည်သူတွေရဲ့ လိုအင်ဆန္ဒနဲ့ ကိုက်ညီအောင် ဆောင်ရွက်နိုင်ရင် ပြည်သူတွေရဲ့ ထောက်ခံမှု၊ လိုလားမှု အပြည့်အဝရရှိမယ်။ နောက်တစ်ခါ ပြောင်းလဲနေတဲ့ ခေတ်အခြေအနေနဲ့ ထင်ဟပ်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်။
>
> ဒါပေမယ့် အပြစ်ပြန်ကြည့်လိုက်တဲ့အခါ အကျိုးစီးပွား၊ အတွေးအခေါ်၊ လူမှုစီးပွားတွေ ကွာဟချက်ကြီးမားတဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်နေတဲ့အခါကျတော့အဲ့ဒီမှာ မတည်ငြိမ်မှုတွေ ဖြစ်လာနိုင်တယ်။ ဒါ့ထက်ဆိုးတာက နိုင်ငံရေး မတည်ငြိမ်မှုတွေ၊ အကြမ်းဖက်မှုတွေ ဖြစ်လာနိုင်တယ်။ ”

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေစကားဝိုင်း

အချပ်ပို(စ)မှ

အတွက် ထောက်ခံဆန္ဒမဲရဖို့ လိုအပ်မှာဖြစ်ပါတယ်။

နောက်တစ်ခါ လွှတ်တော်အတွင်းမှာ အချင်းချင်းသဘောတူညီမှု ရအောင်သဘောထားကြီးကြီးနဲ့ စိတ်ရှည်ရှည်နဲ့ထားပြီး စည်းရုံးရမယ့်၊ ညှိနှိုင်းရမယ့် နိုင်ငံရေးရင့်ကျက်မှုလေးတွေလည်း လိုပါတယ်။ ဘဏ္ဍာငွေ လိုအပ်ချက်ရှိမယ်။ ကျွမ်းကျင်မှုအထောက်အကူတွေ လိုအပ်တာတွေ ရှိမယ်။ ဒါတွေက လိုအပ်ချက်တွေနဲ့ စိန်ခေါ်မှုတွေပါ။ အဲ့ဒီတော့ ပြင်ဆင်တဲ့နေရာမှာတော့ အကျိုးနဲ့အပြစ် ပြန်ကြည့်လိုက်တဲ့အခါကျတော့ သူက အပြစ်ကနည်းပါတယ်။ အကျိုးရှိတာ များပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့အခါကျတော့ အချိန်တိုအတွင်းမှာ ပြင်ဆင်တာကတော့ ပြီးသွားနိုင်မယ်။ ဒါဟာ လွှတ်တော်တွင်းကိစ္စဖြစ်နေတာမို့ ပြင်ဆင်တာအချိန်တိုအတွင်းမှာ ပြီးသွားနိုင်တယ်။ အသစ်ရေးတဲ့နေရာမှာကြုံတွေ့ရမယ့် အကြမ်းဖက်မှုတွေ၊ နိုင်ငံရေးမတည်ငြိမ်မှုတွေလည်း မတွေ့နိုင်ဖို့ ပိုပြီးတော့ များပါတယ်။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားနိုင်တဲ့ အနေအထားတွေနဲ့လည်း ကြုံနိုင်ပါတယ်။

နောက်တစ်ခါ ပြင်ဆင်ဖို့အတွက်ဆိုရင်လည်း ပုဒ်မတစ်ခုချင်း အလိုက်ပဲဖြစ်စေ၊ အခန်း တစ်ခန်းချင်းစီအလိုက်ပင်ဖြစ်စေ၊ အချင်းချင်းပြေလည်အောင်ညှိနှိုင်းပြီး အပေးအယူသဘောနဲ့ ညှိနှိုင်းကြရင် လွယ်လွယ်ကူကူနဲ့ ပြင်ဆင်တဲ့နေရာမှာ ဆောင်ရွက်လို့လွယ်သွားနိုင်တဲ့ အနေအထားတွေ ရှိပါတယ်။ ဒါကြောင့်အသစ်ရေးမလား၊ ပြင်ဆင်မလားဆိုတာနဲ့ပတ်သက်ရင် ပြည်သူတွေကို သိစေချင်တာက အသစ်ရေးတယ်ဆိုတာက ဆရာဦးကျော်ဝင်း ပြောသွားသလို၊ဆရာဒေါက်တာအင်ဒရူးပြော သွားသလိုအန္တရာယ်ကြီးတဲ့အလုပ်တစ်ခုပဲ ဖြစ်ပါတယ်။

ပြင်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ဥပဒေကပြဋ္ဌာန်းပေးထားတဲ့ ပြင်ဆင်ရာမှာ လိုက်နာရမယ့် အချက်ကလေးတွေရရှိအောင် ညှိနှိုင်းပြီး၊ ဆွေးနွေးပြီး နိုင်ငံရေးရင့်ကျက်မှုနဲ့ လုပ်သွားကြမယ်ဆိုရင် ကောင်းသွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ရင်းနဲ့ပဲ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာ တဖြည်းဖြည်းနဲ့ အားနည်းချက်တွေမရှိတော့ဘဲ အားသာချက်တွေနဲ့ ပြည့်စုံသွားနိုင်တဲ့ အနေအထားမျိုး ရှိနိုင်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ပြင်ဆင်တာနဲ့ပတ်သက်ပြီးတော့ ဆရာ ဦးကျော်ဝင်း ခုနက ပြောသွားသလို အသစ်ရေးမလား၊ ပြင်ဆင်မလားဆိုတဲ့အပိုင်းလေးကို ဥပဒေရှုထောင့်မှ အမြင်လေးကို တင်ပြဆွေးနွေးတာပါ။ အားလုံးလည်း ဆွေးနွေးပြီးပြီဆိုတော့ ဆက်ပြီးတော့ ဆရာ ဦးသောင်းညွှန့်ကို ထပ်မံဆွေးနွေးဖို့များရှိသေးလား၊ ရှိသေးတယ်ဆိုရင် ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဦးသောင်းညွှန့်။ တက်ရောက်လာတဲ့ ပုဂ္ဂိုလ်ကြီးများက ကိုယ်တွေ့ကြုံလာခဲ့တဲ့ အတွေ့အကြုံလေးတွေအပေါ်မှာ အခြေခံပြီးတော့မှ ဆွေးနွေးသွားတာဟာ နိုင်ငံတော်အတွက် အကျိုးဖြစ်စေမယ့်အခြေအနေကို ဖန်တီးနိုင်အောင် ဆွေးနွေးသွားတာဖြစ်တဲ့အတွက်ကြောင့် အင်မတန်မှ ကောင်းမွန်ပါတယ်။ စောစောက ဦးကျော်ဝင်း ဆွေးနွေးသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်ရဲ့အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး လွှတ်တော်တွေမှာ ၂၅ ရာခိုင်နှုန်း ပါဝင်သင့်တယ်ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားတာ ကောင်းပါတယ်။

၂၅ ရာခိုင်နှုန်း ပါဝင်မှုနဲ့ပတ်သက်ပြီး အမျိုးသားညီလာခံ ကျင်းပစဉ် ကတည်းက ဒီအချက်နဲ့ပတ်သက်လို့ လေးလေးနက်နက် စဉ်းစားခဲ့ကြပါတယ်။ စဉ်းစားတဲ့အခါမှာ အချက်နှစ်ချက်အခြေခံပြီး စဉ်းစားခဲ့ကြပါတယ်။ နံပါတ်တစ်အချက်က ကျွန်တော်တို့နိုင်ငံရဲ့ ယနေ့ရှိနေတဲ့ အခြေအနေအရပ်ရပ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ လွှတ်တော်ဖွဲ့စည်းမှု၊ အုပ်ချုပ်ရေးအပိုင်းမှာတပ်မတော်ပါဝင်သင့်တယ်လို့ တော်တော်လေးလေးနက်နက်စဉ်းစားပြီးတော့မှ အခြေခံမှုတစ်ရပ်အနေနဲ့ ချမှတ်ခဲ့တယ်ဆိုတာကို ပြောလိုပါတယ်။

ဖွဲ့စည်းပြီး တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းပြီးတော့ လက်ရှိအခြေအနေအထိ ရောက်လာတဲ့ ဒီတပ်မတော်ဟာ နိုင်ငံမှာပေါ်ပေါက်လာတဲ့ အခက်အခဲတွေ၊ ပြည်တွင်း၊ ပြည်ပပြဿနာတွေအပေါ်မှာ ဖြေရှင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တပ်မတော်မှာ တိုင်းရင်းသားတွေအားလုံး တူညီစွာပါဝင်ဖွဲ့စည်းထားပါတယ်။

တိုင်းရင်းသားတွေအားလုံး ဖွဲ့စည်းထားတဲ့ တပ်မတော်ကြီးဟာ နိုင်ငံတော်ကို တကယ့်အရေးကြုံလာတဲ့အခါတိုင်းမှာ ကာကွယ်ခဲ့တဲ့ အစဉ်အလာ ကြီးမားတဲ့ တပ်မတော်ကြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအခြေအနေတွေကို လျစ်လျူမရှုသင့်ဘူးဆိုပြီးတော့ ဆွေးနွေးကြပြီးတော့မှ ဒီအချက်နှစ်ချက်ပေါ်မှာ အခြေခံပြီး အခြေခံ

နောက်တစ်ချက်ကတော့ တပ်မတော်ဆိုတဲ့ အင်စတီကျူးရှင်းကြီးဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးသမိုင်းမှာ အင်မတန်အစဉ်အလာကြီးမားတဲ့ တပ်မတော်ဖြစ်ပါတယ်။ ဒီတပ်မတော်ကို စတင်တည်ထောင်ခဲ့တာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်

မူတွေချတဲ့အခါ တပ်မတော်ပါဝင်ရမည်လို့ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ်တွေ ပါနေတယ်။ ပါနေတဲ့ ကိုယ်စားလှယ်တွေဟာ ဒီမိုကရေစီနိုင်ငံ ထူထောင်တဲ့အခါမှာ၊ ဒီမိုကရေစီ ကျင့်စဉ်ကို ဖော်ဆောင်နေတဲ့အခါမှာ တပ်မတော်ကိုယ်စားလှယ်တွေက ကပျက်ကယက်လုပ်ခဲ့ခြင်း ရှိခဲ့သလား။ အခုထိမရှိခဲ့ပါဘူး။ သူတို့ဟာလည်း လက်ရှိအခြေအနေမှာ တပ်မတော်သည် ဒီမိုကရေစီကို လိုလားသော တပ်မတော်လို့ မြင်ပါတယ်။

“ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လွှတ်တော် အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ်တွေ ပါနေတယ်။ ပါနေတဲ့ ကိုယ်စားလှယ်တွေဟာ ဒီမိုကရေစီနိုင်ငံ ထူထောင်တဲ့အခါမှာ၊ ဒီမို ကရေစီကျင့်စဉ်ကို ဖော်ဆောင်နေတဲ့အခါမှာ တပ်မတော်ကိုယ်စား လှယ်တွေက ကပျက်ကယက်လုပ်ခဲ့ခြင်း ရှိခဲ့သလား။ အခုထိမရှိခဲ့ပါဘူး။ သူတို့ဟာလည်း လက်ရှိအခြေအနေမှာ တပ်မတော်သည် ဒီမိုက ရေစီကို လိုလားသော တပ်မတော်လို့ မြင်ပါတယ်။

တပ်မတော်ပါဝင်မှုနဲ့ပတ်သက်လို့ အခြေခံဥပဒေမှာသုံးထားတဲ့ အသုံးအနှုန်းစကားအသုံးအနှုန်းကလည်း ၂၅ ရာခိုင်နှုန်းအထိဆိုပြီး တော့ တဖြည်းဖြည်းချင်း လျှော့ချသွားလို့ရအောင်၊ သို့သော် စဉ်းစားဖို့က အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိပါတယ်။ လက်ရှိ အခြေအနေနဲ့ လက်ရှိအချိန်အခါမှာတော့ တပ်မတော်ရဲ့ ပါဝင်ပတ်သက်မှုရှိနေသေးသင့်တယ်လို့ ပြောလိုပါတယ်။ ”

ဒါဟာ အချက်တစ်ချက်ပါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင်လည်း ဒီမိုကရေစီ လိုလားပြီးတော့ တဖြည်းဖြည်းဖြေလျှော့ဖို့ ပြောဆိုခဲ့တဲ့ အချက်တွေလည်း ရှိပါတယ်။ တပ်မတော်ပါဝင်မှုနဲ့ပတ်သက်လို့ အခြေခံဥပဒေမှာ သုံးထားတဲ့အသုံးအနှုန်း စကားအသုံးအနှုန်းကလည်း ၂၅ ရာခိုင်နှုန်းအထိဆိုပြီးတော့ တဖြည်းဖြည်းချင်း လျှော့ချသွားလို့ရအောင်၊ သို့သော် စဉ်းစားဖို့က အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိပါတယ်။ လက်ရှိအခြေအနေနဲ့ လက်ရှိအချိန်အခါမှာတော့ တပ်မတော်ရဲ့ ပါဝင်ပတ်သက်မှု ရှိနေသေးသင့်တယ်လို့ ပြောလိုပါတယ်။

နောက်တစ်ခုက ဒေါက်တာတူးဂျာ ဆွေးနွေးသွားတဲ့ ကိစ္စလေးတွေ၊ နောက် ဒေါက်တာအင်ဒရူး ဆွေးနွေးသွားတဲ့ ကိစ္စလေးတွေ၊ Self Determination ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာကလည်း ဥပဒေဆိုတာဟာ အခြေခံ ဥပဒေရော၊ တည်ဆဲဥပဒေရော အားလုံးဟာ it is the living law အမြဲတမ်း ရှင်သန်နေရမယ်။ အခြေအနေနဲ့ အချိန်အခါပေါ်မှာ မူတည်ပြီးတော့ ပြင်သင့်ရင်လည်း ပြင်ရမယ်။ ဖြည့်စွက်သင့်ရင်လည်း ဖြည့်စွက်ရမယ်။ ဒါတွေဟာ အားလုံးတိုင်တိုင်ပင်ပင်၊ ညှိညှိနှိုင်းနှိုင်း ဆွေးနွေးပြီးတော့ သဘောတူညီချက်နဲ့ လုပ်လို့ရှိရင် ပြင်လို့လည်းရတယ်။ ဖြုတ်လို့လည်း ရတယ်။ ဖျက်လို့လည်း ရတယ်။

ဒီတော့ ခုနက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ပတ်သက်လို့ ၂၀၀၈ အခြေခံဥပဒေမှာ ဥပဒေပြုစာရင်း၊ ဥပဒေပြုဇယားဆိုပြီးတော့ ဖော်ပြထားတာလည်း ပါပါတယ်။ ပြည်ထောင်စုဥပဒေပြုစာရင်း၊ တိုင်းဒေသကြီးနဲ့ပြည်နယ် ဥပဒေပြု စာရင်း၊ နောက်ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေပြုစာရင်း။ ဒါတစ်ပိုင်း၊ နောက်တစ်ပိုင်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ ရပိုင်ခွင့်ရှိသောသယံဇာတနဲ့ပတ်သက်တဲ့ အခွန်အကောက်တွေ၊ လုပ်ပိုင်ခွင့်တွေ၊ ဒါတွေဇယား တစ်ခုပါပါတယ်။

ဒီတော့ ဒါတွေဟာ အားလုံးညှိညှိနှိုင်းနှိုင်းနဲ့ ဘယ်ကိစ္စဖြင့် ဗဟိုက ပြဋ္ဌာန်းတဲ့ဥပဒေဟာ တိုင်းဒေသကြီးအတွက် လုပ်လို့ ကိုင်လို့မရဘဲဖြစ်နေတယ်။ ဥပမာ-စောစောက ပြောသွားတဲ့ ကျောက်မျက်ကိစ္စ၊ ကျောက်မျက်ကိစ္စဆိုလို့ ရှိရင် လုပ်လို့မရဘူး။ ကိုင်လို့မရဘဲဖြစ်နေတယ် စသည်ဖြင့် အဲဒီလိုဖြစ်နေလို့ရှိရင် ဒါလေးတွေကတော့ အားလုံးညီညီညာညာနဲ့ သဘောထားကြီးစွာနဲ့ပေါ့လေ။ အရေးအကြီးဆုံးကတော့ သဘောထားကြီးဖို့ အရေးကြီးပါတယ်။ သဘောထားကြီးစွာနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ လုပ်လိုက်ရင် သိပ်ခဲယဉ်းတဲ့ ကိစ္စမဟုတ်ဘူးလို့ ကျွန်တော့်အတွေ့အကြုံအရ အဲဒီလို မြင်ပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်တော့ ရှိသင့်တယ်။ အဲဒီလိုရှိဖို့အတွက် သူတို့မှာ သူတို့ဒေသမှာရှိတဲ့ Resources တွေနဲ့ပတ်သက်လို့ သူတို့ရပိုင်ခွင့်ကလေးကိုလည်းပဲ အားလုံးညှိနှိုင်းပြီးတော့ အတိုင်းအတာတစ်ရပ်အထိ ဘယ်လောက် ဘယ်မျှ ယူမယ်ဆိုတာလေးတွေ ဆွေးနွေးလိုက်လို့ရှိရင် ဒါတွေဟာ မဖြစ်နိုင်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော်တော့ မြင်ပါတယ်။

အချပ်ပို(ဈ)သို့

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေစကားဝိုင်း

အချုပ်ပို(ဆ)မှ

တိုတိုပြောရရင် လိုတိုး ပိုလျှော့ပေါ့လေ။ အဲဒီလို လိုတိုးပိုလျှော့လုပ်ခြင်းအားဖြင့် အခြေခံဥပဒေကြီး တစ်ရပ်လုံးအသစ်ဆွဲကြစို့ဆို တဲ့အမြင်ထက် လိုတဲ့အပိုင်းလေးတွေကိုပဲ စိတ်ရှည်လက်ရှည် သဘောထားကြီးစွာနဲ့ ပြင်ဆင် သွားကြစို့ဆိုလို့ရှိရင် နိုင်ငံတော်အတွက် လည်း အကျိုးရှိမယ်။ ပြည်သူတွေအတွက်လည်း အကျိုးရှိမယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ၊ အထူးသဖြင့် ပြည်နယ် တွေပေ့ါလေ၊ ပြည်နယ် တွေအတွက် သူတို့လိုလားတဲ့ လိုလားချက်တွေရယ် ပြည့်စုံလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ အဲဒီလို သုံးသပ်ရရှိပါတယ်။ ဒါလောက်ပါပဲ။

ဦးသန်းအောင်။ ဟုတ်ကဲ့ပါခင်ဗျာ၊ ဆရာ ဖြည့်စွက်ဆွေးနွေးသွားတဲ့ အတွက်လည်း ကျေးဇူး တင်ပါတယ်။ ဆရာဒေါက်တာမနန်တူးဂျာအနေနဲ့ ရော ဘာများဖြည့်စွက်ဆွေးနွေးချင်တာလေးတွေ ရှိဦးမလဲ ခင်ဗျ။

ဒေါက်တာမနန်တူးဂျာ။ ကျွန်တော် နည်းနည်း ဖြည့်စွက်ဆွေးနွေးချင်တာက တိုင်းရင်းသားအခွင့် အရေးမှာ ယခင်ပြဋ္ဌာန်းခဲ့တဲ့၊ သုံးစွဲခဲ့တဲ့ အခြေခံ ဥပဒေများမှာမပါတဲ့ တိုင်းရင်းသား အခွင့်အရေး တစ်ရပ်လို့ ဆိုလို့ရတဲ့ အချက်တစ်ခု ဒီလက်ရှိ အခြေခံဥပဒေမှာပါနေတယ်။ အဲဒါဘာလဲဆို တိုင်းရင်းသားရေးရာဝန်ကြီး ခန့်အပ်နိုင်တဲ့အချက် တစ်ခု ဖြစ်ပါတယ်။ ဒါလည်း ထူးခြားတဲ့တိုင်းရင်း သား အခွင့်အရေးတစ်ရပ်လို့ မှတ်ယူလို့ ရပါ တယ်ဆိုတာကို ကျွန်တော်ဖြည့်စွက် ပြောကြား လိုပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့ပါခင်ဗျာ။ ဒေါက်တာ အင်ဒရူးအနေနဲ့ရောဘာများ ဖြည့်စွက်ဆွေးနွေး ချင်တာလေးတွေ ရှိသေးလဲခင်ဗျ။

ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်။ သဘာဝ သယံဇာတအရင်းအမြစ် ဝင်ငွေ ခွဲဝေရေး၊ နောက်ပြီးတော့ ကျေးလက်နဲ့ မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်တွေကို လျှော့ချနိုင်ရေးအတွက် ဒီသဘာဝတစ်ခုကိုပဲ မကြည့်ဘဲနဲ့ ထပ်ပြီးတော့ တစ်ဆင့်ကြည့်ဖို့က လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးပဲ ဖြစ်ပါတယ်။ ဒီကိစ္စမှာ လက်ရှိ ၂၀၀၈ အခြေခံဥပဒေမှာ ပညာရေးနဲ့ ကျန်းမာ ရေးနဲ့ ပတ်သက်တဲ့ဟာတွေ အများစုဟာ ပြည်ထောင်စုရဲ့ ဥပဒေပြုခွင့်၊ ဒါမှမဟုတ် လက်ရှိတည်ဆဲဥပဒေအရ ပြည်ထောင်စုအစိုးရ အဆင့်ကနေ ကိုင်တွယ်တဲ့ဟာတွေ များပါတယ်။ အဲဒီတော့ ကျွန်တော့် အမြင်မှာတော့ ကျွန်တော်တို့ ရဲ့ အနေအထားနဲ့ကိုက်ညီတဲ့ တိုင်းရင်းသားတွေ၊ ကျေးလက်မှာနေတဲ့လူတွေရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ထဲကလူတွေ တဖြည်းဖြည်းနဲ့ ဒီဟာကို အခုချိန်ကနေ ပြောင်းပြီးတော့ ဥပဒေပြုဇယား(၂) ထဲမှာပြောင်း၊ ဒါမှမဟုတ်လို့ရှိရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲ့ လုပ်ပိုင်ခွင့်ထဲမှာ တဖြည်းဖြည်း ပြန်ပြီး တော့ Incrementally ပေးသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒီလိုမလုပ် လို့ရှိရင် မြို့ပြနဲ့ကျေးလက်ဒေသက ဆင်းရဲချမ်းသာကွာဟမှု၊ နောက်ပြီးတော့ ဖွံ့ဖြိုးမှု ကွာဟမှုတွေကို တိုက်ဖျက် နိုင်မှာ မဟုတ်ပါဘူး။

ဒုတိယအချက်အနေနဲ့ ပြောချင်တာက ဇယား (၁)၊ ဇယား(၂)မှာ ဇယား (၂)ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့်ပိုပြီးတော့ ပေးသင့် တယ်လို့ ယူဆတဲ့အချက်တွေဖြစ်ပါတယ်။ အဲဒီလို မပေးခင်မှာလည်း ခုနက ဒီလိုပေးပြီးတော့ တကယ်တမ်းအလုပ်မလုပ်နိုင်တဲ့ဟာတွေကိုလည်း အလုပ်မဖြစ်အောင် အဟန့်အတားဖြစ်နေတဲ့ တည်ဆဲဥပဒေတွေကိုပါ တစ်ခါတည်း နှစ်ခုစလုံး အခြေခံဥပဒေလည်း ပြုပြင်ရင်း၊ လိုတိုးပိုလျှော့ လုပ်ရင်းနဲ့လည်း တစ်ဖက်မှာတည်ဆဲဥပဒေကို အနှောင့်အယှက်ပေးနေတဲ့ ဒီဥပဒေလေး တွေကို လည်း ပြုပြင်ရင်း၊ နောက်ပြီးတော့ ဇယား(၅) မှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကောက်ခံနိုင်တဲ့ အခွန်အတုတ်တွေကိုလည်း သူတို့ ဘဏ္ဍာငွေ ပိုပြီးတော့တိုးလာအောင် နည်း နည်းပြန်တိုးပေးဖို့တော့ လိုပါတယ်လို့ ယူဆပါ တယ်။ အဲဒီလို တဖြည်းဖြည်းနဲ့သွားတယ်ဆိုလို့ ရှိရင် ၂၀၀၈ အခြေခံဥပဒေကနေ ကျွန်တော်တို့ကို ခင်းပေးထားတဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ ဆက်ပြီးတော့ လမ်းကြောင်းမှန် လျှောက်နိုင် မယ်လို့ ထင်ပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ဒီလမ်း ကြောင်းကိုဖြတ်တောက်ပြီးတော့ နောက်လမ်း ကြောင်း အသစ်တစ်ခု ထွင်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့မှာ တော်တော်ကြီးမားတဲ့ ပြဿနာ တို့၊ စိန်ခေါ်မှုတို့၊ အခက်အခဲတို့ ကြုံတွေ့ရလိမ့် မယ်လို့ယူဆပါတယ်။

ဦးသန်းအောင်။ ဆရာဖြည့်စွက်ဆွေးနွေးသွား တာလည်း ကောင်းပါ တယ် ခင်ဗျ။ ဆက်ပြီးတော့ ဆရာဦးကျော်ဝင်း ဘာများဆွေးနွေးချင်တာ လေးများ ရှိသေးလဲခင်ဗျ။

ဦးကျော်ဝင်း။ ကျွန်တော်တို့ နားလည် သလောက်ဆိုရင်ပေ့ါ။ အခြေခံ ဥပဒေတစ်ခု နဲ့ပတ်သက်ရင် လက်တွေ့အလုပ်လုပ်ကြည့်ရင်းနဲ့ ရှေ့ဆက်ဖို့ အဟန့်အတားဖြစ်နေတယ်၊ အခက် အခဲရှိနေတယ်ဆိုတာမျိုးတွေ တွေ့ရင်တော့ ညှိနှိုင်းပြင်ဆင်သင့်ပါတယ်။ ကျွန်တော်ဉာဏ်မီ သလောက် စဉ်းစားကြည့်တော့ သွားနေတဲ့ အပြောင်းအလဲက သုံးပွင့်ဆိုင်ပေ့ါ၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ပေ့ါ။ ငြိမ်းချမ်းရေးဖြစ်စဉ် ရှေ့ဆက်ဖို့ဆိုရင်တော့ ဆရာဒေါက်တာတူးဂျာတို့၊ ဒေါက်တာအင်ဒရူးတို့ ပြောတဲ့ထဲလည်း ပါပြီးပါပြီ။ ပြည်နယ်နဲ့ ဗဟိုအစိုးရအကြား Power Sharing တို့၊ Resourse Sharing တို့ ဒါလေးတွေကိုတော့ အကျေအလည်ညှိပြီးတော့ သဘောထားကြီးကြီးနဲ့ ညှိနှိုင်းကြရင် ပိုပြီးအဆင်ချောမယ်ထင်ပါတယ်။

တပ်ကိစ္စကျတော့ ဒီနေ့သွားနေတဲ့အပြောင်း အလဲကို ကတိမ်းကပါးဖြစ်စေတဲ့ အဟန့် အတားဖြစ်စေတဲ့ အပြုအမူတွေ ကျွန်တော်လည်း အခုထိတော့ မတွေ့ဘူး။ အထူးသဖြင့် ကျွန်တော် သတိပြုမိတာက ဒါလည်း လွှတ်တော်ထဲ ရောက် ပြီးမှပါ။ တပ်က တပ်ရဲ့ရပ်တည်မှုက ဘယ်နိုင်ငံ ရေးပါတီတစ်ခုနဲ့မှ သိပ်မပတ်သက်ဘူး။ သူ့မူနဲ့သူ သွားနေသလိုပဲ။ အဲဒါလည်း လွတ်လပ်တဲ့ Professional Institution ဖြစ်ဖို့ အတွက်ကျ အလားအလာကောင်း တစ်ခုလို့မြင်ပါတယ်။ ချုပ်လိုက်ရင်တော့လောလောဆယ် တပ်ကိစ္စ ၂၅ရာခိုင်နှုန်းကိစ္စက အဆောတလျင် ကိုင်စရာ လည်း မလိုသေးဘူး။ ကိုင်လည်း မကိုင်သင့်ဘူးလို့ ထင်ပါတယ်။ အကုန်လုံးချုပ် လိုက်ရင်တော့ ဒါတော့ ကျွန်တော်တစ်ဦးချင်းနဲ့ပဲ ဆိုင်ပါတယ်။ ကျွန်တော်တို့ တစ်သက်တာ အတွက်တော့ အခုကြုံနေတဲ့ အပြောင်းအလဲလို စိတ်ကူးတွေနဲ့ မျှော်လင့်လို့ရတာမျိုးကို ပွင့်ပွင့်လင်းလင်း ပြော ရရင် ကျွန်တော်တစ်ခါမှ မကြုံဖူးဘူး။ အဲဒီ တော့ ဒီဟာလေးကိုတော့ တန်ဖိုးထားစေချင် ပါတယ်။ အထူးသဖြင့် ဒီအပြောင်းအလဲကို ကတိမ်းကပါး မဖြစ်စေချင်ဘူး။ ဘာကိုပဲ ဆုံးဖြတ် ဆုံးဖြတ်၊ လက်ရှိအပြောင်းအလဲကို ကတိမ်း ကပါး မဖြစ်စေဖို့ဆိုတဲ့ဟာလေးကို သတိချပ် ထားရင် ပိုကောင်းမယ်ထင်ပါတယ်။

နောက်ဆုံးကျွန်တော်ဖတ်ဖူးတဲ့ စာသားတစ်ခု ပါ။ ဒီမိုကရေစီအပြောင်းအလဲမှာ ပြဿနာများ နိုင်တဲ့၊ မသေချာမရေရာနိုင်တဲ့ကိစ္စတွေကို သိပ်အာရုံ မပြုမိပါစေနဲ့၊ ဒါတွေကမစပါနဲ့၊ အကျိုး ရလဒ်သေချာပေါက်ရနိုင်မယ့်ကိစ္စတွေ ကိုအာရုံ စိုက်ပါ။ ဒါကစတာ ပိုသင့်လျော်ပါတယ်ဆိုတဲ့ စကားပါ။ ကျွန်တော် အဲဒါလေးကိုလည်း ဖျတ်ခနဲ သတိရမိတယ်။ အဲဒီတော့ သဘောထားကြီးကြီးနဲ့ အမြော်အမြင်ကြီးကြီးနဲ့လုပ်ကြရင်တော့ ကျွန်တော် တို့ မျှော်လင့်သလို ဖြစ်မယ် ထင်ပါတယ်။

ဦးသန်းအောင်။ ဆွေးနွေးသွားတာတွေ ကြား လိုက်ရတဲ့အခါကျတော့ ဆရာတို့ဆွေးနွေးတဲ့ အပေါ်မှာ ဘာသွားထပ်ပြီး တွေ့လိုက်သလဲဆိုတော့ အားလုံးခြုံကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီနေ့ထိဆိုရင် သုံးခုရှိ သွားပါပြီ။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကလည်း သူ့အကြောင်းတရားနဲ့သူ လွတ်လပ်ရေးရရှိဖို့အတွက် ရေးဆွဲ ခဲ့တဲ့ဥပဒေပါ။ ၁၉၇၄ ခုနှစ် ဥပဒေကတော့ ကျွန်တော်တို့နိုင်ငံကို ဆိုရှယ်လစ် စနစ်နဲ့ ချီတက်မယ်ဆိုပြီးတော့ ရေးဆွဲ ခဲ့တဲ့ဥပဒေပါ။ အခု ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကတော့ လူတွေက ဆိုရှယ်လစ် စနစ်ကို မကြိုက်ကြတော့ဘူး။ လက်မခံကြတော့ဘူး။ ဒါကြောင့် ပါတီစုံဒီမိုကရေစီစနစ်နဲ့ သွားမယ် ဆိုပြီးတော့ ရေးဆွဲခဲ့ကြတာပါ။ ကျွန်တော်တို့ နိုင်ငံသမိုင်းကို ပြန်ကြည့်လိုက်တဲ့ အခါကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုစလုံးဟာ သူ့ အကြောင်း တရားနဲ့သူ ပြည်သူတွေကနေ ပြောင်းလဲ ချင်တဲ့စိတ်တွေပေါ်လာပြီး စနစ် တစ်ခုကနေတစ်ခုကို ပြောင်းချင်တဲ့ ဆန္ဒတွေ ပေါ်လာပြီးတော့ ပြောင်းလာတဲ့ အနေအထား၊ အသစ်ရေးလိုက်ရတဲ့အနေအထားမျိုး ဖြစ်ပါ တယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေဆိုရင် (၁၅) နှစ်လောက် လက်ခံကျင့်သုံး လိုက်ရပါတယ်။ (၇၄) ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုရင်လည်းပဲ (၁၄) နှစ်လောက် လက်ခံ ကျင့်သုံးလိုက်ရပါတယ်။ အခု ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေက သုံးနှစ်တောင်မပြည့်သေးပါဘူး။ အမှန်အတိုင်း ပြောရရင်တော့ ဒီမိုကရေစီလမ်း ကြောင်းပေါ်မှာစပြီးတော့ လျှောက်လှမ်း နေစ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေတဲ့ သုံးနှစ်မပြည့်သေးတဲ့ ကလေးတစ်ယောက်နဲ့တူ ပါတယ်။ သုံးနှစ်ဆိုတာဟာ လမ်းလျှောက်တတ်ခါစ အရွယ်ပါ။

အခုအချိန်မှာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်လိုက်ပြီး အသစ်ရေးလိုက်မယ်ဆိုရင် သုံးနှစ် သားလမ်းလျှောက်တတ်ခါစ ကလေးတစ်ယောက် ရဲ့ ခြေထောက်ကို ရိုက်ချိုးလိုက်သလိုများ တူသွား မလားလို့ စိုးရိမ်ပါတယ်။ စောစောကလည်း ဆရာတို့လည်း အဲဒါကို ပြောသွားပါတယ်။ ဖွဲ့စည်း ပုံ အခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ အဓိကက ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါတဲ့ ပြဋ္ဌာန်းချက် တွေနဲ့ ပတ်သက်ပြီးတော့ ဒီနေ့အထိ အပြည့်အဝ အနှစ်သာရပေါ်လွင်အောင် အကောင်အထည် မဖော်ရသေးဘူးလို့ပဲ ကျွန်တော် မြင်ပါတယ်။ အခုမှ လုပ်ကိုင်တုန်းအနေအထားပဲ ရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အကောင်အထည်ဖော် တဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာပါတဲ့အချက်တွေကို ပြည့်ပြည့်ဝဝနဲ့ အကောင်အထည်ဖော်မှုလည်း ဒီဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အနှစ်သာရဟာ ပေါ်လွင်ပါ တယ်။ နိုင်ငံနဲ့ပြည်သူအတွက်လည်း အကျိုးရှိ ပါတယ်။

အဓိကကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ကြတဲ့ အဖွဲ့ အစည်းတွေအနေနဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါတဲ့ ပြဋ္ဌာန်းချက်တွေကို အတိအကျ လိုက်နာ ပြီးတော့ ဆောင်ရွက်ဖို့လိုပါတယ်။ မဆန့်ကျင် မိဖို့လည်း လိုပါတယ်။ ဒါကတော့ နိုင်ငံတိုင်းကို ပြန်ကြည့်လိုက်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေအနေ အချိန်အခါအလျောက် လိုအပ်လာရင် ပြင်ရတာချည်းပါပဲ။ မပြင်ရတဲ့နိုင်ငံဆိုတာ မရှိပါဘူး။ ပြင်သင့်ရင်တော့ ပြင်ရမှာပါ။ အသစ်ရေးတယ် ဆိုတာဟာ အန္တရာယ်အလွန်ကြီးပါတယ်။ ပြင်ဆင်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံဟာ လက်ရှိလျှောက်လှမ်းနေတဲ့ ဒီမိုကရေစီလမ်း ကြောင်းပေါ်မှာ တည်တည်ငြိမ်ငြိမ်၊ အေးအေး ချမ်းချမ်းနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် သွားနိုင်မယ့် အနေအထားတွေ အများကြီး တွေ့ နေရပါတယ်။

အခုဆိုရင်လည်း ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး တော့ ဆရာတို့ဝိုင်းဝန်း ဆွေးနွေးခဲ့ကြတာဟာ တော်တော်လေးလည်း စုံသွားပါပြီ။ ပြည်သူတွေ အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက် ပြီးတော့ မသိသေးတာကိုလည်းသိ၊ ဗဟုသုတတွေ လည်း တိုးပွားရရှိကြမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုမအားလပ်တဲ့ကြားထဲက လာရောက်ပြီးတော့ ဆွေးနွေးပေးကြတဲ့ ဆရာဦးသောင်းညွှန့်၊ ဒေါက်တာမနန်တူးဂျာ၊ ဒေါက်တာအင်ဒရူးနဲ့ ဆရာဦးကျော်ဝင်းတို့ကို ကျေးဇူးအထူး တင်ရှိပါ ကြောင်း ပြောကြားလိုပါတယ်။ ။

“ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ကြတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေကို အတိအကျ လိုက်နာပြီးတော့ ဆောင်ရွက်ဖို့ လိုပါတယ်။ မဆန့်ကျင် မိဖို့လည်း လိုပါတယ်။ ဒါကတော့ နိုင်ငံတိုင်းကို ပြန်ကြည့်လိုက်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေအနေ အချိန်အခါအလျောက် လိုအပ်လာရင် ပြင်ရတာချည်းပါပဲ။ မပြင်ရတဲ့နိုင်ငံဆိုတာ မရှိပါဘူး။ ပြင်သင့်ရင်တော့ ပြင်ရမှာပါ။ ”